www.burmeseclassic.com

ရွှေအိမ်စည်စာပေ

BURMESE CLASSIC .com

# လေမျိုးသွင်

ကျွမ်းကျင်စွာပြုလုပ်ထားသော

## အလွမ်း

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ◆ [၅၀၀၅၆၈၀၅၀၅]

မျက်နှာဖုံးခွင့်ပြုချက်အမှတ် ◆ [၅၀၀၆၁၂၀၅၀၅]

မျက်နှာဖုံးပန်းချီ ◆ ပိပိ

မျက်နှာဖုံးဒီဇိုင်း ◆ မျိုးကျော်

အတွင်းဖလင် ◆ ပုံရိပ်ရှင်

ထုတ်ဝေသည့်ကာလ ◆ ၂၀၀၅ ခုနှစ်၊ ဇူလိုင်လ (ပထမအကြိမ်)

အုပ်ရေ ◆ ၁၀၀၀

ထုတ်ဝေသူ
ဦးသန်းဆွေ 'စစ်သည်တော်စာပေ'
အမှတ်-၁၁၃၁/က၊ ၁၉-ရပ်ကွက်၊ ဥယျာဉ်လမ်း
ဒဂုံမြို့သစ်၊ ရန်ကုန်မြို့။

အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်သူ
ဦးတင်အောင်ကျော် (၀၇၀၅၃)
'စွယ်တော်ပုံနှိပ်တိုက်'၊ အမှတ်(၈၇)၊ ၅၆-လမ်း
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ဖြန့်ချိရေး
ရွှေအိမ်မှူးစာပေ
အမှတ်-၂၂၁၊ ၃၁-လမ်း (အထက်) ပန်းဘဲတန်းမြို့နယ်၊
ဖုန်း--၃၈၄၉၂၇

တန်ဖိုး - ၈၀၀ ကျပ်

# ဝေမှူးသွင်

# ကျွမ်းကျင်စွာပြုလုပ်ထားသောအလွှမ်း

(လုံးချင်းဝတ္ထုသစ်)

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန် အရေးသုံးပါး

- ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
- တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသား အားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်။

## ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် ၄ ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေး ဦးတည်ချက် ၄ ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး။

## လူမှုရေး ဦးတည်ချက် ၄ ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး။

# ဝေမှူးသွင်

ကျွမ်းကျင်စွာပြုလုပ်ထားသော

# အလွမ်း

www.burmeseclassic.com

www.burmeseclassic.com

# အဖြူရောင်မှတ်တမ်း

ဘာကိုမှပြောစရာမရှိတော့သူတစ်ယောက်အဖို့ ညရဲ့နက်မှောင်ခြောက်သွေ့မှုမှာ စာအုပ်တစ်အုပ်ထဲ ဟိုရေးသည်ရေး လျှောက်ရေးနေမိခြင်းသာ ဖြစ်ပါတယ်။

ကျွန်တော်နဲ့ကောင်မလေးတစ်ယောက်ရဲ့ အမှတ်တရ အပိုင်းအစတချို့ပါ။ ဒီလိုညဉ့်နက်ထဲမှာ သူမတစ်ယောက်ကြယ်တွေကို ငေးကြည့်အားကျနေမှာလား။ ဂစ်တာကို တီးတီးလေးထိုင်တီးနေသလား။ ပင်ပန်းပြီး နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေမှာလား။ တစ်ယောက်ယောက်နဲ့များ တယ်လီဖုန်းပြောနေမလား။ ဒါမှမဟုတ် ခဲပြားတွေကို မီးရှို့တမ်း ကစားနေမလား။ အားလုံးဟာ ဖြစ်နိုင်ပါတယ်။

ညတွေကို အိပ်ပစ်ရမှာ နှမြောတတ်တဲ့သူမဟာ ကျွန်တော့် အိပ်မက်တွေကို လှပခမ်းနားစေခဲ့ဖူးတယ်။ လူ့ဘဝကို ဒီထက်မက ကျွန်တော်တပ်မက်နေမိတာလည်း သူမနှုတ်ခမ်းဆီက လိမ္မော်ရနံ့လေးတွေကြောင့် ဖြစ်နိုင်ပါရဲ့။ အချိန်ကာလဟာ အကောင်းဆုံးဆေးဆိုပေမယ့် ကျွန်တော်တို့နှစ်ယောက်အတွက်တော့ သင်္ချာပုစ္ဆာတစ်ပုဒ်ထဲက သုညကြွင်းတဲ့နေ့ရက်တွေပဲ ဖြစ်ပါတယ်။

ဒီစာအုပ်ပါ အရေးအသားများဟာ ရက်စက်သော ဝေးကွာခြင်းအကြောင်း ပြောရန်မဟုတ်ဘဲ ကျွန်တော့်ရဲ့ စကားလုံးအနုပညာကိုသူမနဲ့ ကျွန်တော့်ပရိသတ်တွေဆီ လက်ဆောင်ပေးခြင်း သက်သက်ပါပဲ။ ရည်ညွှန်းလိုတာက ကျွန်တော့်နှလုံးသားကို အားလုံးရနိုင်ကြပါစေ။ ။

ဝေမှုံးသွင်

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

ထိုနေ့နံနက်က သစ်ရွက်အဝိမ်းလေးတစ်ရွက်သည် ကျွန်တော့်ရှေ့တည့်တည့်တွင် ဖြုတ်ခနဲ ကြွေကျသွားခဲ့သည်။ ကျွန်တော်မြင်ဖူးသမျှ သစ်ရွက်ကြွေများအားလုံးသည် ညှိုးနွမ်းခြောက်သွေ့သွားမှသာ ကြွေကျသည်ချည်းဖြစ်၏။ (သို့မဟုတ်) တစ်စုံတစ်ယောက်၏ ပယောဂကြောင့်လည်း ကြွေကျတတ်ပါသည်။ ဒါပေမယ့် အခုလို သစ်ရွက်အစိမ်းလေးတစ်ရွက် အလိုလို ကြွေကျလာခြင်းကြောင့် ကျွန်တော် အံ့ဩနေမိသည်။

အင်းပေါ့လေ. . . ငါမမြင်ရနိုင်တဲ့ အကြောင်းအရာတစ်ခုတော့ ရှိမှာပေါ့။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်စိတ်ထဲတွင်တော့ ထူးခြားသော အဖြစ်အပျက်တစ်ခုဟုသာ လွယ်လွယ်ကူကူ မှတ်ထားလိုက်ပါသည်။ ထို သစ်ရွက်ကလေး၏ အရောင်သည် အစိမ်းရင့်ရင့်မှိုင်းမှိုင်း ဖြစ်၏။ ကျွန်တော်က သစ်ရွက်လေးကို ကောက်ယူလိုက်၏။ ပြီးတော့ လက်ထဲမှာ သစ်ရွက်ကလေးကို ဟိုဘက်ဒီဘက် လှည့်ကြည့်သည်။ သစ်ရွက်အကြောလေးတွေက ညင်သာစွာ စိမ်းစိုနေလေသည်။ ကျွန်တော်က သစ်ရွက်လေးကို ရှေ့တည့်တည့်သို့ ပြန်လွှင့်ပစ်လိုက်၏။

ဗိုလ်အောင်ကျော်လမ်းသည် နံနက် နှင်းမကွဲသေးဘဲ အဆောက်အအုံဟောင်းများနှင့် ခိုများ အစာစားနေပုံရှုခင်းသည် စွဲမက်ဖွယ် ဖြစ်ပါသည်။ ခပ်ဝေးဝေးဆီမှ အဖြူရောင်ဆလွန်းကားတစ်စီးသည် ဗိုလ်အောင်ကျော်လမ်းအတိုင်း အပေါ်ဘလောက်မှ မောင်းနှင်လာ၏။ ကြည့်နေရင်းမှာပင် ထိုကားသည် ကျွန်တော့်ရှေ့တွင် တုံ့ခနဲ ထိုးရပ်လိုက်ပါသည်။ နောက်. . . ကားမှန်တစ်ချပ်က လျောခနဲ ကျသွားပြီး ကောင်မလေးတစ်ယောက်၏ မျက်နှာပေါ်လာသည်။

"ဟေ့. . . စာတိုက်ကြီးက ဘယ်နားမှာလဲဟင်"

"ဆက်သွားဦး၊ ဟိုမှာတွေ့လား လမ်းထောင့်မှာအနီရောင်ကြီး"

"ဟုတ်. . . Thanks နော်"

ရုတ်တရက် ကျွန်တော့်စိတ်ထဲတွင် ဖျတ်ခနဲ တစ်စုံတစ်ခုကို သတိရမိသွားပြီး သူမကို လှမ်းတားလိုက်သည်။



"နေဦး၊ နေဦး. . ."

သူမက ကားကို ဆက်မောင်းဖို့ ဟန်ပြင်နေရာမှ ရပ်သွားပြန်သည်။

"ဘာလဲ"

"ဩော်. . . ဒီအချိန် စာတိုက်ကြီး ဖွင့်ဦးမှာမဟုတ်ဘူး၊ ကိုးနာရီမှ ဖွင့်မှာ။ အခုမှ ရှစ်နာရီပဲ ရှိသေးတယ်"

"ဟယ်. . . ဒုက္ခပါပဲ၊ ဒါဆို အချိန်က တစ်နာရီလောက်လိုသေးတယ်။ ညီမက ကိုးနာရီမထိုးခင် အိမ်ပြန်ရောက်မှ ဖြစ်မှာ။ အခု အဖေမသိအောင် ကားခိုးလာရတာ"

သူမက ကျွန်တော့်ကို ရင်းနှီးပြီးသား သူငယ်ချင်းတစ်ယောက်ကဲ့သို့ နှစ်လိုစွာ စကားတွေ ပြောနေသဖြင့် အံ့သြရပြန်သည်။ သူမက ကားပေါ်မှဆင်းလာရင်း ဆက်ပြော၏။

"ဟုတ်တယ်၊ စာတိုက်ဖွင့်တဲ့အထိ ကျွန်မစောင့်လို့ မဖြစ်ဘူး။ ဒါဆို အိမ်ပြန်ရောက်ရင် အနည်းဆုံး ကိုးနာရီခွဲနေပြီ။ အဆူခံရမှာပဲ၊ ခက်လိုက်တာနော်"

ကျွန်တော့်မှာ မနေနိုင်တော့ဘဲ သူမကို အကြံဝင်ပေးမိသည်။

"ဒီလိုဆို နောက်မှ တစ်ခေါက်ပြန်လာခဲ့ပေါ့"

"ဩော်. . မရလို့ပေါ့ရှင်။ အခုဟာက အရေးလည်းကြီးလို့"

ဆောင်း၏ အကြွင်းအကျန်များက တိုက်ခတ်လိုက်သော လေထဲမှာ ဝေ့ခနဲ ပါလာ၏။ သူမက ချမ်းစိမ့်သွားဟန်ဖြင့် ပခုံးကို ဘွန့်

www.burmeseclassic.com

www.burmeseclassic.com



ပစ်လိုက်သည်။ နောက်တော့ သူမသည် တစ်ခုခုကို စဉ်းစားပြီသွားပုံ ပေါ်သည်။

"ဒီလိုလုပ်ပါလား"

သူမစကားက တစ်မျိုးဖြစ်နေသဖြင့် ကျွန်တော်နည်းနည်း ကြောင်သွားပါသည်။ ထိုအခါ သူမက ပြုံးကာရှင်းပြ၏။

"သူက ကျွန်မကိုယ်စား စာတိုက်မှာ့ဘဲ့အခါ အပြန်ချောပို့နဲ့ ဘာတစ်စောင်ထည့်ပေးပါလား"

"မင်းပြောတော့ အရေးကြီးတယ်ဆို၊ မင်းနဲ့ငါနဲ့က သိမှမသိတာ။ ငါ့ကို ယုံလို့လား"

"ယုံတယ်. . ."

ခပ်တည်တည်စိုက်ကြည့်နေသော မျက်လုံးများနှင့် ဆုံသွားသောအခါ ထိုမျက်လုံးများအား ရင်းနှီးနေသလို ခံစားရ၏။ ဒီကောင်မလေးကို ငါ ဘယ်မှာတွေ့ဖူးပါလိမ့်။

"ဖြေဦးလေ. . .၊ ရှင် ကျွန်မကို ကူညီမှာလား"

ကျွန်တော်က သူမမေးခွန်းဆီမှာ ယောင်ရမ်းပြီးခေါင်းညိတ်ပြမိလျက်သား ဖြစ်သွား၏။ သူမ ဝမ်းသာသွားသည်။ ကားထဲမှ အညိုရောင်စာအိတ်တစ်ခုကို လှမ်းယူကာ သူမက ကျွန်တော့်လက်ထဲကို ထည့်လိုက်ပါသည်။ ပြီးတော့ တံဆိပ်ခေါင်းဖိုးနဲ့ အပြန်ချောပို့ခအတွက် ပိုက်ဆံပေးရန် သူမက ကားထဲမှာ ပိုက်ဆံအိတ်ရှာဟန်တူ၏။ သုံးမိနစ်လောက်ကားထဲမှာ ရှုံ့ရှုံ့ရှဲရှဲ လုပ်ပြီးသွားတော့ ပြန်ဆင်းလာ၏။



"အားနာလိုက်တာ၊ ကျွန်မမှာ ပိုက်ဆံလည်းပါမလာဘူး။ အဲဒါ ရှင်ပဲစိုက်ထားပေးပါနော်"

ကျွန်တော့်မှာ သဘောကျလွန်း၍ ပြုံးလိုက်မိသည်။

"ရပါတယ်၊ ဒါပေမယ့် မင်းက ပြန်ပေးမှာလား"

"ပေးချင်ပါတယ်၊ ကျွန်မက အပြင်သိပ်ထွက်လို့ရတာ မဟုတ်ဘူး။ အဲဒါကြောင့် အရမ်းတော့ မျှော်လင့်မထားနဲ့ပေါ့။ ကံကြုံလို့ ပြန်တွေ့တဲ့အခါ၊ ကျွန်မမှာလည်း ပိုက်ဆံပါတဲ့အခါ ပြန်ပေးမှာပေါ့။ မဟုတ်ဘူးလား"

ဘုရား. . . ဘုရား. . . ဘယ်လိုကောင်မလေးပါလိမ့်။ စကားပြောပုံက အချိုးမပြေလိုက်တာ၊

တစ်ချိန်ထဲမှာပင် ကျွန်တော်က သူမ၏ရိုးသားပွင့်လင်းပြီး ချစ်စရာဆွဲဆောင်မှုတစ်ခုမှာ အငိုက်မိသွားပါသည်။ ရယ်လည်း ရယ်ချင်လာ၏။ ကူလည်းကူညီချင်မိ၏။

"အိုကေလေ၊ ကျွန်တော်ပဲ ပိုက်ဆံစိုက်ပေးလိုက်ပါ့မယ်"

"ကျေးဇူးပဲနော်၊ ပိုက်ဆံအိတ်က သေချာယူလာတာ၊ အခုဘယ်ရောက်သွားလဲ မသိဘူး။ အံ့ဩတာပဲ သိလား"

ကျွန်တော်က သူမကို ငြိမ်သက်စွာ ခေါင်းတစ်ချက်ညိတ်ပြလိုက်ပါသည်။ 'အံ့ဩတာပဲ'ဆိုသည့် သူမ၏ထူးခြားသော အပြောအဆိုကိုလည်း သတိထားမိသည်။ ဖေဖော်ဝါရီနံနက်ခင်းသည် ကြည်နူးဆွတ်ပျံ့စရာကောင်းနေ၏။

www.burmeseclassic.com

www.burmeseclassic.com



"အခုလို ကူညီတာကျေးဇူးတင်ပါတယ်၊ ကျွန်မ သွားတော့မယ်၊ ပြန်ရတာ နောက်ကျနေမှာစိုးလို့"

"ဘယ်အထိ ပြန်ရမှာလဲ"

"သက်န်းကျွန်း၊ ဝေဇန္တာရာအိမ်ရာ"

"ဝေးတယ်နော်. . . သွား သွား၊ နောက်ကျနေဦးမယ်"

သူမက ပြုံးပြီး ကားပေါ်ပြန်တက်သွားပါသည်။ နောက် ကားစက်နှိုးသည်။ ကားပြတင်းမှ သူမ၏လက်လေးထွေခ်ဖက် ထွက်လာသည်။ မှတ်မှတ်ရရ သူမ၏ညာဘက်လက်ခလယ်တွင် ကျောက်စိမ်းလက်စွပ်လေးတစ်ကွင်းကို ဝတ်ထားတာ ပြင်ရပါသည်။

"တ့တာ. . ."

သူမ၏ကားသည် ဘီးလိမ့်စပြုနေပြီ။

"ခဏ. . ."

သူမက အံ့ဩသလို ကြည့်၏။

"မင်းနာမည် ဘယ်လိုခေါ်သလဲ"

ထိုအခါ သူမက ကျွန်တော့်ကို ရယ်ချင်ရိပ်သန်းသော မျက်ဝန်းများဖြင့် စက္ကန့်တော်တော်ကြာ ကြည့်သည်။ ပြီးတော့ ကျွန်တော့်မေးခွန်းအတွက် အဖြေပေးပါသည်။

"ပွံ့ပွံ့. . ."

ဖြေပြီး သူမက ကားကိုမောင်းထွက်သွား၏။ ကျွန်တော့်ရင်ထဲမှာ ဟာပြီးကျန်ရစ်ခဲ့သည်။ ဗိုလ်အောင်ကျော်လမ်းဆုံးတော့ သူမ၏



ကားသည် ကမ်းနားလမ်းဘက်ကို ကွေ့ကာ ပျောက်ဆုံးသွားပါသည်။

ကျွန်တော့်လက်ထဲမှာ ပဖောင်ဒိုတစ်ခုလို ခပ်ရှည်ရှည်အညိုရောင် စာအိတ်တစ်အိတ်။

စာအိတ်ပေါ်တွင် ကိုသီဟဆိုသော အမည်နှင့်လိပ်စာတစ်ခုကို ရေးထား၏။ နောက်ဘက် ပေးပို့သူ၏နေရာတွင်တော့ သူမ၏အမည်ဟု ခန့်မှန်းရသော P.P ဆိုသည့် အင်္ဂလိပ်စာလုံးနှစ်လုံးတည်းရေးထားပါသည်။ လိပ်စာကတော့ စောစောတုန်း သူမပြောသွားသော ဝေဇန္တာရာအိမ်ရာ၏ လိပ်စာဖြစ်နေသည်။

ကျွန်တော်က သက်ပြင်းတစ်ချက်ကို ရှည်လျားစွာ မှုတ်ထုတ်ပစ်လိုက်သည်။ ဘာအဓိပ္ပာယ်ရှိမှန်းတော့ ကျွန်တော်သည်းမသိ။

ခေါင်းကိုငုံ့ကြည့်လိုက်တော့ ကတ္တရာလမ်းပေါ်တွင် စောစောတုန်းက ကျွန်တော်လွှင့်ပစ်ထားသော သစ်ရွက်လေးကို တွေ့ရ၏။ သစ်ရွက်လေးကို ပြန်ကောက်ကြည့်လိုက်သောအခါ ကတ္တရာလမ်းမနှင့် ကားဘီး၏ဖိကြိတ်မှုကြောင့် သစ်ရွက်အကြောလေးတွေကကြေမွဒဏ်ရာရနေသည်။ ဒီသစ်ရွက်လေးသည် သူမ၏ကားဘီးနှင့် အကြိတ်ခံသွားရခြင်းသာ ဖြစ်ရမည်။

ကျွန်တော်သည် သစ်ရွက်ကလေးကို ထပ်မလွှင့်ပစ်တော့ဘဲ သူမပေးသွားသော စာအိတ်အညိုရောင်လေးနှင့်အတူ ကိုင်ထားရင်း ကမ်းနားလမ်းဘက်ဆီသို့ လျှောက်လာခဲ့သည်။ ဆောင်း၏နှင်းအမှုန်

www.burmeseclassic.com

www.burmeseclassic.com



အစများသည် နေရောင်ခြည်ကြောင့် ပြိုကွဲစပြုလာပြီ။ လမ်းများပေါ်တွင် ဘတ်စ်ကားများ၊ ဌာနဆိုင်ရာ ကားများနှင့် ကိုယ်ပိုင်ကားများအားလုံးသည် ရောထွေးစွာ မောင်းနှင်သွားကြသည်။ အချိန်တွေက တလွင့်လွင့်ကုန်ဆုံးနေကြ၏။

နာရီကိုကြည့်လိုက်တော့ ကိုးနာရီထိုးပြီ။ ကျွန်တော်သည် ဓာတ်ပုံကြီးထဲဝင်ပြီး သူမ၏ အညိုရောင်စာအိတ်အတွက် မှတ်ပုံတင်လုပ်၊ ငွေသွင်းရသည်။ နောက်. . . ဓာတ်ပုံမှ ပြန်ပေးလိုက်သော ဖြတ်ပိုင်းလေးကိုယူပြီး ကျွန်တော် ပြန်လာခဲ့၏။

ကျွန်တော့်လက်ထဲတွင် ဒဏ်ရာရနေသော သစ်ရွက်တစ်ရွက်၊ စာတိုက်မှတ်ပုံတင်ဌာနမှ ဖြတ်ပိုင်းတစ်ခုနှင့် သူမထားရစ်ခဲ့သည့် အလွှမ်းသေးသေးလေးတစ်ခု ရှိပါသည်။

အိမ်ကိုပြန်ရောက်တော့ ကျွန်တော့်ဒိုင်ယာရီစာအုပ်ကြားမှာ ထိုဖြတ်ပိုင်းလေးနှင့် သစ်ရွက်လေးကို ညှပ်ထားလိုက်၏။ ထိုအရသာလေးကို ကျွန်တော်က နူးညံ့စွာခံစားရပါသည်။

ဘာပဲဖြစ်ဖြစ် ကျွန်တော်ပျော်သည်။ မသေချာသော်လည်း သူမနှင့် နောက်တစ်ခါ ပြန်တွေ့ရဦးမည်ဟု မျှော်လင့်နိုင်သည်။ ဆောင်းသည် ကျွန်တော့်မျက်ဝန်းထဲမှာ နွေးထွေးစွာပုန်းခိုနေ၏။

ကျွန်တော်က ဒိုင်ယာရီစာအုပ်ထဲမှာ နေ့စွဲနှင့် အချိန်ကို ရေးမှတ်လိုက်ပါသည်။



ဖေဖော်ဝါရီ (၁) ရက်
ဗုဒ္ဓဟူးနေ့
နံနက် ရှစ်နာရီ ခြောက်မိနစ်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

"ဟော့ကောင်. . . ကိုထူး"

နောက်က အသံမပေးဘဲ အလန့်တကြားပခုံးကို တွန်းပုတ်လိုက်သော သော်သော်ကြောင့် ကျွန်တော်နည်းနည်းလန့်သွားပါသည်။ ကျွန်တော်က ဂစ်တာကို ပိုက်လျက်သားမို့ ရုတ်တရက်ပြန်လှည့်ဖို့ မလွယ်သဖြင့် သော်သော်လုမ်သမျှ ခံလိုက်ရသည်။ ဒါပေမယ့် ကျွန်တော်က ဘုကြည့်ကြည့်လိုက်တာကြောင့် သော်သော်က သွားဖြဲလေးနှင့် ရယ်ပြ၏။ ပြီးတော့ ကျွန်တော့်ကို မေးသည်။

"သီချင်းရေးနေတာလား"

"မြင်တဲ့အတိုင်းပဲ"

www.burmeseclassic.com

www.burmeseclassic.com



"အေး. . . မင်းကတော့ မိုးလင်းတာနဲ့ဒါပဲ။ မနက်စာလေး ဘာလေးစားဦး၊ ငါတောင် လက်ဖက်ရည်ဆိုင်က ပြန်လာပြီ"

"မင်းက ငါနိုးတာတောင် မစောင့်ဘူး။ ငါလည်း လက်ဖက်ရည်ဆိုင်လိုက်မှာပေါ့"

"မင်းနိုးတာကို စောင့်ရမယ်. . . ဟုတ်လား။ ကြည့်လည်းပြောပါဦး ကိုထူးရာ၊ ငါဗိုက်ဆာတတ်တာ မင်းလည်းအသိပဲ။ ပြီးတော့ မင်းကို နှိုးပြန်ရင်လည်း မင်းက ပူညံပူညံလုပ်ဦးမယ်"

သော်သော်က ဆင်ခြေကို ချက်ကျလက်ကျပေးနေသဖြင့် ကျွန်ုပ်တော်လည်း ဘာမှမပြောတော့ဘဲ မျက်နှာသစ်ဖို့ ထလိုက်ရသည်။ ဒီအတိုင်းဆို သီချင်းလည်းဆက်ရေးလို့ရမှာ မဟုတ်တော့သဖြင့် ဂစ်တာကို နံရံမှာထောင်ထားလိုက်ရင်း သော်သော်ဆီ အကြည့်တစ်ချက်ရောက်သည်။ သော်သော်က အခုမှဝယ်လာဟန်တူသော ဂျာနယ်တစ်စောင်ကို အမြည်းသဘောမျိုးလျှောက်ဖတ်နေ၏။

"ဘာဂျာနယ်လဲ"

ကျွန်တော့်မေးခွန်းကို သော်သော်က ပါးစပ်ဖြင့် ပြန်မဖြေဘဲ ဂျာနယ်ရှေ့ဖုံးကို ထောင်ပြရင်း ကိုယ်တိုင်ဖတ်စေသည်။

ရွှေမျက်လုံးဂျာနယ်. . .။

တစ်ဆက်တည်းပင် ဂျာနယ်မျက်နှာဖုံးတွင် ကောင်မလေးတစ်ယောက်ပုံကို အမှတ်တမဲ့ ကျွန်တော်တွေ့လိုက်ရသည်။



ကျွန်တော့်ရင်ထဲမှာ လင်းခနဲဖြစ်သွားပြီး ပိုမိုသေချာစေရန် သော်သော်ဆီမှ ဂျာနယ်ကိုလုကာ ကြည့်မိသည်။ သော်သော်က အံ့သြမှင်သက်နေဆဲ။

"ဟုတ်ပါတယ်. . . သူပဲ"

အဆက်အစပ်မရှိဘဲ ကျွန်တော့်ပါးစပ်မှ ထွက်သွားသောစကားတွေကို သော်သော်နားလည်ပုံ မပေါ်ပေ။

"ဟေ့ကောင်. . . ကိုထူး၊ ဘာလဲကွ မင်းဟာက"

ကျွန်တော်သည် သော်သော်ကို မရှင်းပြနိုင်သေးဘဲ ဂျာနယ်ပေါ်က ကောင်မလေးကို သေသေချာချာကြည့်နေမိ၏။ သူမက လှပစွာ ပြုံးရယ်နေပါသည်။ ဟုတ်ပါတယ်၊ သူမှသူပဲ။ ဒါကြောင့် သူ့ကို မြင်ဖူးပါတယ် အောက်မေ့တာ. . .။ သော်သော်က ကျွန်တော့်ဘေးနားမှ သူမ၏ပုံကို လာကြည့်၏။

"သူက မော်ဒယ် နှင်းဆီဖြူနော်. . ."

"အေး. . . ဟုတ်တယ်လေ။ ကိုထူးကလည်း ဘာကြောင်နေတာလဲ"

"မဟုတ်ပါဘူး၊ အပြင်မှာတွေ့တော့ တစ်မျိုးဖြစ်နေလို့. . ."

သော်သော်က ဖွဖွလေး တစ်ချက်ရယ်ပါသည်။ ပြီးတော့ ဖြစ်နိုင်ခြေများသော မေးခွန်းတစ်ခုကိုလည်း မေးသည်။

"ဘာလဲ. . .၊ သူက သီချင်းဆိုဖို့ မင်းဆီမှာ သီချင်းတာအပ်ရင်း တွေ့တာလား"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က သောသော့်မေးခွန်းကြောင့် ပြုံးမိသွားသည်။ ဟုတ်လည်း ဟုတ်တာပဲ။ မင်းသား၊ မင်းသမီးတွေကလည်း သရုပ်ဆောင်ဘက်မှာ နည်းနည်းလောက် နေရာရပြီဆို သီချင်းဝင်ဆိုကြတာပဲ။

"မဟုတ်ပါဘူး သော်သော်ရာ၊ ငါတို့က အပြင်မှာတွေ့ကြတာပါ"

"ဟုတ်လား၊ ဘယ်လိုတွေ့ကြတာလဲ။ ဘယ်သူက မိတ်ဆက်ပေးတာလဲ"

"ဘယ်သူမှ မိတ်ဆက်မပေးပါဘူး။ ဒီလိုပဲ သိကြတာ"

"ဒီလိုဆိုတာ ဘယ်လိုလဲ၊ ငါ့ကို ပြောဦးလေကွာ"

"ဒါဆို နေဦး၊ ငါမျက်နှာသစ်လိုက်ဦးမယ်"

"မရဘူး နောက်မှသစ်၊ ငါသိချင်တာ ပြောပြနော်"

သော်သော်က အတင်းဆွဲထားပြီး ကျွန်တော့်ကို ဂျီကျပါသည်။ ကျွန်တော်သည် သော်သော်ကို ပြုံးစိစိနှင့် ကြည့်လိုက်၏။ နှင်းဆီပြ နှင့် ပတ်သက်ပြီး တစ်ယောက်ယောက်ကို ပြောပြချင်စိတ်တွေလည်း ပေါ်လာမိသည်။

"ဒီလိုကွ. . ."

သူမနှင့် တွေ့ပုံကို ပြောဖို့ မနေ့က အကြောင်းတွေကို ပြန်စဉ်းစားကြည့်သောအခါ ရင်ခွင်သည် ပူနွေးနေလေသည်။

သော်သော်သည် ကျွန်တော်ပြောသမျှ ပါးစပ်အဟောင်းသား နှင့် နားထောင်နေ၏။ ပြီးတော့ ခေါင်းတညိတ်ညိတ်လုပ်ကာ မေးနေ



ကို ပွတ်နေပြန်သည်။ ကျွန်တော့် စကားဆုံးသွားတော့ သော်သော်က မေးပါသည်။

"ဒါဆို မင်းက သီချင်းရေးဆရာ ထူးလွင်ကို ဆိုတာ သူမသိဘူးပေါ့"

"အင်းပေါ့. . ."

ကျွန်တော့်အဖြေစကားကြောင့် သော်သော်က ရယ်စရာမဟုတ်ဘဲ ရယ်နေပြန်သည်။ နောက်. . . သူက ခပ်တည်တည်မျက်နှာထားနှင့် သတိပေးစကားတစ်ခွန်းကို ပြော၏။

"ကိုထူး၊ မင်းဒီကိစ္စကို ဒီမှာပဲ ရယ်ရယ်မောမောနဲ့ မေ့ပစ်လိုက်တော့၊ နောက်တစ်ခါ သွားပြီး ထပ်ပတ်သက်ဖို့ မစဉ်းစားနဲ့"

"ဘာဖြစ်လို့လဲ"

"မင်း ခံသွားရမယ်။ သူ့အကြောင်းတွေ မကြားဖူးဘူးလား"

"ဟင့်အင်း၊ မကြားဖူးပါဘူး"

တကယ်ပင် ကျွန်တော်က ရိုးသားစွာ အမှန်အတိုင်း ဖြေလိုက်ခြင်း ဖြစ်ပါသည်။ သော်သော်က ကျွန်တော့်အဖြေစကားကြောင့် စိတ်ပျက်သလို ခေါင်းကိုရမ်း၏။

"အင်းပေါ့လေ။ မင်းက အဲဒါတွေကို စိတ်မှမဝင်စားတာ၊ ဒါပေမယ့် အရင်က မင်းစိတ်မဝင်စားလို့ မသိရင် အခုချိန်ကစပြီး သိလိုက်တော့။ မီးနေဒ်. . . အရင်ဆုံးပုမယ်။ နောက် လောင်သွားရင် မင်းပြာကျသွားမယ်"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က သော်သော်၏ ကြောက်လန့်တကြား သတိပေးသံများကို နည်းနည်းတော့ ရယ်ချင်မိသည်။ သို့သော်လည်း သူက စေတနာနှင့် ပြောနေတာမို့ သူ့စေတနာကို စော်ကားသလို မဖြစ်ရအောင်လည်း ဂရုစိုက်ရသေးသည်။ ခဏကြာတော့ သော်သော်က သူမရှင်းတာတစ်ခုကို မေးပါသည်။

"နေစမ်းပါဦး။ မင်းက သူ့ကို တွေ့တွေ့ချင်း နှုတ်ဆက်ဖြူမှန်း ပသိဘူးလား"

"ဘယ်သိမှာလဲ၊ သူက အပြင်မှာ တစ်မျိုးကွ။ နာမည်မေးတော့လည်း ပုံ့ပုံ့လို့ ဖြေတယ်"

"အေးလေ၊ သူ့အိမ်နာမည်က ပုံ့ပုံ့ပဲ။ တချို့ သူ့အင်တာဗျူးတွေမှာတောင် သူက သူ့ကိုယ်သူ ပုံ့ပုံ့လို့ပဲ နာမ်စားသုံးတာ၊ အကုန်လုံးသိတယ်"

"ဟုတ်မယ်၊ အဲဒါကြောင့် ငါ သူ့နာမည်မေးတော့ သူက ရယ်ချင်သလို ဖြစ်နေတာကိုး"

သော်သော်က ကျွန်တော့်စကားကြောင့် သရော်သလိုပြုံးနေ၏။ ပြောချင်တာကတော့ ကျွန်တော့်ကို တော့်ဆိုသည့် အဓိပ္ပာယ်သာ ဖြစ်ပါသည်။

"ကဲ. . . ကိုထူး၊ မျက်နှာသွားသစ်တော့။ ထိုင်ပြီး ကြည်နူးမနေနဲ့၊ သွား သွား. . ."

ကျွန်တော်လည်း သူ့ကိုဘာမှတုံ့ပြန်မနေတော့ဘဲ မျက်နှာသစ်



ဖို့ ထလိုက်ရသည်။ သော်သော်က ကျန်ရစ်ခဲ့သော ကျွန်တော့်ဂစ်တာကို ယူကာ သီချင်းတစ်ပိုဒ်ကို တစ်ပိုင်းတစ်စ အော်ဆို၏။

မင်းလေးရဲ့အကြောင်း × × × မသိဘဲနဲ့ ချစ်လိုက်မိပြီ

သူများတွေထက်ထူးတော့ × × × မင်းလေးဝါကို ညို့ယူ× ×

သော်သော်ဆိုနေသော သီချင်းသည် ကိုယ့်ခံစားမှုနှင့် တိုက်ဆိုင်နေသဖြင့် ကျွန်တော်တစ်ချက်တော့ ရှက်ရယ် ရယ်လိုက်မိပါသည်။ ဒါကို သော်သော်သိသွားမှာလည်း ကျွန်တော် စိုးရိမ်မိသေး၏။

အို. . . သိသွားတော့လည်း ဘာဂရုစိုက်စရာရှိလို့လဲ။

ကိုယ့်ဘာသာကိုယ် မလုံခြုံသူတစ်ယောက်၏ဒုက္ခကို ကျွန်တော်ရင်ဆိုင်နေရခြင်းသာ ဖြစ်သည်။ ကျွန်တော် မျက်ဝန်းထဲတွင် သူမ၏ ရယ်ချင်နေသည့် ဟန်ပန်လေးက ပေါ်လာပြန်သည်။

ရေချိုးခန်းထဲမှာ ကျွန်တော် မျက်နှာမသစ်သေးဘဲ ရေအရင်ချိုးဖို့ ဆုံးဖြတ်လိုက်မိ၏။ ရေပန်းမှရေများသည် ကျွန်တော့်ဦးခေါင်းပေါ်မှ တစ်ဆင့် တစ်ကိုယ်လုံးကို စိမ့်ဝင်စီးဆင်းသွား၏။

အား. . . အရသာရှိလိုက်တာ။

ဖျပ်ခနဲ သူမ၏မျက်လုံးတွေအကြောင်း စဉ်းစားမိပြန်သည်။ သော်သော်ကတော့ သီရင်ဆဲတော့မှာပဲ။

ပုံ့ပုံ့တဲ့. . .။

မီးတဲ့. . . .။

ပူလောင်လိမ့်မယ်. . . တဲ့။

www.burmeseclassic.com

www.burmeseclassic.com



ဟား ဟား ဟား. . . . ဟား ဟား ဟား. . .

ရေချိုးခန်းထဲမှာ ကျွန်တော့်တစ်ယောက်တည်း အော်ရယ်ပစ်လိုက်ပါသည်။ စစ်ဟိန်း၏ သီချင်းစာသားများကိုလည်း သတိရလိုက်မိသည်။

မသိချင်ဘူး × × × မင်းရည်းစားတွေ ဘယ်လောက်ရှိရှိ × ×

ကျွန်တော့်အတွက် ရှုံးသွပ်မှုတစ်ခုဆိုတာ အချိန်ငါးမိနစ်လောက်မျှနှင့်လည်း လုံလောက်ပါသည်။

✺ ✺ ✺ ✺ ✺

## အခန်း (၃)

တိမ်ရေတွလှုပသော သောကြာနေ့ညနေခင်းတစ်ခုမှာ ကျွန်တော်ပျင်းရိနေခဲ့ပါသည်။ နာရီဒိုင်ခွက်ထဲမှာ စက္ကန့်လက်တံများက အေးစက်စွာ လည်ပတ်နေကြ၏။

သော်သော်ကလည်း မင်းမင်းတို့၊ ဖိုးဇော်တို့နှင့် ပါသွားတာ အခုထိ ပြန်မလာသေး။ ကေနွှတော့ ဒီကောင်တွေ သန္တာအောင်တို့ဆီ ဝင်နေကြပြီ ထင်သည်။ မနက်ကလည်း သူတို့စကားတွေမှာ သန္တာအောင် နာမည်ပါနေတာ ကျွန်တော် သတိထားမိ၏။ သန္တာအောင် ဆိုတာက ကျွန်တော်တို့ အားလုံး၏ သူငယ်ချင်း. . .။ မြေနီကုန်းမှာ ကုန်တိုက်သေးသေးလေးတစ်ခုကို ပိုင်သည်။ အရမ်းခင်ဖို့ ကောင်းသည်။ ယောကျ်ားလေးတစ်ယောက်လိုပဲ ပြောဆို

www.burmeseclassic.com

www.burmeseclassic.com



ဆက်ဆံ၍ရသည်။ သူမနှင့်အတူနေသော နီနီဆိုသည့် ကောင်မလေးကလည်း ယောက်ျားဆန်သည်။ ကျွန်တော်က သူမတို့ကို အတင်းတွေဘာတွေ မပြောတတ်သဖြင့် ခင်မိသည်။ မိန်းမဖြစ်ဖြစ်၊ ယောက်ျားဖြစ်ဖြစ် အတင်းပြောသူတွေကို ကျွန်တော်မုန်းပါသည်။

တူ... တူ... တူ...

ဟော... တယ်လီဖုန်းလာနေပြီ။

ကျွန်တော် ဖုန်းရှိရာသို့ ဖင်ရွှေ့၍သွားလိုက်သည်။

"ဟဲလို..."

"........"

"ဟုတ်ကဲ့ မမိုး၊ ကျွန်တော်ကိုထူးပါ"

"........"

"ဩော်... ဟုတ်တာပေါ့၊ ဒီနေ့ ဖေဖော်ဝါရီလ (၄) ရက်နေ့ဆိုတော့ မမိုးမွေးနေ့ပဲ၊ ဆောရီးပါဗျာ။ Happy Birthday မမိုး။ ကဲ... ဘာကျွေးမှာလဲ"

"....."

"ဘိုကလေးဈေးလမ်းက Y.E.S နော်၊ ဟုတ်ကဲ့ မမိုး ဘယ်အချိန်လဲ မသိဘူး"

"......."

"ညနေ (၆) နာရီ၊ ဟုတ်လား"

ကျွန်တော် နာရီကို တစ်ချက် ကြည့်လိုက်၏။



"ဟာ... မမိုးကလည်း အခုပဲ (၅) နာရီရှိနေပြီ။ ကျွန်တော် ရေချိုးပြီး ချက်ချင်းထွက်ခဲ့မယ် သိလား။ ငါးမိနစ်၊ ဆယ်မိနစ်လောက် နောက်ကျရင် စောင့်နေနော်"

"........"

"ဟုတ်ကဲ့၊ ဒါပဲနော်"

မမိုးဆီမှ ဖုန်းချသွားတော့ ကျွန်တော် ရေချိုးခန်းဝင်ဖို့ ပြင်ရသည်။ မမိုးဆိုတာက ကျွန်တော့်အစ်မ တစ်ဝမ်းကွဲ၊ ငယ်ငယ်ကတည်းက ကျွန်တော် လေးစားချစ်ခင်ရသူ။ ကျွန်တော်ရဲ့ အနုပညာသမားဘဝကို မိသားစုအားလုံးက ကန့်ကွက်နေသည့်ကြားမှ ထောက်ခံအားပေးခဲ့သူ။ အခက်အခဲတွေရှိသည့်အခါ စိတ်ဓာတ်မကျဖို့၊ ယောက်ျားပီသဖို့ ကျွန်တော့်ရည်းစားများနှင့် ပတ်သက်၍လည်း နှမချင်းစာနာဖို့ ဆုံးမတတ်သူ ဖြစ်ပါသည်။ မမိုး အမျိုးသားက သင်္ဘောလိုက်နေ၏။ သူမယောက်ျား မရှိချိန်များတွင် မမိုးက ယောက္ခမတွေနဲ့ အတူနေသည်။ အခု မမိုးက TOEFL ဖြေရန် အင်္ဂလိပ်စာသင်တန်းတစ်ခုကို Y.E.S မှာ တက်နေတာ ဖြစ်၏။ ခါတိုင်းနှစ်တွေဆို သူ့မွေးနေ့ကို ကျွန်တော်က ဦးဦးဖျားဖျား Happy Brithday လုပ်နေကြ။ ဒီနှစ်ကျတော့ ကျွန်တော်က ထုံးစံကိုမေ့ပြီး ခြွင်းချက်တစ်ခု ဖြစ်သွားသည်။

မမိုးအတွက် မွေးနေ့လက်ဆောင်ကိုလည်း ရေချိုးနေရင်းမှ စဉ်းစားမိသည်။ ဟိုအရင်တစ်နှစ်ကတော့ မမိုးကို ရည်ရွယ်ပြီး

www.burmeseclassic.com

www.burmeseclassic.com



သီချင်းတစ်ပုဒ်ရေးကာ မွေးနေ့လက်ဆောင်ပေးခဲ့ဖူးသည်။ စိတ်ဓာတ်ခွန်အားရှိသည့် မိန်းမတစ်ယောက်အကြောင်း ဖြစ်၏။ ထိုသီချင်းကို ကျွန်တော်က အဆိုတော် အသစ်တစ်ယောက်အား ဆိုခွင့်ပေးခဲ့ရာ အော်တော်အသင့် လူသိများခဲ့ပါသည်။

ရေချိုးခန်းမှ ထွက်လာတော့ မမိုးမွေးနေ့ကို မေ့နေမိသည့်အတွက် မမိုးကျေနပ်အောင် အမှတ်တရ တစ်ခုခုလုပ်ပေးဖို့ တွေးမိ၏။ ရေသုတ်ဖို့ တဘက်ကို လှမ်းယူလိုက်စဉ် ကျွန်တော့်မျက်လုံးများက အဝတ်ဗီရိုနှင့် အဝတ်တန်းကြားတွင် ချိတ်ဆွဲထားသော စက္ကူငှက်ရုပ်လေးတွေကို မြင်သွားပါသည်။ ထိုစက္ကူငှက်ရုပ်လေးတွေကို လွန်ခဲ့သော အပတ်က ချို့သွယ်ဆိုသော ကျွန်တော့်ပရိသတ် ကောင်မလေးတစ်ယောက်ဆီမှ လက်ဆောင်ရထားခြင်း ဖြစ်သည်။

ရုတ်တရက် ကျွန်တော့်စိတ်ကူးများ လင်းခနဲ လက်သွား၏။ မမိုးက ထိုကဲ့သို့ လူငယ်ဆန်သော ပေါ့ပါးမှုများနှင့် အနုပညာကို ချစ်တတ်သူမှန်း ကျွန်တော် သတိရသွား၍ ဖြစ်ပါသည်။ ကျွန်တော် စက္ကူငှက်ရုပ်လေးတွေ ရေတွက်လိုက်ကြည့်တော့ ခုနစ်ကောင်တိတိ ဖြစ်၏။ တစ်ချိန်တည်းမှာပင် ထိုငှက်ရုပ်လေးတွေကို မမိုးအတွက် မွေးနေ့လက်ဆောင်ပေးဖို့ ကျွန်တော်က ဆုံးဖြတ်ပြီးသားဖြစ်နေသေးသည်။

ကျွန်တော်က ဖဆပလတိုက်ခန်းတွေမှာ နေသူဆိုတော့ အောင်ဆန်းကွင်း City Mart ကို ပြေးကာ အဝါရောင်ပိုက်လှလှသေး



သုံးချောင်းကို ဝယ်ရပြန်သည်။ ပြီးတော့ ထိုပိုက်သုံးချောင်းကို တြိဂံပုံသဏ္ဌာန်ဖြစ်အောင် ဆက်လိုက်၏။ နောက် . . . လက်တစ်ဆစ်ခန့်ရှိသော ရောင်စုံစက္ကူငှက်လေးများကို အဝါရောင်ပိုက်လေးမှာ အပ်ချည်ဖြင့် တွဲလောင်းချည်လိုက်ပါသည်။ အပ်ချည်ကြိုးတွေကို တစ်ခုနှင့်တစ်ခု အနိမ့်အမြင့် မတူညီအောင်လည်း လုပ်လိုက်သေး၏။

အားလုံးပြီးသွားသောအခါ မမိုးအတွက် ကဗျာဆန်စွာ ချစ်စရာကောင်းသော မွေးနေ့လက်ဆောင်တစ်ခု ဖြစ်သွားတော့သည်။ ကျွန်တော်သည် မမိုးအတွက် မွေးနေ့လက်ဆောင်လေးကို ကြည့်ပြီး တော်တော်ကြည့်နူးနေမိ၏။

ဒီလက်ဆောင်ကို မမိုး ချက်ချင်း မမြင်အောင်၊ ပြီးတော့ ပုံစံလည်း မပျက်ရအောင် ကတ်ထူဘူးတစ်ခုနှင့် ပါကင်လုပ်လိုက်ပါသည်။

ချိန်းထားသည့် အချိန်က (၆) နာရီဖြစ်သော်လည်း တကယ်တမ်း ဗိုလ်ကလေးဈေးလမ်းရှိ Y.E.S ကို ကျွန်တော်ရောက်သွားချိန်သည် (၆) နာရီ (၃၅) မိနစ်ရှိနေပြီ ဖြစ်သည်။ ကျွန်တော် တက္ကစီပေါ်မှ ဆင်းလာတော့ မမိုးက နာရီတကြည့်ကြည့်နှင့် စောင့်နေ၏။ မမိုးဘေးမှာ ကောင်မလေး တစ်ယောက် ရှိနေတာကို တွေ့ရသည်။ ဒါပေမယ့် အဲဒီကောင်မလေးကို သေချာမကြည့်ဖြစ်သေးဘဲ နောက်ကျရခြင်းကို မမိုးကျေနပ်အောင် တောင်းပန်လိုက်မိ၏။

“မမိုး ဆောရီးဗျာ၊ လမ်းမှာ ကားတွေ ပိတ်မိနေလို့”

www.burmeseclassic.com

www.burmeseclassic.com



"အေး. . . မင်းနောက်ကျတာကို အစ်မစောင့်နေရတာ အကြောင်းမဟုတ်ဘူး၊ ဒီမှာ ပွံ့ပွံ့ပါ စောင့်နေရတာဆိုတော့ အားနာစရာကြီး. . . ."

မမိုးစကားကြောင့် ကျွန်တော် မျက်နှာပူသွားပြီး မမိုးအဖော် ကောင်မလေးကိုပါ တောင်းပန်ဖို့ မျက်နှာချင်းဆိုင်လိုက်ပါသည်။

အို. . .

သူမ၏ မျက်လုံးများနှင့် ရယ်းနပုံကြောင့် ကျွန်တော် အသက်ရှူရန် ခဏမျှ မေ့လျော့သွားခဲ့သည်။ ရင်ထဲမှာ စကားလုံးများဖြင့် ဖော်ပြ၍မရသော ခံစားမှုတစ်မျိုးသည် တောက်ပနေ၏။

မမိုးက အဲဒီအခြေအနေမှာ အလိုက်မသိတာလား၊ အလိုက်သိတာလား၊ တစ်ခုခုတော့ ဖြစ်လိမ့်မည်။ ကျွန်တော်တို့ကို မိတ်ဆက်ပေး၏။

"ဒါက အစ်မနဲ့ ဒီသင်တန်းမှာ အတန်းဖော်ပေါ့. . . ပွံ့ပွံ့တဲ့။ ကိုထူးသိတယ် မဟုတ်လား၊ နှင်းဆီဖြူလေ"

"ဟုတ်ကဲ့. . ."

သူမ နှုတ်ခမ်းတွေက လှပစွာ တွန့်ကွေးသွားပါသည်။

"အခုတော့ သိသွားပြီပေါ့"

ထိုစကားကြောင့် ကျွန်တော်တို့နှစ်ယောက် ပြိုင်တူရယ်မောလိုက်ကြသည်။ ကျွန်တော်တို့၏ အရင်တစ်ခါ ပတ်သက်မှုကို မမိုးက နားမလည်ဘဲ ငေးကြောင်ကြည့်နေ၏။ သူမက ကြောင်နေသော မမိုးကို စကားတစ်ခွန်း ပြောပြန်သည်။



"မမိုးက ပွံ့ပွံ့နာမည်ကိုကျတော့ သူ့ကိုပြောပြပြီး သူ့နာမည်ကျတော့ မပြောပြဘူး"

"ဩော်. . အင်း ဟုတ်သားပဲ။ သူက ကိုထူးတဲ့၊ မောင်တစ်ဝမ်းကွဲပေါ့။ သီချင်းရေးတယ်"

"ဟုတ်လား၊ ကိုထူးဆိုတဲ့ နာမည်နဲ့ပဲလား"

သူမက စိတ်ဝင်စားစွာ မေးသည်။ မမိုးက ကျွန်တော့်ကိုယ်စား ဝင်ဖြေပါသည်။

"မဟုတ်ဘူး၊ သူ သီချင်းရေးတဲ့နာမည်က ထူးလွင်ကိုတဲ့"

"ထူးလွင်ကို၊ ဟုတ်လား"

ကျွန်တော့်ကိုကြည့်ပြီး မေးသဖြင့် ခေါင်းတစ်ချက် ညိတ်ပြလိုက်မိသည်။ မမိုးက မနေနိုင်၊ မထိုင်နိုင် ဝင်မေးပြန်သည်။

"ပွံ့ပွံ့က သိလို့လား"

"နာမည်ကြီးပဲ၊ သိတာပေါ့"

ကျွန်တော် ရှက်သွားပြီး တစ်ချက်ရယ်မိ၏။

သူမ ကျွန်တော့်ကိုသိတယ်ဆိုတာ ဖြစ်နိုင်ပါသည်။ ကျွန်တော့် သီချင်းအပုဒ် (၃၀) လောက်မှာ ခွေထွက်ပြီးသား ဖြစ်ပြီး အဲဒီထဲမှ (၁၀) ပုဒ်ခန့်က တော်တော်ပေါက်ပါသည်။ မမိုးက သူမ မသိသော ကျွန်တော်တို့နှစ်ယောက်၏ ပတ်သက်မှုကို မေး၏။

"နေစမ်းပါဦး၊ မင်းတို့နှစ်ယောက်က သိပြီးသားလား"

သူမက မမိုးမေးခွန်းကို ပြုံးကာ နားထောင်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က ရှင်းပြရင် ကြာနေမှာစိုး၍ စကားကို ဖြတ်လိုက်ရသည်။

"နောက်မှ ပြောတာပေါ့ မမိုးရာ၊ မှောင်နေပြီ သွားရအောင်။ အခု ဘယ်ဆိုင်သွားမှာလဲ"

"အင်း . . . ဟုတ်သားပဲ။ ဒီနားမှာဆို နီးနီးနားနား Silver Oak ပဲ သွားတာပေါ့"

"ကောင်းသားပဲ၊ ဒါဆိုလည်း နီးနီးလေးဥစ္စာ၊ လမ်းလျှောက်သွားကြမယ်"

ကျွန်တော့်စကားကို သူမက အားရဝမ်းသာထောက်ခံပါသည်။

"ကောင်းတယ် ကောင်းတယ်၊ ပွံ့ပွံ့က အဲဒီလိုမျိုးလူကြားထဲ လျှောက်သွားချင်တာ"

"မှတ်မိကုန်ရင် သူများတွေ တစ်မျိုးထင်မှာပေါ့"

"ထင်ချင်တာ ထင်ပစေပေါ့။ ပွံ့ပွံ့က ယုံကြည်သလိုပဲ နေတတ်တယ်"

သူမ၏ အဖြေစကားကို ကျွန်တော် နည်းနည်း ဖျားသွားသည်။ ငါနဲ့တူလိုက်တာဆိုပြီး ပျော်လည်း ပျော်သွားမိသည်။ သူမအတွက် ကျွန်တော့်ကြေနပ်မှုသည် အရမ်းသိသာသွား၏။ မမိုးနှင့် ကျွန်တော် အကြည့်ချင်းဆုံပါသည်။ မမိုးမျက်လုံးတွေမှာ အဓိပ္ပာယ်ပါသော တားမြစ်မှုတစ်ခုကို တွေ့ရ၏။ အရင်ကောင်မလေးတွေလို မလုပ်နဲ့၊ ငါမျက်နှာပျက်မယ် ဆိုသည့် အဓိပ္ပာယ်။



သို့သော် ကျွန်တော်က မသိချင်ယောင်ဆောင်ပြီး မမိုးကို လက်ထဲက မွေးနေ့လက်ဆောင်ပါကင်ဘူးကိုပေးလိုက်ပါသည်။

"ရော့ . . . မမိုးအတွက်"

မမိုးက လက်ထဲရောက်လာသော ပါကင်ဘူးကို တစ်ချက်ဆ,ကြည့်ကာ ပြောသည်။

"ပေါ့ပေါ့လေးပါလား ကိုထူးရဲ့"

ကျွန်တော်က ပြုံးနေလိုက်သည်။ မမိုးက အံ့သြနေပြီး ပွံ့ပွံ့ကိုပါ အံ့သြဖို့ အဖော်ဆွယ်ပါသည်။

"ပွံ့ပွံ့ ကြည့်စမ်းပါဦး၊ ပေါ့ပေါ့လေးတော့"

သူမကလည်း ဆ,ကြည့်သည်။

"ဟုတ်တယ်၊ ဘာတွေလဲ မသိဘူး။ ပွံ့ပွံ့တောင် စိတ်ဝင်စားလာပြီ"

"ဆိုင်ကျမှ ဖွင့်ကြည့်ပေါ့"

ကျွန်တော်စကားကြောင့် အကြည့်တွေဖြင့် ရယ်မိကြပြန်သည်။ မမိုးက ခေါင်းတညိတ်ညိတ်လုပ်ကာ သဘောပေါက်နေလေသည်။

လူတွေကြားထဲမှာ သူမက လမ်းလျှောက်ရတာ တကယ်ပဲ ပျော်မွေ့နေဟန်တူပါသည်။ မှတ်မိသူတွေက သူမကို လိုက်ကြည့်ပြီ ဆိုရင်တော့ သူမက အမြန်ဆုံး ထိုနေရာမှ ဝေးရာကိုသွားဖို့ ကြိုးစားတတ်သည်။ ဒါသည် သူမ၏ လွတ်လပ်လိုသော အမြဲစိတ်ဖြစ်သည်ဟု ကျွန်တော်ခန့်မှန်းမိ၏။

www.burmeseclassic.com

www.burmeseclassic.com



Silver Oak ကိုမရောက်ခင် ဗိုလ်အောင်ကျော်လမ်းတစ်နေရာကို ရောက်တော့ သူမ၏မျက်လုံးလှလှလေးများက ကျွန်တော့်ဆီ ရောက်လာပါသည်။ သူမ၏ စူးရှသောအကြည့်လေးများကြောင့် ကျွန်တော့်မျက်နှာ ခပ်နွေးနွေးဖြစ်သွားပြီး ရှက်ကာရယ်လိုက်မိ၏။ အဘယ့်ကြောင့်ဆိုသော် သူမ၏အကြည့်များတွင် ကျွန်တော်တို့နှစ်ယောက်တည်းသာသိသော မေးခွန်းတစ်ခုရှိနေ၍ ဖြစ်ပါသည်။ ထိုမေးခွန်းသည် "ဒီနေရာကို မှတ်မိသလား" ဆိုသည့် အဓိပ္ပာယ်ရသည်။

လမ်းလျှောက်နည်းနည်းမြန်သော ကျွန်တော်ဆီသို့ သူမက အားစိုက်ကာ လျှောက်လာပြီး မမိုးကိုနောက်မှာ ကျန်ရစ်ခဲ့စေ၏။ ကျွန်တော်က သူမကို ဦးအောင်စကားစပြောလိုက်သည်။

"ဟိုတစ်နေ့က ကိစ္စ ကျွန်တော်လုပ်ပေးလိုက်တယ်နော်၊ သိလား"

"သိတယ်၊ ဟိုတစ်ယောက်က အဲဒီစာရတဲ့အကြောင်း ပုံ့ပုံ့ ဆီ ဖုန်းဆက်ပြောတယ်။ အဲဒီအတွက်လည်း တကယ်ကျေးဇူးတင်တယ်"

ကျွန်တော် ဖွဖွလေးရယ်လိုက်မိသည်။

"ရပါတယ်၊ ကိုယ့်ကြောင့် သူများအဆင်ပြေသွားတယ်ဆိုတော့ ကျွန်တော် ကုသိုလ်ရတာပေါ့"

"ဪ. . . ဒါနဲ့ အဲဒီတုန်းက အကြွေးကို ဆပ်ရဦးမယ်နော်၊ ဘယ်လောက်စိုက်ထားလိုက်ရသလဲ"

"မပြောဘူး၊ သတ်ချင် သတ်ပစ်လိုက်. . ."



ကျွန်တော့်နောက်ပြောင်မှုကို သူမက ခဏကြောင်သွားပြီး အားရပါးရ အော်ရယ်သည်။ သူမသည် တစ်စုံတစ်ရာကို ဟန်ဆောင်တတ်သူ မဟုတ်ကြောင်း ကျွန်တော် ရိပ်မိသွားပြီး ဝမ်းသာနေမိ၏။ ကျွန်တော်က အဲဒီလို အကျင့်စရိုက်မျိုးကို နှစ်သက်သူဖြစ်ပါသည်။

ထိုစဉ်က မမိုးကနောက်မှ မီလာပြီး. . .

"ဘာတွေပြောပြီး ရယ်နေကြတာလဲ၊ အစ်မကိုလည်း ပြောပြဦးလေ၊ ရယ်ရတာပေါ့"

"ဒါက ပုံ့ပုံ့တို့နှစ်ယောက်ထဲ ရယ်ရတဲ့ဟာသ အစ်မရဲ့။ အစ်မကို ပြောပြရင် ရယ်ရမှာမဟုတ်ဘူး"

"တမလေး. . . ကြီးကြီးကျယ်ကျယ်"

မမိုး ထိုသို့ဆိုသဖြင့် ကျွန်တော်တို့က ရယ်ကြရပြန်သည်။ ကျွန်တော့်ကို မမိုးက မျက်စောင်းထိုး၏။ ကျွန်တော်က စပ်ဖြဲဖြဲနှင့် ရယ်ပြလိုက်၏။ မမိုး ကျွန်တော့်ကို ငြိုငြင်သွား၍ မဖြစ်ဘူးမဟုတ်လား။

Silver Oak ကိုရောက်တော့ အမှောင်က တော်တော်စိုးမိုးနေခဲ့ပြီ။ မာကျူရီမီးရောင်များက ညကို အံတုနေ၏။

ကျွန်တော်တို့က ဆိုင်၏အတွင်းကျသော ထောင့်စားပွဲတစ်ခုမှာ နေရာယူလိုက်သည်။ မမိုးက ကျွန်တော်တို့ကို ပြော၏။

"ဘာစားမလဲ. . . မှာလေ"

"ထမင်းပဲစားကြတာပေါ့၊ ဒါအချိန်က ထမင်းစားချိန်ကြီး"

www.burmeseclassic.com

www.burmeseclassic.com



သူမက ထမင်းစားဖို့ အဆိုပြုလိုက်သဖြင့် ကျွန်တော်က အဆင်ပြေမည့် ဟင်းပွဲများနှင့် ထမင်းကိုမှာလိုက်သည်။ မှာထားသော ထမင်းနှင့် ဟင်းပွဲများမရောက်မီ မမိုးက ကျွန်တော်မွေးနေ့လက်ဆောင်ပေးထားသော ပါကင်ဘူးကို ဖွင့်သည်။ နောက်တော့ မမိုးလက်ထဲတွင် အဝါရောင် ပိုက်တန်းပေါ်မှာ တွဲလောင်းကျနေသော ငှက်ရုပ်လေးတွေ ပါလာသည်။

မမိုးရော၊ သူမပါ အံ့ဩဝမ်းသာနေကြ၏။ ကာယကံရှင် မမိုးထက်ပင် သူမက စက္ကူငှက်ရုပ်လေးတွေကို စိတ်ဝင်စားမှုက ပိုနေသေးသည်။

"ကိုထူးက သိပ်တော်တာပဲ၊ တွေ့လား ပုံပုံ"

"ဟုတ်တယ်နော်၊ အဲဒီလို စိတ်ကူးမျိုးက နှလုံးသား နူးညံ့တဲ့သူတွေမှရှိတာ၊ အံ့ဩတာပဲ"

ကျွန်တော်က ရယ်ပစ်လိုက်ဖို့ထက် သူမ၏မှတ်ချက်ကို ဖြုံသွားပါသည်။ ခဏဆိုသော အချိန်အတွင်းမှာပင် ကျွန်တော့်စိတ်ကို အံ့ဩစရာကောင်းလောက်အောင် သူမက သုံးသပ်နိုင်ခဲ့သည်။ သူမ၏ 'အံ့ဩတာပဲ'ဆိုသည့် စကားကိုလည်း ထပ်သတိထားမိပြန်သည်။

"မမိုး. . ."

"ဘာလဲ"

"ကျွန်တော့်လက်ဆောင်ကို ကျေနပ်သွားပြီ မဟုတ်လား"



"ဟုတ်ပါ့၊ ပထမတော့ ထုံးစံကိုမေ့ပြီး Birthday Wish မလုပ်လို့ စိတ်ခုနေတာ၊ အခု လုံးဝကျေနပ်သွားပြီ"

သူမက ကျွန်တော်တို့ကို စိမ်ပြေနပြေ ကြည့်နေပုံသည် အေးချမ်းလွန်းလှသည်။ ကျွန်တော်က ပြန်ကြည့်လိုက်တော့ သူမသည် မျက်လုံးကို ရှောင်လွှဲမသွားဘဲ သေသပ်လှပစွာ ကျွန်တော့်ကို ရင်ဆိုင်ပါသည်။

သူစိမ်းယောကျ်ားလေးတစ်ယောက်နှင့် မျက်လုံးချင်းဆိုင်ကာ စကားပြောရခြင်းကို သူမအတွေ့အကြုံရှိပုံရသည်။

"ကျွန်တော့်ကို ဒီလောက်ကြည့်နေတာ ဘာတွေများ ထူးခြားလို့လဲ"

ကျွန်တော်က ကျွန်တော့်တစ်ယောက်တည်းကိုသာ ရည်ရွယ်ပြီး မေးလိုက်ခြင်းဖြစ်သော်လည်း သူမက ပါးနပ်သူဖြစ်ပါသည်။

"မမိုးတို့ မောင်နှမစကားပြောတာ အရမ်းမိုက်တယ်။ ဘာဟန်ဆောင်မှုမှ မရှိဘူးနော်။ ပုံပုံက အဲဒီလိုလူမျိုးတွေနဲ့မှ ပေါင်းချင်တာ"

မမိုးက ရိုးသားပွင့်လင်းမှုကို ဂုဏ်ယူတတ်သူမို့ ပုံပုံစကားကို သဘောကျနေ၏။ ကျွန်တော်သည် သူမနှုတ်ခမ်းဆီမှ လိမ္မော်ရနံ့ကလေးမှာ ရင်ခုန်လျက် ရှိသည်။ အဲဒီတုန်းကတော့ ထိုရနံ့လေးသည် နောင်အခါ ကျွန်တော့်စွဲလမ်းမှုတစ်ခု ဖြစ်လာလိမ့်မည်ဟု ဘယ်သိုသိနိုင်ပါဦးမည်နည်း။

www.burmeseclassic.com

www.burmeseclassic.com



သူမက မမိုးအား ကျွန်တော်တို့နှစ်ယောက် တစ်ခါပတ်သက်ဖူးတာကို အတိုချုပ်၍ ပြောပြနေသည်။ ခဏကြာတော့ မှာထားသော ထမင်းနှင့်ဟင်းတွေရောက်လာ၏။ မမိုးကပြောသည်။

"နှစ်ယောက်စလုံး စားနော်၊ လိုတာရှိရင် ထပ်မှာ"

စားပွဲထိုးက ဖယောင်းတိုင်မီးကို ထွန်းညှိလိုက်၏။ ပုံ့ပုံ့က စက္ကူငှက်ရုပ်လေးတစ်ခုကို သူမလက်ညှိုးဖြင့် ဖွဖွတောက်လိုက်ပြီး ကျွန်တော့်ကို မေးပါသည်။

"ဒီငှက်ရုပ်လေးတွေက ကိုယ်တိုင်ခေါက်တာလားဟင်"

"မဟုတ်ဘူး၊ အသိတစ်ယောက်က ခေါက်ပေးတာ"

"အဲဒီအသိက မိန်းကလေး မဟုတ်လား"

သူမက ပြုံးကာ ပိုင်နိုင်သေချာစွာ ပြောပါသည်။

"ဟုတ်တယ်"

ပုံ့ပုံ့သည် ကျွန်တော့်အဖြေကြောင့် ကျေနပ်သွားသလို ခေါင်းတစ်ချက်ညိတ်၏။ တကယ်ဆို ကျွန်တော်က 'မဟုတ်ဘူး'ဟု လိမ်ပြောလိုက်ဖို့ကောင်းသည်။ ဒါပေမယ့် သူမရှေ့မှာ ရိုးသားသန့်စင်သူတစ်ယောက်သာ ကျွန်တော်ဖြစ်ချင်ပါသည်။ (ထိုဆန္ဒသည် ဒီတစ်ကြိမ်တစ်ခါတည်းအတွက် မဟုတ်ဘဲ သူမနှင့်ပတ်သက်သမျှ အားလုံးကို ကျွန်တော်က ရိုးသားချင်၏။)

သူမက ပထမဆုံးထမင်းတစ်ဇွန်းကို စတင်စားပါသည်။ ကျွန်တော်သည် သူမ၏ လှုပ်ရှားမှုများကို ငေးကြည့်နေမိသည်။ မမိုးက



လည်း ဘာမှမပြောဘဲ တိတ်ဆိတ်စွာ ထမင်းစားနေ၏။ ရုတ်တရက် သူမက ကျွန်တော့်ကို လှမ်းကြည့်လိုက်သည်။

"ပုံ့ပုံ့လည်း အဲဒါမျိုး ငှက်ရုပ်လေး လိုချင်တယ်"

"ကျွန်တော်တောင် ငှက်ရုပ်ကို ခေါက်တတ်တာ မဟုတ်ဘူး၊ သူများခေါက်ပေးတာ"

"ဒါကိုသိပါတယ်၊ ဒါပေမယ့် ပုံ့ပုံ့အတွက် သူက ငှက်ရုပ်ခေါက်တာသင်ပေါ့။ ပြီးတော့ ပုံ့ပုံ့ကို ခေါက်ပေးပေါ့"

"ဘယ်သူ့ဆီမှာ သင်ရမှာလဲ"

"သူ့အသိ ကောင်မလေးဆီမှာသင်ပေါ့"

"ပုံ့ပုံ့သင်စေချင်ရင် သင်မယ်လေ"

ကျွန်တော်သည် သူမကို အလိုလိုက်ချင်လာပြီး ပြောလိုက်မိသည့်စကားတွေအတွက်လည်း ကိုယ့်ကိုယ်ကို အံ့ဩနေမိသည်။ မမိုးက နှုတ်ခမ်းတစ်ဖက်ကို မဲ့ရင်း 'အမြင်ကတ်တယ်'ဆိုသော အဓိပ္ပာယ်ကို ဖော်ပြပါသည်။ သူမက ပခုံးတစ်ဖက်ကို မသိမသာလေး တွန့်လိုက်သည်။

ထိုအချိန်တွင် လှပသော ဂစ်တာသံတစ်ခုကို ခပ်တိုးတိုး စတင်ကြားရသည်။ Silver Oak ဆိုင်၏ တေးဂီတအစီအစဉ် စတင်ချိန်ဟု ကျွန်တော်သိလိုက်ပါသည်။

သူမသည် ခေါင်းကို ငုံ့ရင်း ထမင်းကို အေးအေးဆေးဆေး စားနေ၏။ စားပွဲပေါ်ရှိ ဖယောင်းတိုင်မီး၏ အလင်းရောင်သည် သူမ

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာပေါ်သို့ တစ်ဝက်တစ်ပျက် ဖြာကျလျက်ရှိသည်။ ကျွန်တော်က သူမ၏ ရဲတင်းသည်ဟု ကျော်ကြားသော မျက်လုံးလေးများကို ခိုးကြည့်နေမိသည်။

ဒီလောက်နူးညံ့တဲ့ မျက်လုံးလေးတွေဟာ ဘာကြောင့်များ ရဲတင်းသည်ဟု ကျော်ကြားရပါသလဲ။ ကျွန်တော် ဘာမှမဆိုင်ဘဲ နည်းနည်းတော့ မခံချင်ဖြစ်မိသေး၏။ သော်သော်သာသိလို့ကတော့ ကျွန်တော့်ကို ပြင်းပြင်းထန်ထန် ကန့်ကွက်လိမ့်ဦးမည်။

ဆိုင်ထဲတွင် ဂစ်တာသံက တဖြည်းဖြည်းရစ်ပတ်လွှမ်းခြုံကာ ညို့ယူလျက်ရှိသည်။ Breaking Benjamin ၏ Rain သီချင်း အင်ထရိုမှန်း ကျွန်တော်သိလိုက်၏။ ကျွန်တော်အရမ်းကြိုက်သော သီချင်းမို့ ငြိမ်ငြိမ်လေး သီချင်းကို အာရုံစိုက်ထားမိသည်။ အဆိုတော်က သီချင်းကို သေသပ်ပိုင်နိုင်စွာ ဆိုပြပါသည်။ သူမသည်လည်း ကျွန်တော့်လိုပင် သီချင်းမှာ နစ်မြောသွားဟန်တူသည်။

လှပသော ဂစ်တာသံအဖြတ်အတောက်များကြားတွင် ကျွန်တော်တို့က မျက်လုံးတွေ ကစားနေမိကြသည်။

သူမ သုံးထားသည့် တစ်ရှူးများတွင် လိမ္မော်ရနံ့သင်းသော နှုတ်ခမ်းနီလေးတွေ စွန်းပေသွား၏။ ကိုယ့်ကိုယ်ကို သတိထားမိသောအခါ အကြောင်းအရာမခိုင်လုံသည့် စွဲလမ်းမှုတစ်မျိုးတည်းသာတွေ့ရပါသည်။ ခေါင်းကို ရမ်းလိုက်မိသည်။ ကျွန်တော် သက်ပြင်းချလိုက်တာ ဘယ်သူမှ မသိဘူးဟု ထင်နေသော်လည်း သူမက



လှုပ်ယိမ်းသွားသည့် ဖယောင်းတိုင်မီးကြောင့် သိသွား၏။ ပြီးတော့ ဖွဖွလေး ပြုံးသည်။ ကျွန်တော် ရှက်သွား၏။ မမိုးဆီမှ ကော်ဖီမှာ ...ကြားရပါသည်။ Benjamin ၏ Rain သီချင်းကို အဆိုတော်က ...င်နိုင်စွာ အဆုံးသတ်သွား၏။

မမိုးကို တစ်ချက်ကြည့်လိုက်တော့ ဂီတစင်မြင့်ဖက်သို့ စိတ်...ဝင်စားနေတာတွေ့ရသည်။ ရုတ်တရက် သူမ၏ ဟန်းဖုန်းမြည်လာသဖြင့် သူမက ဖုန်းနံပါတ်ကြည့်ကာ 'အိမ်က. . .'ဟု တိုးတိုးပြောပြပါသည်။ နောက်. . . သူမအမေနှင့် ဖုန်းပြောနေ၏။ နှစ်မိနစ်လောက်ကြာတော့ ဖုန်းချသွားပြီး ပထမဦးစွာ မမိုးအား ရယ်ပြသည်။

"မမိုးရေ. . . အမေက ခေါ်နေပြီ။ အမှန်ဆို ပွဲပွဲ့က နေချင်သေးတာ"

မမိုးက ရယ်ရင်း 'သိပါတယ်နော်' ဟု နောက်လိုက်သည်။ ကျွန်တော်က ကြားထဲမှ အားနာသွားသော်လည်း သူမက ဘာမှမဖြစ်ဘဲ ရယ်နေ၏။

"သိရင်လည်း ပြီးတာပဲ"

သူမက ပြောကာ ထပ်ရယ်ပြန်သည်။ ကျွန်တော့်ကို ကြည့်လိုက်တော့ ထူပူသွားပြီး မျက်နှာလွှဲပစ်လိုက်ပါသည်။ မမိုးနားကို သူမက တိုးကာ ကျွန်တော်မကြားအောင် စကားတစ်ခွန်းပြောသည်... သို့သော် I like him ဟု သဲ့သဲ့လေး ကြားဖြစ်အောင် ကြားလိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က မကြားချင်ယောင်ဆောင်ကာ ကျွန်တော့်ကို သီချင်းရေးဆရာ ထူးလွင်ကိုမှန်း မှတ်မိနေသော တီးဝိုင်းမှ ဒရမ်သမားလေးက နှုတ်ဆက်သဖြင့် ရယ်ပြလိုက်၏။ သူက သီချင်းနောက်တစ်ပုဒ်မစခင် အပေါ့သွားရန် ကျွန်တော်တို့ဝိုင်းနား ဖြတ်လာခြင်းဖြစ်သည်။ သူမတို့နှစ်ယောက်က တိုးတိုး တိုးတိုးလေးတွေ ပြောရှိရယ်နေကြပြန်သည်။ ဒီတစ်ခါတော့ ကျွန်တော်တကယ်မကြားရတော့။ မကြားရတော့လည်း ကြားချင်စိတ်က ဖြစ်မိပြန်သည်။

နောက်တော့ သူမတို့နှစ်ယောက် ရေအိမ်ကို အတူသွားကြပါသည်။ ငါးမိနစ်လောက်ကြာတော့ နှစ်ယောက်သား ပြုံးစေ့စေ့နှင့် ပြန်ရောက်လာကြ၏။ မမိုးက စားပွဲထိုးကို ပိုက်ဆံရှင်းဖို့ ခေါ် လိုက်တာတွေ့ရသည်။

သူမက ကျွန်တော့်ကို ညင်ညင်သာသာလေး ကြည့်ပါသည်။ ရေအိမ်ထဲမှာ သူမ နှုတ်ခမ်းနီ ထပ်ဆိုးလာသည်ဟု ကျွန်တော်ထင်၏။ လိမ္မော်ရနံ့လေးက စောစောတုန်းကထက် ပို၍သင်းပျံ့နေလေသည်။

"ပုံ့ပုံ့ ပြန်ရတော့မယ်၊ ခဏနေရင် အမေတို့က ဒီဆိုင်ရှေ့မှာ ကားလာကြိုတော့မှာ"

"ဪ. . ."

"နောက်တော့ ဆုံမယ်လေ၊ မမိုးဆီလာလည်ရင်လည်း ပုံ့ပုံ့ကို တွေ့နိုင်တာပေါ့"



"ဟုတ်ကဲ့"

"ငှက်ရုပ်ခေါက်တာ သင်ထားနော်"

"ဟုတ်ကဲ့"

ကျွန်တော်တို့စကားပြောနေတာကို မမိုးက ဖြတ်ပြောလိုက်ပါ၏။

"အမလေး. . . အစ်မမွေးနေ့တော့ ခုတုံးလုပ်ခံရပြီထင်တာပဲ"

ထိုစကားကြောင့် သုံးယောက်စလုံး ကိုယ့်အမိပ္ပာယ်နှင့်ကိုယ် ရယ်လိုက်မိကြသည်။ ပုံ့ပုံ့ ဟန်းဖုန်းဆီမှ အသံမြည်လာပြန်၏။ မမိုးက ငွေရှင်းကာ ဆိုင်အပြင်သို့ လှမ်းကြည့်လိုက်သည်။

သူမက ဖုန်းပိတ်ရင်း 'အမေတို့ ရောက်နေပြီ'ဟု ပြောသည်။ ထို့နောက် ကျွန်တော်တို့သုံးယောက် အတူတူ ဆိုင်ရှေ့ကို ထွက်လာခဲ့ကြသည်။ မမိုးသည် လက်ထဲမှ စက္ကူငှက်ရုပ်ပါသည့် ပါကင်ဘူးလေးကို ကျွန်တော့်အား ခဏကိုင်စေသည်။ ပြီးတော့ ပုံ့ပုံ့တို့ကားနားအထိ လိုက်ပို့ကာ သူမအမေအား နှုတ်ဆက်နေ၏။ ပုံ့ပုံ့က ကားနောက်ခန်းမှ ကျွန်တော့်ကို တိတ်တိတ်လေး လက်ပြပါသည်။ ကျွန်တော်က ခေါင်းညိတ်ပြရင်း ပြန်နှုတ်ဆက်လိုက်သည်။ ပုံ့ပုံ့တို့ကားထွက်သွားတော့ မမိုးက ကျွန်တော့်ကို ထူးထူးဆန်းဆန်း တစ်ချက်ကြည့်၏။ နောက်ကာဒ်ပြားတစ်ခု ထုတ်ပေးသည်။

"ရော့. . . ဒီမှာ"

www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ မမိုးရဲ့"

"မင်းကို ပုံပုံက သူ့ဟန်းဖုန်းနံပါတ် ပေးသွားပါတယ်"

ကျွန်တော် ဘာကယ်ပဲ အံ့ဩဝမ်းသာသွားပါသည်။ ဩော်. . . ဒါကြောင့် သူမတို့နှစ်ယောက် ရေအိမ်က ပြန်လာတော့ ပြုံးစေ့စေ့ လုပ်နေကြတာကိုး. . . .။

ကျွန်တော်က သူမပေးသွားသည့် ကဒ်ပြားလေးကို ကြည့်လိုက်မိသည်။ ဖုန်းနံပါတ် ရေးထားသော သူမ၏ မညီမညာလက်ရေးတစ်ခုကိုသာ တွေ့ရသည်။ တစ်ဖက်ကို ကြည့်လိုက်တော့ အိမ်ခြံမြေ အကျိုးဆောင်လုပ်ငန်းတစ်ခု၏ လိပ်စာဖြစ်နေ၏။ ပုံပုံက သူများလိပ်စာကဒ်နောက်မှာ သူမဖုန်းနံပါတ်ကို ရေးပေးသွားခြင်း ဖြစ်ပါသည်။

မမိုးကို သူ့ယောက္ခမတွေရှိရာ ကျောက်မြောင်းအိမ်ကို ပြန်ရန် တက္ကစီလိုက်ငှားပေးပြီး ကျွန်တော်မြို့ထဲဘက်သို့ လမ်းလျှောက်လာခဲ့သည်။ မြင်ရသော အရာရာသည် ခြားနားမှုတစ်ခု ရှိနေသလိုထင်ရ၏။ ထိုခြားနားမှုသည် နာမည်မပေးရသေးသော အမှန်တရားလည်း ဖြစ်နိုင်ပါသည်။ သူမနှင့် အတူ ညစာ စားခဲ့သည့်ကိစ္စသည် အခုတော့ အိပ်မက်တစ်ခုလို ကျွန်တော်ခံစားရ၏။

အိပ်မက်ဆိုတာလည်း အိပ်မက်အလျှောက်တော့ အရေးကြီးမှုတွေ ရှိနိုင်တာပဲ မဟုတ်လား။

❋ ❋ ❋ ❋ ❋

## အခန်း (၄)

ဖေဖော်ဝါရီသည် ကျွန်တော့်သွေးသားများကို ပူနွေးလာစေပါသည်။ ကျွန်တော်က သူမကို သတိရလျက်ရှိသည်။ သော်သော်၏ ကောင်းမှုဖြင့် သန္တာအောင်၊ နီနီ၊ ဖိုးဇော်၊ မင်းမင်း. . . သူတို့အားလုံး ကျွန်တော်နှင့်ပုံပုံအကြောင်းကို သိသွားကြပါသည်။ အခုဆို သူတို့က ကျွန်တော့်ကို စနောက်ဖို့ အကြောင်းအရာတစ်ခုရသလို ဖြစ်သွား၏။

ကျွန်တော်က သူမဆီဖုန်းဆက်ချင်သော်လည်း အိမ်မှာ သော်သော်က တစ်ချိန်လုံးရှိနေ၏။ မင်းမင်းကလည်း ဒီနေ့မနက်မှ သူ့အဖေနဲ့ စကားများပြီး ကျွန်တော့်အိမ်ကို ရောက်ချလာသည်။ ဒီတော့ ကျွန်တော် ပုံပုံဆီ ဖုန်းဆက်တဲ့အကြောင်း သူတို့နှစ်ယောက် သိသွားနိုင်သည်။ အဖွဲ့ခံရမည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ချက်က ကျွန်တော်သူမကို ကတိပေးထားသော ငှက်ရုပ်ခေါက်တာသင်ဖို့ကိစ္စသည်လည်း အထမမြောက်သေး။ ပြီးတော့ ဖုန်းဆက်တဲ့အခါ သူမကိုပြောဖို့ စကားလုံးတွေ ကျွန်တော့်မှာ အဆင်သင့်မရှိတာ အဆိုးဆုံးဖြစ်သည်။

မမိုးဆီ ဖုန်းဆက်ရင် ကောင်းမလားဟု စဉ်းစားနေဆဲ တယ်လီဖုန်းသံက မြည်လာ၏။ ကျွန်တော် ဖုန်းထကိုင်လိုက်ရသည်။

"ဟဲလို. . ."

"ကိုထူး ငါပါ"

"သန္တာအောင်လား. . . ပြော"

"နင်က ဘယ်ဆိုးလို့လဲ၊ ငါ့အသံကို မှတ်မိသေးသားပဲ"

ကျွန်တော်က သူမ၏ သရော်လိုသော အမိပ္ပာယ်ကို ရိပ်မိသွားပါသည်။

"ငါက ဘော်ဒါတွေပေါ်မှာ အမြဲ ဂရုတစိုက်ရှိတတ်ပါတယ်ဟာ၊ နင့်လိုမျိုး ရည်းစားနဲ့ပြတ်သွားမှ သူငယ်ချင်းတွေဆီ ဖုန်းပြန်ဆက်တဲ့သူ မဟုတ်ဘူး"

အခွင့်ရတုန်း သန္တာအောင်ကို ကျွန်တော်ပြန်နှိပ်ကွပ်လိုက်၏။ သူမသည် လွန်ခဲ့သော ခြောက်လခန့်က မျိုးကျော်ဆိုသည့် ရုပ်ဆိုးဆိုးကောင်တစ်ယောက်နှင့် ရည်းစားခိုးထားခဲ့ဖူးသည်။ အဲဒီတုန်းက သန္တာအောင်သည် သူငယ်ချင်းတွေကို တစ်ယောက်မှ အသိမပေး။ ယုတ်စွအဆုံး သူမနှင့်အတူနေသော နီနီကိုပင် အသိမပေး။ နောက်မှ



ဒဂုံစင်တာမှာ သူ့လူကို လက်ချင်းတွဲလျက် ဖိုးဇော်နှင့် ပက်ပင်တိုးသည်။ ဒီတော့မှ သူငယ်ချင်းတွေကို သူမလိုက်ချော့၏။ မျိုးကျော်ဆိုသည့် ငနဲက အဲဒီအခါများတွင် သန္တာအောင်ဘေးမှာ မျက်နှာငယ်လေးနှင့် ပါပါလာသဖြင့် ကျွန်တော်တို့က ယောကျ်ားလေးအချင်းချင်း အားနာကာ သူမကို ခွင့်လွှတ်ခဲ့ကြသည်။

ကျွန်တော်တို့ဆီမှ ရည်းစားထားခွင့်ပါမစ် ရသွားကတည်းက သန္တာအောင်သည် ကျွန်တော်တို့ သူငယ်ချင်းတွေကို အဆက်အသွယ်သိပ်မလုပ်ဖြစ်တော့ပေ။ ပြီးခဲ့သည့် တစ်လလောက်ကမှ ကျွန်တော့်ဆီ ဖုန်းလှမ်းဆက်၏။ သူမအသံက မသက်မသာစရာမို့ အကျိုးအကြောင်းမေးကြည့်တော့ ပြတ်သွားပြီတဲ့။ ဇာတ်လမ်းက အဲဒီလို ရှိခဲ့ဖူးသည်။

သူမသည် ကျွန်တော်စကားနာထိုးလိုက်သဖြင့် ခဏ ငြိမ်သက်နေ၏။

"နင်ကရော ဘာထူးလို့လဲ။ အခုတောင် ညစာတွေဘာတွေ အတူတူစားလို့"

ရုတ်တရက် ကျွန်တော် သန္တာအောင်စကားကို လန့်သွားမိသည်။ ဒီကောင်မလေး ဘယ်လိုလုပ်သိသွားပါလိမ့်။

"နင်က ဘယ်လိုလုပ်သိတာလဲ"

"တွေ့လား. . . ပေါ်ပြီ၊ နင်မပြောပေမယ့် မမိုးက ပြောပြပါတယ်။ အခုတော့ နင် ကိုယ်ချင်းစာတတ်ပြီလား"

www.burmeseclassic.com

www.burmeseclassic.com



"အောင်မာ. . . ဘာမှမဆိုင်ဘူး။ အဲဒါက မမိုးမွေးနေ့ပဲ၊ ပြီးတော့ ငါတို့က ရည်းစားမှ မဟုတ်သေးတာ။ ရည်းစားထားရင်တော့ နင်တို့ကို ပြောပြမှာပေါ့။ အရင်ရည်းစားတွေတုန်းကဆိုလည်း ပြောပြတာပဲ မဟုတ်လား"

ကျွန်တော် စကားဆုံးသွားတော့ သန္တာအောင်က လျှောင်ပြောင်ကာရယ်နေ၏။ ကျွန်တော်က ကိုယ့်ကိုယ်ကို မလုံသဖြင့် သူမကို မေးမိသည်။

"ဘာရယ်တာလဲ. . . နင်က. . ."

"နင်က ရည်းစားမှမဟုတ်သေးတာဆိုတော့ အဓိပ္ပာယ်က ရှင်းနေပြီ။ နင်သူ့ကို ကြိုက်နေတယ်ဆိုတာ ပေါ်နေပြီ။ အခု ရည်းစားမဟုတ်သေးပေမယ့် နောက်ကော့ ရည်းစားဟုတ်လာမယ့် သဘောပဲ"

ကျွန်တော့်မျက်နှာမှာ နွေးခနဲ ရှက်သွေးသွားပါသည်။

"တော်ပြီဟာ သန္တာအောင်၊ နင်နဲ့စကားပြောရတာ မကောင်းဘူး။ ပြောစမ်းပါဦး၊ ငါ့ဆီဖုန်းဆက်တာ ဒီအကြောင်းတွေ ပြောဖို့လား"

ကျွန်တော်က သန္တာအောင်ကို တခြားအကြောင်းအရာများဆီ ရောက်အောင် စကားလမ်းကြောင်းပေးလိုက်ပါသည်။ သူမက ထိုသို့ မဟုတ်ဘဲ ဝန်ခံလိုက်၏။

"အေး. . . ငါ အဲဒါပြောချင်လို့ ဆက်တာ၊ ဒါပဲ"



သန္တာအောင်သည် ကျွန်တော့်ကို ရွဲ့ပြီး အနိုင်ပိုင်းကာ ဖုန်းချ သွားသည်။ ကျွန်တော် ခါတိုင်းလိုစိတ်မဆိုးတော့ဘဲ ပခုံးကို သာ သာလေး တွန့်လိုက်မိ၏။ လူတစ်ယောက်၏ စိတ်အခြေအနေသည် အချစ်နဲ့တွေ့ဆုံပတ်သက်ချိန်များ၌ ပိုမိုနူးညံ့နေပါလိမ့်မည်။ သန္တာ အောင် စွပ်စွဲသွားသလိုပင် ကျွန်တော် ပုံ့ပုံ့ကို ချစ်နေတာပေါ်နေပြီ လား။ ဘယ်သူမှ မသိသော်လည်း ကျွန်တော်နွေးထွေးစွာ ခံစားရ လေသည်။

ချက်ချင်းပဲ မမိုးဆီ ဖုန်းလှမ်းဆက်ဖို့ ကျွန်တော်ဆုံးဖြတ် လိုက်မိသည်။ မမိုးဖုန်းနံပါတ်ကို နှိပ်နေရင်းမှ သူမ၏ ပွင့်လင်းသော ဟန်ပန်အမူအရာများ၊ စူးရှသော မျက်ဝန်းများ၊ စွဲမက်ဖွယ်ရာ လိမ္မော်ရနံ့သင်းသည့် နှုတ်ခမ်းလေးများသည် ကျွန်တော့်သတိရခြင်း တို့အား နှိုးဆွလျှက်ရှိသည်။ ရုတ်တရက် တစ်ဖက်မှ မမိုးအသံပေါ် လာသည်။

"ဟဲလို. . ."

"မမိုးလား"

"အမလေး ကိုထူးရယ်. . . ပျောက်လှချည်လား"

"ရှိပါတယ် အစ်မရဲ့၊ အလုပ်ကလေး နည်းနည်းရှုပ်နေလို့"

"မင်းကို ပုံ့ပုံ့ကတောင် မေးနေသေးတယ်"

ဖျတ်ခနဲ ကျွန်တော်ဝမ်းသာသွားသည်။ ဒါဆို သူက ငါ့ကို သတိရနေတာပေါ့။

www.burmeseclassic.com

www.burmeseclassic.com



"ဘာတဲ့လဲ"

"အမယ်. . . ဒီလိုတော့ ဘယ်ပြောပြမလဲ"

ပြောပြီး ကျွန်တော်တို့နှစ်ယောက်စလုံး သဘောပေါက်စွာ ရယ်လိုက်မိကြသည်။ မမိုး တဆိတ်တော့ အကြပ်ကိုင်နေပြီ။

"ရတယ်လေ၊ ဘာစားချင်လဲသာပြော။ ကျွန်တော်တို့က အလိုက်သိပါတယ်"

"ပတ္တရားမှာ ပဲကြော်ဇသုပ်ကျွေး"

"အိုကေလေ၊ ဒါလောက်ကတော့ ဖြစ်ပါတယ်"

"ဒါဆို ပြောမယ်၊ ပုံ့ပုံ့က မင်းဘာဖြစ်လို့ဖုန်းမဆက်တာလဲတဲ့ မေးနေတယ်"

"ဒါပဲလား. . ."

"ဟာမှာပေါ့၊ ဖြည်းဖြည်းချင်းပေါ့"

"မမိုး. . . သိပ်အထာမကိုင်ပါနဲ့ဗျာ၊ ကျွန်တော့်ကို သနားပါဦး"

"အမယ်. . . မင်းက သနားခံရတဲ့အဆင့်တောင် ရောက်နေပြီလား"

မမိုး၏မေးခွန်းကြောင့် ကျွန်တော် ကိုယ့်ကိုယ်ကို သတိထားမိသွားသည်။ သူများတွေ ပြောလည်း ပြောချင်စရာဖြစ်နေမှာပဲ။

ကျွန်တော်ဘာမှ ထပ်မပြောဘဲ စဉ်းစားနေတုန်း မမိုးကပဲ အလိုက်သိစွာ ဆက်ပြောပါသည်။

"ပုံ့ပုံ့က မေးတယ်၊ မင်းမှာ ရည်းစားရှိသလားတဲ့"



"အဲဒါ အစ်မက ဘယ်လိုပြန်ဖြေလိုက်သလဲဟင်"

ကျွန်တော့်တုံ့ပြန်မေးခွန်းက အလောတကြီးနိုင်လွန်းလှ၏။

"အမှားကြီးလို့ ဖြေလိုက်တယ်"

"အာ. . . . ဒုက္ခပဲ၊ မမိုးက ဘာလို့အဲဒီလိုဖြေလိုက်ရတာလဲ"

"ဟင်. . . မင်းက မဟုတ်လို့လား"

"အရင်ကတော့ ဟုတ်တာပေါ့၊ အခု ရည်းစားမှမရှိတာ. . ."

"ဒါပေမယ့် မင်းအိမ်နေတာတွေရော၊ မင်းကို လာငြိနေတာတွေရော၊ ပြီးတော့ မင်းရည်းစားဟောင်းတွေကလည်း ပြတ်သွားပြီ သာပြောတာ ရုပ်ရှင်လိုက်ပြရတာနဲ့၊ ဖုန်းထဲမှာ ဂစ်တာတီးပြရတာနဲ့ ရှုပ်နေတာပဲ။ အစ်မက ပုံ့ပုံ့ကို မင်းအတွက်ညာမပေးနိုင်ပါဘူး။ တော်ကြာ အစ်မဘယ်ကောင်းမလဲ"

မမိုးစကားက ယုတ္တိတန်နေပြီး ထိုက်သင့်သလောက်လည်း မှန်နေသဖြင့် ကျွန်တော် ငြိမ်နေလိုက်ရသည်။

"ထားပါတော့၊ မမိုးက အဲဒီလို ပြောလိုက်တော့ ပုံ့ပုံ့က ဘာပြန်ပြောလဲ"

"ဘာမှ ပြန်မပြောဘူး၊ ရယ်နေတယ်"

"တော်ပါသေးရဲ့"

ကျွန်တော်က အခြေအနေကို သုံးသပ်လိုက်ပြီး သက်ပြင်းကို ဖွဖွလေး ချလိုက်မိသည်။ ဒါကို မမိုးက ကြားသွားပါလိမ့်မည်။

"ကိုထူး၊ ကိုထူး. . . မင်း အစ်မဆီဖုန်းဆက်တာ ပုံ့ပုံ့ အကြောင်း မေးချင်လို့ပေါ့လေ၊ ဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်မှာ မမိုးကိုလည်း မလိမ်ရဲဘဲ ရှက်ရှက်နဲ့ ဝန်ခံရတော့သည်။

"ဟုတ်တယ်အစ်မရဲ့၊ ကျွန်တော်သူ့ကို အရမ်းသတိရနေလို့"

"ဖြစ်ရမယ်၊ ဒါပေမယ့် မင်းကို အစ်မ မယုံဘူး"

"တကယ်ပါ အစ်မရယ်. . ."

"မင်းက အကုန်လုံးကို တကယ်ပါချည်းပဲ"

"မမိုးကလည်း အဲဒီလိုတော့ မပြောပါနဲ့ဗျာ၊ ပြီးတော့ ပုံ့ပုံ့ကို အခုလက်ရှိ ကျွန်တော့်မှာ ရည်းစားမရှိဘူးဆိုတာ ပြောပြပေး"

"အင်း. . . ဟုတ်တော့ ဟုတ်နေပါပြီ။ ဟိုတစ်ယောက်ကလည်း သူ့မှာ ရည်းစားမရှိဘူးဆိုတဲ့အကြောင်း စကားပြောရင် တစ်နေ့သုံးခါလောက် ထည့်ပြောတယ်။ အခုမင်းကလည်း. . ."

မမိုးစကားက အဆုံးမသတ်ပေမယ့် ကျွန်တော်က ဒီလောက်နဲ့တင် တော်တော်ပျော်နေပြီ ဖြစ်သည်။

"မမိုးက အရမ်းချစ်ဖို့ကောင်းတာပဲ သိလား။ ဒီနေ့ညနေ မမိုးတို့ အတန်းရှိတယ် မဟုတ်လား။ ဘယ်အချိန်ဆင်းမှာလဲ"

"လုပ်မနေစမ်းပါနဲ့ ကိုထူးရယ်၊ မသိတာ ကြနေတာပဲ။ ဒီနေ့အတန်းက နည်းနည်းစောတယ်။ လေးနာရီအတိ ဆင်းမှာ"

"အိုကေလေ၊ ကျွန်တော် လာချင်လာခဲ့မယ်။ သိပ်တော့ မသေချာဘူးနော်"



"ဟုတ်ပါပြီရှင်၊ ကိုယ်တော်လေး ဒါပဲမဟုတ်လား။ ဒီမှာ အိမ်စာတွေ မပြီးသေးဘူး။ ပြီးရင် မီတာခ သွားဆောင်ရဦးမယ်"

"ဒါဆို ဘာ့တာနော် မမိုး၊ ဖုန်းချလိုက်တော့မယ်"

"အေး. . . တာ့တာ"

မမိုး ဖုန်းချသွားတော့ ပေါ့ပါး ပျော်ရွှင်နေမိ၏။ ကျွန်တော့်ကို တစ်ချိန်လုံး အကဲခတ်နေသော သော်သော်နဲ့မင်းမင်းက စိတ်ပျက်သလို ခေါင်းတရမ်းရမ်းလုပ်နေကြသည်။ ပြီးတော့ ကျွန်တော့်ကိုလည်း တစ်ခုခု ပြောချင်နေကြပုံ ပေါက်၏။ သူတို့နှစ်ယောက်၏ အမူအရာများသည် တစ်ခုခုကို မဖြစ်မနေလုပ်ဖို့ ဆုံးဖြတ်ပြီးမှ အခြေအနေကို အကဲခတ်နေကြဟန်တူသည်။

ပထမတော့ ကျွန်တော်က မသိချင်ယောင်ဆောင်နေခဲ့သော်လည်း သူတို့ ကျွန်တော့်ကို တစ်စုံတရာအတွက် အကူအညီတောင်းဖို့ ခက်နေတာလားဟု စဉ်းစားမိလိုက်ပါသည်။

"ကဲ. . . မင်းမင်းနဲ့သော်သော်၊ မင်းတို့နှစ်ယောက် ဂဏှာကို မငြိမ်ဘူး။ မင်းတို့ဘာဖြစ်နေတာလဲ။ ငါ့ကို ပြောစရာများရှိနေသလား"

သူတို့က တိုင်ပင်သလို တစ်ယောက်နှင့်တစ်ယောက် ကြည့်ကြပြန်သည်။ မင်းမင်းက သော်သော်ကို ခေါင်းတစ်ချက်ဆတ်ပြ၏။ သော်သော်က ကျွန်တော့်ကို မျက်နှာချင်းဆိုင်ကာ စကားပြောဖို့ ပြင်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီလို ကိုထူးရာ၊ ငါတို့က သူငယ်ချင်းတွေဆိုတော့ ပြောစရာရှိတာ အမှန်းခံပြီးပြောဖို့ စဉ်းစားဆုံးဖြတ်ထားကြတယ်"

သော်သော့်စကားသည် ဒီအတိုင်းဆို ကျွန်တော့်ကို အကူအညီတောင်းရန်မဟုတ်နိုင်တော့။ ဒါဆို ဘာဖြစ်နိုင်မလဲ။ တခြားဖြစ်နိုင်ခြေတွေကို စဉ်းစားမိသောအခါ ပွံ့ပွံ့နှင့် ပတ်သက်နေလိမ့်မည်ဟု အလိုလို တွေးမိသွားပါသည်။ ဒါပေမယ့် ထူးခြားတာက သော်သော်သည် အရင်တစ်ခါတွေလို ပြင်းခုန်ကန့်ကွက်ခြင်းမျိုး မဟုတ်ဘဲ သေချာနိုင်လှသော အကြောင်းအရာတစ်ခုကို ပြောရန် ပြင်ဆင်နေခြင်း ဖြစ်သည်။

"ကောင်းပြီ. . မင်းတို့ ပြောပါ၊ ငါ နားထောင်ပါ့မယ်"

"ငါတို့က ပွံ့ပွံ့အကြောင်းပြောမှာနော်"

"ငါ သိပါတယ်"

သူတို့က ကျွန်တော့်ကိုပြုံးကာ ကြည့်နေကြပါသည်။ အရာရာသည် ဖွေးလဲ့သော တိမ်တိုက်များကြားမှာ လွင့်မျောရောက်ရှိနေသလိုခံစားရ၏။ ကျွန်တော်က ရင်တွေလှိုက်ဖိုကာ မောနေ၏။ သူတို့နှစ်ယောက်က ပွံ့ပွံ့အကြောင်းတွေ သိသမျှ၊ ကြားသမျှ တစ်ယောက်တစ်လှည့် ကျွန်တော့်ကို ပြောပြကြပါသည်။

သူများတွေကို ပစ်စလက်ခတ်ပြောတတ်သော သော်သော်သည် ဒီတစ်ခါတော့ ပွံ့ပွံ့ သိက္ခာကို ငဲ့ညှာ၍ (ကျွန်တော့်ကို ငဲ့ညှာတာလည်း ဖြစ်နိုင်သည်) ဆင်ဆင်ခြင်ခြင် ပြောပါသည်။ တတ်နိုင်



သမျှ သူများကို စော်ကားသလို မဖြစ်အောင် သူတို့ ဂရုစိုက်ကြဟန်တူ၏။ ဒီကောင်တွေဟာ ဖဲဒီနေရာမှာတော့ ချစ်စရာကောင်းသည်။ သူငယ်ချင်းဆိုတာထက် ရဲဘော်ရဲဘက်ကောင်းများလိုပင် ကျွန်တော့်ဘေးမှာ သူတို့ ပါဝင်ခံစားပေးကြပါသည်။

သူတို့ပြောပြကြသော ပွံ့ပွံ့အကြောင်းများတွင် ကျွန်တော်မသိသောအရာများက ရှစ်ဆယ်ရာခိုင်နှုန်းခန့်ရှိပါသည်။ အရေးကြီးသော အချို့အချက်အလက်များကို သူတို့က "သိပ်တော့ မသေချာဘူးနော်၊ ငါတို့လည်း သိရတဲ့အတိုင်း ပြောရတာ" ဟု စကားခံပြီးမှ ပြော၏။ ဘာပဲဖြစ်ဖြစ် ကျွန်တော် သူတို့နှစ်ယောက်ကို ကျေးဇူးတင်ပါသည်။

ဖအားလုံးပြီးသွားသောအခါ မင်းမင်းက ကျွန်တော့်ကို ပြောပါသည်။

"မင်းကို ငါတို့က ဘာလုပ်ရမယ်လို့တစ်ခုမှ မတိုက်တွန်းဘူးနော်၊ အခုပြောပြတာတွေက မင်း သူနဲ့ပတ်သက်တဲ့အခါ အချက်အလက်တစ်ခုအနေနဲ့ ထည့်စဉ်းစားနိုင်အောင် ပြောပြတာ"

"ဟုတ်ပါပြီ၊ အခုလို သိရတာ Thanks You ပါကွာ၊ တကယ်ပါ. . . . ငါအလေးအနက်ပြောတာပါ"

ကျွန်တော့်စကားကြောင့် သူတို့ ကျေနပ်သွားကြသည်။ တကယ်ပဲ ကျွန်တော် သူတို့စေတနာကို သဘောပေါက်ပါသည်။

သူမသတင်းတွေသည် တော်ရုံတန်ရုံ ခံနိုင်ရည်နဲ့ဆိုရင် ပြာကျသွားနိုင်သည်။ ဒါပေမယ့် ကျွန်တော်က ထူးလွန်းကို ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပျက်သမျှ အရာရာတိုင်းသည် သူ့အကြောင်းနှင့်သူ ရှိနေတတ်သည်။ ကြားရသမျှ သတင်းအားလုံးသည်သာ အမှန်တရားဖြစ်ပါစေ။ ကျွန်တော်က ဘာကြောင့် ရင်မဆိုင်ရဲရမည်နည်း။

ထိုသို့ အားတင်းလိုက်၊ ပြန်သွေးပျက်သွားလိုက်နှင့် ကျွန်တော်တစ်ယောက်တည်း ရှုပ်ယှက်ခတ်နေ၏။ ဒီလိုနှင့် ညနေလေးနာရီသည် တဖြည်းဖြည်း နီးကပ်လာသည်။ ကျွန်တော်က ဆုံးဖြတ်ချက်တစ်ခုကို ချက်ချင်းချလိုက်ပြီး သန္တာအောင် ဟန်းဖုန်းဆီ လှမ်းဆက်ကာ ကားအကူအညီတောင်းတော့ သန္တာအောင်က ကျွန်တော်နှင့်နားမှာ ရောက်နေသဖြင့် ငါးမိနစ်အတွင်း ကားရောက်လာ၏။

ကျွန်တော်က အဝတ်မလဲတော့ဘဲ သန္တာအောင်ကားနှင့် ဗိုလ်ကလေးဈေးလမ်းရှိ Y.E.S သင်တန်းဆီ ထွက်လာခဲ့ပါသည်။

"နင်ကလည်း လန့်လိုက်တာ ကိုထူးရယ်၊ ငါ့ကိုလည်း ရှင်းပြစမ်းပါဦး"

သန္တာအောင်ကို ကျွန်တော်က အတိုချုပ်ရှင်းပြကာ ပါးစပ်ခကာပိတ်ထားဖို့ တောင်းပန်ရ၏။ ကျွန်တော်က ကားကို ပုံ့ပုံ့တို့သင်တန်းနှင့် မလှမ်းမကမ်းမှာ ရပ်ထားခိုင်းပြီး ကားပေါ်မှမဆင်းဘဲ အခြေအနေကို ကြည့်နေ၏။ လေးနာရီအတိမှာပဲ ပုံ့ပုံ့တို့ သင်တန်းဆင်းလာသည်။ လူအားလုံး ကုန်သလောက်နီးပါးရှိမှ မမိုးနှင့်ပုံ့ပုံ့တို့ရယ်ရယ်မောမောနှင့် ဆင်းလာ၏။

ဟိုတစ်ခါ ကျွန်တော့်ကို ရပ်စောင့်သည့်နေရာမှာ ရပ်ပြီး သူတို့ဟိုဟိုသည်သည် ကြည့်နေကြသည်။



"ဟဲ့. . . ကိုထူး၊ ဟိုမှာ မမိုးလေ၊ နင့်ကိုရှာနေတယ်"

"နင် တိတ်တိတ်နေစမ်းပါ သန္တာအောင်ရယ်၊ ငါတောင်းပန်ပါတယ်။ ငါ အကုန်တွေ့တယ်။ ဗိုကေနော်"

ဒီတော့မှ သန္တာအောင်က ခေါင်းညိတ်ပြကာ ကျွန်တော်နှင့်အတူ ငြိမ်ငြိမ်လေး မမိုးနှင့်ပုံ့ပုံ့ကို ကြည့်နေမိလေသည်။

သူတို့နှစ်ယောက်စကားပြောလိုက်၊ နာရီကြည့်လိုက်၊ ကျွန်တော့်ကိုရှာလိုက် လုပ်နေပုံကို ကျွန်တော်က အရသာခံပြီး ကြည့်နေမိသည်။ အဝေးမှ မြင်ရရုံဖြင့်ပင် သူမ၏ ဖြူစင်မှုတွေကို ကျွန်တော်ခံစားရပါသည်။

နောက်ထပ် ဆယ့်ငါးမိနစ်လောက်ကြာတော့ ပုံ့ပုံ့တို့အိမ်ကကားလာကြို၏။ မမိုးလည်း သူမတို့ကားပေါ်ပါသွားသည်။

"ကဲ. . . သန္တာအောင်၊ ငါ့အိမ်ကိုသာ ပြန်မောင်းတော့၊ ပြီးတော့ ဒီကိစ္စကို မမိုးလည်း မသိစေနဲ့"

"အေးပါဟ၊ ဒါပေမယ့် ငါမနေနိုင်လို့ ပြောလိုက်ဦးမယ်၊ နင်ကကြောင်ပဲ"

ကျွန်တော်က သန္တာအောင်၏ သရော်မှုကို ပြုံးလိုက်မိသည်ဒါ နည်းပညာတစ်ခုဟုလည်း သန္တာအောင်ကို မပြောဖြစ်တော့သန္တာအောင်က မိန်းကလေးတွေဘက်မှ ကျွန်တော့်ကို ...ချမင်းစိုး၍လည်းမဟုတ်။ တစ်ခါတစ်လေ မရှင်းပြခြင်းများသည် အမှန်တရားနှင့် ပိုနီးစပ်နေသောကြောင့် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



မရောက်သေးတဲ့ အခြေအနေတစ်ခု လုပဖို့အတွက် လက်ရှိ ခံစားမှုတွေကို စတေးတတ်ရတယ်ဆိုတာ သူမသိဖို့ အချိန်တွေ အများကြီး လိုအပ်သေးပါသည်။

⁂ ⁂ ⁂ ⁂ ⁂

အခန်း (၅)

ဖေဖော်ဝါရီလ (၁၄) ရက်။

မနက် (၇) နာရီ။

ကျွန်တော်က နာရီနှိုးစက်ကြောင့် အိပ်ရာမှ နိုးထလာ၏။ ဒီနေ့ Valentine Day မို့ အစောကြီးနိုးချင်နေမိသည်။ ပုံမှန်ဆိုလည်း ကျွန်တော်က ဒီအချိန်လောက် နိုးတတ်ပါသည်။

ဒါပေမယ့် ညက အိပ်ရာဝင်တာ အရမ်းနောက်ကျလို့ နာရီကို နှိုးစက်ပေးထားခဲ့တာ ဖြစ်သည်။

ကျွန်တော် သိပ်အပျင်းထူမနေတော့ဘဲ အိပ်ရာက ထလိုက်သည်။ ပြီးတော့ ကြိုတင်စဉ်းစားထားသည့်အတိုင်း စာရေးစားပွဲ

www.burmeseclassic.com

www.burmeseclassic.com



အံဆွဲထဲမှ ဒိုင်ယာရီစာအုပ်ကို ထုတ်ပြီး ပုံပုံ၏ဖုန်းနံပါတ်ရေးထားသော ကဒ်ပြားကို ရှာသည်။

ဟော. . . တွေ့ပြီ။

ကျွန်တော် တယ်လီဖုန်းရှေ့သွားကာ ကျကျနနထိုင်၏။ သူမ၏ ဖုန်းနံပါတ်ကို တစ်ချက်ချင်း သေချာနှိပ်ပါသည်။ ရင်ခုန်သံတွေက အတိုင်းအဆမရှိ မြန်လျက်ရှိသည်။ ကျွန်တော် ငုတ်ရုပ်ခေါက်တာ စသင်နေတဲ့အကြောင်းလည်း သူမကို ပြောပြရမည်။

"ဟဲ . . ."

"ပုံပုံလား"

"ဘယ်သူပါလဲရှင်"

"ထူးလွင်ကို"

"ဪ...ဘယ်သူများလဲလို့၊ ပုံပုံလား ဆိုတော့ လန့်သွားတာပဲ။ ဖုန်းတစ်ခါမှ မပြောဖူးတော့ အသံမမှတ်မိဘူး ဖြစ်နေတာ"

"နောက် ကြာလာတော့ မှတ်မိသွားမှာပေါ့"

"အံမယ် ကြာလာမှမဟုတ်ပါဘူး။ နောက်တစ်ခါဆို မှတ်မိပါပြီ"

"ဟုတ်လို့လား"



"မယုံရင် စမ်းကြည့်ပေါ့"

သူမ၏ စိမ်ခေါ်စကားကြောင့် ကျွန်တော်က ပျော်ရွှင်စွာ ရယ်မောမိသွားပါသည်။ ကျွန်တော် အခုလို စောစောစီးစီး မရယ်မောခဲ့တာ ကြာနေပြီ။

"ကျေးဇူးပဲ ပုံပုံ. . ."

"ရှင်. . . ဘာအတွက်လဲ"

"ပုံပုံကြောင့် ကျွန်တော် ရယ်ရတယ်လေ။ အခုလို နှစ်နှစ်ကာကာမြိုက် မရယ်ရတာ ကြာလှပြီကွ . . ."

"အံ့ဩတာပဲ"

"ပုံပုံပြောတာ မိုက်တယ်နော်။ အံ့ဩစရာပဲလို့လည်း မဟုတ်ဘူး အံ့ဩတာပဲ တဲ့. . ."

"ဟုတ်လား၊ မသိပါဘူး။ ပုံပုံက စိတ်ထဲရှိသလို ပြောလိုက်တာ"

"ဟုတ်ပါတယ်၊ ကျွန်တော်က အဲဒီ 'အံ့ဩတာပဲ'ကို အံ့ဩနေတာ. . ."

"ဟာ. . . ရှုပ်ကုန်ပြီ၊ ဟား. . ဟား. . . ဟား"

သူမသည် သဘောကျပြီး အော်ရယ်နေပြန်သည်။ ခဏကြာတော့ ကျွန်တော်က စကားကို ပြန်ဆက်ပါသည်။

"ပုံပုံက အစောကြီး နိုးသားပဲ။ ကျွန်တော်က နိုးမှနိုးပါ့ဦးမလားလို့ ဒိုးရိမ်နေတာ"

"ဪ. . . နိုးပါတယ်၊ နိုးပြီးလို့ ပြေးတောင် ပြေးပြီးသွား

www.burmeseclassic.com

www.burmeseclassic.com



"တယ်ဟုတ်ပါလား၊ ဘယ်အချိန်ထဲက ထပြေးတာလဲ"

"အစောကြီးပဲ၊ မနက်ငါးနာရီခွဲ ထပြေးတာ၊ သုဝဏ္ဏာကွင်း တစ်ပတ်ပေါ့။ ပြီးရင် အိမ်ပြန်လာပြီး ပြေးတဲ့လမ်းအတိုင်းပဲ စက်ဘီးနဲ့ တစ်ခါ ပြန်ထွက်တယ်"

"ဒါဆိုပုံ့ပုံ့က အခုစက်ဘီးနဲ့ ပြန်ထွက်ဦးမှာပေါ့"

"ဟင့်အင်း. . . မထွက်တော့ဘူး၊ ပြီးသွားပြီလေ။ စက်ဘီးလည်း စီးပြီးသွားပြီ၊ သူ့ဖုန်းဆက်တော့ ပြန်ရောက်ခါစပဲရှိသေးတယ်"

"ကျွန်တော်လည်း အရင်က ပြေးတယ်။ အခုတော့ မပြေးဖြစ်တာ တော်တော်ကြာသွားပြီ"

"ပြန်ပြေးပါလား"

"ဘာဖြစ်လို့လဲ၊ ဝနေလို့လား"

"သိပ်တော့ မဝဘူးပေါ့၊ ဒါပေမယ့် အသားပိုကျစ်သွားတော့ ကောင်းတာပေါ့၊ မဟုတ်ဘူးလား"

"အင်း. . . ပုံ့ပုံ့ပြေးစေချင်ရင် ပြေးမှာပေါ့၊ ဒါပေမယ့် ပုံ့ပုံ့နဲ့ အတူတူလာပြေးမယ်"

"တကယ်လား. . .၊ ဖဆပလနဲ့ ဝေဇယန္တာရာက အဝေးကြီးနော်။ ပြီးတော့ မနက်ငါးနာရီခွဲ၊ ဖြစ်ပါ့မလား"

"သိပ်ဖြစ်တာပေါ့၊ ဒါပေမယ့် နေ့တိုင်းတော့ မဟုတ်ဘူးနော်"

"ဒါဆို ဘယ်နေ့စမလဲ"

"အဲဒါက ကျွန်တော် ဖုန်းထပ်ဆက်မယ်လေ၊ ဟုတ်ပြီလား"



"အိုကေ. . .၊ သူ့ဖုန်းက ဒီဖုန်းနံပါတ်လား"

"ဟုတ်ကဲ့. . ."

"နေဦး၊ မေးစရာရှိသေးတယ်"

"မေးလေ. . ."

"ငှက်ရုပ်ခေါက်တာ သင်နေပြီလား"

"အဲဒါပြောမလို့၊ သင်တာ နှစ်ရက်ရှိနေပြီ။ စသင်တဲ့နေ့ကဆို တစ်နေ့လုံး ငှက်ရုပ်ခေါက်နေတာ၊ တစ်နေ့လုံး အချိန်သာကုန်သွားတယ်၊ ငှက်ရုပ်က တစ်ခုပဲ ရတယ်။ ပြီးတော့ သူများတွေခေါက်သလို လှလည်း မလှဘူး"

ကျွန်တော့်စကားကြောင့် သူမက သိမ်မွေ့စွာ ရယ်ပါသည်။ နောက် ကျွန်တော့်ကို အားပေးစကားပြော၏။

"သြော်. . . ဒီလိုပဲပေါ့။ အစပဲဥစ္စာ၊ နောက်တော့လည်း ကျွမ်းသွားမှာပေါ့"

"ငှက်ရုပ်ခေါက်တာ ကျွမ်း၊ မကျွမ်းတော့ မသိဘူး။ အဲဒါ သင်ပေးတဲ့ ချိုသွယ်ဆိုတဲ့ ကောင်မလေးနဲ့တော့ တော်တော်ခင်သွားတယ်"

"သြော်. . . ဖြစ်မှဖြစ်ရလေ"

ကျွန်တော်က သူမ၏ လေသံထဲမှ တိကျသော အဓိပ္ပာယ်ကို စူးစမ်းကြည့်မိသေးသည်။ သို့သော် ပကတိ ဗလာသက်သက်ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟိတ်. . . ဘာတွေစဉ်းစားနေတာလဲ"

"ပုံ့ပုံ့ကို မေးခွန်းတစ်ခု မေးမလို့။ အဲဒါစဉ်းစားနေတာ"

"မေးစရာရှိတာ မေးပေါ့"

"ပုံ့ပုံ့က ကျွန်တော် ဖဆပလမှာနေတာ ဘယ်လိုလုပ်သိတာလဲ"

"ဩော်. . . ဒါလား၊ မဂ္ဂဇင်းတစ်ခုမှာ Profiles in Celebrity ဆိုတဲ့ ကဏ္ဍတစ်ခုပါတယ်။ အဲဒီထဲက ထူးလွင်ကို Profile ဆိုတဲ့ ထဲမှာတွေ့လို့ မှတ်ထားတာ. . . သိပြီလား"

"ဟုတ်လား၊ ကျွန်တော်တောင် မမှတ်မိတော့ဘူး"

"ပုံ့ပုံ့ကတော့ အကုန်မှတ်မိတယ်၊ ဘယ်အင်တာဗျူးမှာ ဘယ်လိုဖြေခဲ့တာကအစ အားလုံး မှတ်မိတယ်"

"ဉာဏ်ကောင်းလို့ ဖြစ်မှာပေါ့။ ကျွန်တော်က ဉာဏ်တုံးတယ်ဗျ"

"ဟုတ်လို့လား"

"တစ်ခုတော့ရှိတာပေါ့၊ မှတ်မိချင်တဲ့အရာဆို ဦးနှောက်နဲ့ မှတ်မထားဘူး။ မေ့သွားမှာစိုးလို့"

"ဒါဖြင့်. . ."

"နှလုံးသားနဲ့မှတ်ထားတာ"

"အံ့ဩတာပဲ"

ကျွန်တော်သည် ထိုကောင်မလေး၏ စွဲလမ်းစရာကောင်းသော လေယူလေသိမ်းမှာ ပျော်ရွှင်လျက် ရှိသည်။



"ကျွန်တော်လည်း နောက်ဆို ပုံ့ပုံ့ပြောသလို 'အံ့ဩတာပဲ'လို့ လိုက်ပြောမယ်နော်။ အဲဒီကျရင် အတုခိုးတယ်လို့ မကဲ့ရဲ့ရဘူး၊ ဘယ်လိုလဲ"

"ရပါတယ် မကဲ့ရဲ့ပါဘူး၊ ပြောပေါ့။ ဩော်. . . ဒီမှာ ဖုန်းက အချက်ပေးနေပြီ။ ဘက်ထရီ ဒေါင်းတော့မယ်။ ညက မေ့ပြီးတော့ အားမသွင်းလိုက်မိဘူး။ ဒါပဲနော်. . . . နောက်မှ ပုံ့ပုံ့ ပြန်ဆက်လိုက်မယ်"

"ဒါဆို တာ့တာ"

"တာ့တာ"

သူမဆီမှ ဖုန်းချသွားသောအခါ ကျွန်တော့်ရင်ခွင်သည် မြေ့မြေ့ကလေး လွမ်းငွေ့သန်းနေလေသည်။ ဒီနေ့အတွက် လန်းဆန်းတက်ကြွကာ ခွန်အားတွေကလည်း အလိုလိုပြည့်နေပြန်သည်။

သော်သော်နှင့်မင်းမင်းကတော့ အိပ်ကောင်းနေဆဲ။ ကျွန်တော်စိတ်ကောင်းဝင်နေပြီး သူတို့နှစ်ယောက်ကို နှိုးကဲ့ မနက်စာကျွေးတော့ သူတို့အံ့ဩနေကြ၏။

"ဒီနေ့တော့ ထိထိုးဦးမှပဲ"

မင်းမင်းက ကျွန်တော့်ကို ထိုသို့ရွဲ့ပါသည်။ သော်သော်က နန်းကြီးသုပ်ကို အားရပါးရ စားနေရာမှ တစ်စုံတစ်ခုကို သူခိုးရသွားဟန်ဖြင့် အစာစားခြင်းကို ခဏရပ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ဒီနေ့ ဖေဖော်ဝါရီ (၁၄) ပဲ"

ပြောပြီး ကျွန်တော့်ကိုတစ်ချက် အကဲခတ်သလိုကြည့်သည်။ မင်းမင်းကလည်း ဒီတော့မှ မသက်ာဖြစ်သွားပြီး ကျွန်တော့်ကို အံ့တော့သည်။

"ကိုထူး... မင်းဒီနေ့ ရည်းစားရလို့ ငါတို့ကို မုန့်ကျွေးတာလား"

"ဘယ်ကလာ... အဝေးကြီး...."

ကျွန်တော်က ဣန္ဒြေမပျက် ခပ်တည်တည် ပြန်ဖြေလိုက်၏။ သို့သော် သူတို့၏မယုံသင်္ကာဖြစ်နေသော မျက်လုံးတွေကိုတော့ ကျွန်တော်လိပ်ပြာမသန့်သလို ခံစားရ၏။

"မင်းတို့ကလည်း အခုမှ အစောကြီးရှိသေးတယ်။ ဘယ်သူနဲ့မှလည်း မတွေ့ရသေးဘူး။ မင်းတို့ထက် ငါအရင်နိုးတာလေးပဲရှိတာ ငါက ဘယ်သူနဲ့ ရည်းစားဖြစ်ရမှာလဲကွ"

သော်သော်က ကျွန်တော့်ဖြေရှင်းချက်ကို မျက်မှောင်ကုတ်ထား စဉ်းစားနေလေသည်။ နောက်... မင်းမင်းကို ကျွန်တော်မကြား အောင် တိုးတိုးလေးစကားပြောလိုက်၏။ ပြီးတော့ ကျွန်တော့်ကို ဘာမှ ထပ်မစပ်စုတော့ဘဲ စားစရာရှိတာကို အားရပါးရစားနေကြ သည်။ မုန့်စားပြီးတော့ လက်ဖက်ရည်မှာကြပြန်သည်။

လက်ဖက်ရည်မှာနေဆဲမှာ မင်းမင်းက အိမ်သာတက်ချင် သည်ဟုဆိုကာ အိမ်သော့ယူပြီးပြန်သွား၏။ ကျွန်တော်နှင့် သော်သော်



ဘ ဒိန္နစ်ပရိုးမီးယားလိဂ်မှာ မန်ချက်စတာယူနိုက်တက် ချန်ပီယံ ဖြစ်၊ မဖြစ် ငြင်းခုန်ကာ ကျန်ရစ်ခဲ့သည်။

ဆယ့်ငါးမိနစ်ခန့်ကြာတော့ မင်းမင်းပြန်ရောက်လာသည်။ သူ့လက်ဖက်ရည်ခွက်ကို ခပ်တည်တည်ပဲ ယူသောက်လိုက်၏။ သော်သော်က မေးဆတ်ပြသည်ကို မင်းမင်းက လက်မထောင်ပြ သည်။ သူတို့နှစ်ယောက် ကျွန်တော့်ကို တစ်ခုခုတော့ ပူးပေါင်း စစ်ဆင်ရေးလုပ်နေကြပြီ။ သော်သော်က ဉာဏ်ကောင်းသည်။ စဉ်းစားတွက်ချက်ရာတွင် ထူးချွန်သူဖြစ်သည်။ မင်းမင်းကလည်း ဘိကျသေချာစွာ အလုပ်လုပ်တတ်သည်။

"ကိုထူး..."

သော်သော်က အောင်နိုင်သူတစ်ယောက်လို ကျွန်တော့်နာမည်ကို ခေါ်၏။

"ဘာလဲ..."

"မင်း ဒီနေ့မနက် ပုံပုံနဲ့ ဖုန်းပြောတယ်၊ အဲဒါ ဟုတ်လား"

ဘုရားရေ ဒီကောင်တွေတော့ လွန်လွန်းအားကြီးနေပြီ။ အခုမှတော့ လိမ်လို့လည်းရမယ့်ပုံမပေါ်တော့။

"ဟုတ်တယ်၊ မင်း ဘယ်လိုလုပ်သိသလဲ"

မင်းမင်းက ဆရာကြီးအိုက်တင်နှင့် ခေါင်းတညိတ်ညိတ်လုပ် နေ၏။

"မင်းက အခုလို ရိုးရိုးသားသား ဝန်ခံတော့လည်း ငါတို့က ပြောပြရတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"အင်း. . . လုပ်စမ်းပါဦး"

"ဒီနေ့မနက် မင်း ဘယ်မှမသွားဘူး၊ ဘယ်သူနဲ့မှလည်း မတွေ့ရသေးဘူးဆိုတာကို ငါတို့လက်ခံတယ်၊ ဒီတော့ တခြားဖြစ်နိုင်ချေတစ်ခုက တယ်လီဖုန်းပဲ ရှိတော့တာပေါ့။ ဒါနဲ့ မင်းမင်းကို အိမ်ပြန်ခိုင်းပြီး ဖုန်းမှာ Redial နှိပ်လိုက်ရုံနှင့် မင်းဆက်ခဲ့တဲ့ ဖုန်းနံပါတ်ကို သိရရော။ ပြီးတော့ ဂျာနယ်က ကိုချစ်ဖွယ်ဆီ ဖုန်းဆက်ပြီး နှင်းဆီပြုဖုန်းနံပါတ်သိချင်လို့ တောင်းလိုက်တယ်။ နောက်. . . ဖုန်းနံပါတ်နှစ်ခုကို တိုက်ကြည့်လိုက်တော့ အဖြေပေါ်သွားတာပေါ့"

မင်းမင်းက ဝင်ပြောပြန်၏။

"ငါဖုန်းကို Check လုပ်ကြည့်တော့ မင်း ပုံ့ပုံ့ဆီဖုန်းဆက်တာဆယ့်ရှစ်မိနစ်ကြာတယ်"

ကျွန်တော်ဘာမှကို မတတ်နိုင်တော့။ ဒီလိုကိစ္စမျိုးတွေမှာဆိုနှစ်ကောင်စလုံး တော်လိုက်ကြတာ။ ဂျာနယ်လစ်တောင် လုပ်ဖို့ကောင်းနေပြီ။

"ငါ ပုံ့ပုံ့ဆီ ဖုန်းဆက်တယ်ဆိုတာတော့ ဟုတ်ပါတယ်။ ဒါပေမယ့် မင်းတို့ စွပ်စွဲသလို ရည်းစားရလို့ မုန့်ကျွေးတာတော့ မဟုတ်ပါဘူး။ သူငယ်ချင်းတွေကို တကယ့်စေတနာနဲ့ ကျွေးတာပါ"

"ဟုတ်ပါပြီ ထားပါတော့၊ ထားပါတော့. . ."

ကျွန်တော့်ကို သူတို့နှစ်ယောက် ပြဿနာထပ်မလုပ်ကြတော့ဘဲ ဒီကိစ္စက လွယ်လွယ်နှင့် ပြီးသွားခဲ့ပါသည်။



အိမ်ကို ပြန်ရောက်တော့ ကျွန်တော်က မပြီးသေးသော သီချင်းတစ်ပုဒ်ကို ဆက်ရေးဖို့ ကြိုးစားမိသည်။ ပုံ့ပုံ့သည် ကျွန်တော့်အတွေးများထဲ ဖျတ်ခနဲရောက်လာလိုက်၊ ပြန်ထွက်ပြေးသွားလိုက်နှင့် ကျွန်တော့်အား ဆော့ကစားလျက်ရှိသည်။

ဒုက္ခပါပဲ. . . .

ပုံ့ပုံ့ရေ

ငါ့ကို တဆိတ်လောက်ကူညီစမ်းပါ

မနှောင့်ယှက်ပါနဲ့ကွာ. . .။

နေ့လယ်ခင်းတစ်ခုလုံး ကျွန်တော်သည် ဂစ်တာတစ်လက်နှင့် အလုပ်ရှုပ်နေမိသည်။ ပုံ့ပုံ့သည် ခေါင်းထဲကရော၊ နှလုံးသားထဲကပါ ထုတ်ပစ်၍ မရသောအခါ ကျွန်တော် သူ့ပအကြောင်းတွေပဲ ချရေးပစ်လိုက်တော့၏။ အနှောင့်အယှက်ပေးနေသည့် ကောင်လေးတစ်ယောက်အဖြစ် ကိုယ့်ကိုယ်ကို ပြန်သုံးသပ်ထားလိုက်သည်။

ကျွန်တော်ရေးနေသည့် သီချင်းသည် စာသားအကြောင်းအရာတွေ ချက်ချင်းပြောင်းသွားပြီး မယ်လိုဒီကတော့ မူလတည်ထားသည့်အတိုင်းသာ ဖြစ်၏။ အားလုံး အချောပြီးသွားတော့ ကျွန်တော့်သီချင်းသည် ပုံ့ပုံ့ကို ရည်ညွှန်းထားသော သီချင်းတစ်ပုဒ်ဖြစ်သွားခဲ့သည်။ ဒါကြောင့် သီချင်းအောက်မှာ "Dedicated to P.P" ဟု ရေးထားလိုက်မိသည်။ သီချင်းခေါင်းစဉ်ကိုတော့ "မျက်နှာချင်းဆိုင်အဖျား" လို့ ပေးထားလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ဗိုက်ဆာသလိုဖြစ်လာ၍ နာရီကို ကြည့်လိုက်တော့ ညနေ ခြောက်နာရီပင်ကျော်နေပြီ။ တံခါးခေါက်သံကြားရသဖြင့် ထဖွင့်လိုက်တော့ မမိုးကို တွေ့ရသည်။ မမိုးက ရောက်ရောက်ချင်း ဟိုတစ်နေ့က ကျွန်တော်ရောက်မလာခဲ့ခြင်းကို အပြစ်တင်၏။

"မင်းက ဟိုတစ်နေ့က လာမယ်ဆိုပြီး လာလည်း မလာဘူး။ ဟိုမှာ ပုံ့ပုံ့ကပါ စောင့်နေတာ"

"ကျွန်တော်ပြောသားပဲ၊ သိပ်တော့ မသေချာဘူးလို့"

"ထားပါတော့၊ ပုံ့ပုံ့က စိတ်ဆိုးသွားတယ်လို့ ပြောလိုက်တဲ့၊ အစ်မကို မှာသွားတယ်"

"ကျွန်တော့်ကိုကျတော့ ဘာမှမပြောပါလား၊ ဒီနေ့မနက် ဖုန်းပြောရသားပဲ"

"အေးပေါ့၊ မင်းနဲ့ပြောတော့ မေ့သွားတာဖြစ်မှာပေါ့။ အခုလာတာလည်း သူ့ကိစ္စပါပဲ။ ဒီမှာ မင်းအတွက် စာတစ်စောင်ပေးလိုက်တယ်။ ဒီနေ့ မင်းဆီရောက်အောင် ပို့ပေးပါတဲ့"

မမိုးက ထောင်ပြသော စာအိတ်ပန်းရောင်လေးကို ကျွန်တော် ရင်မခုန်ဘဲ မနေနိုင်တော့။ ကျွန်တော်က လှမ်းယူတော့ မမိုးက လက်ကို ရုတ်လိုက်သည်။

"ဒီလိုတော့ ဘယ်ရမလဲ၊ ပတ္တရာမှာ ပဲကြာဇံသုတ်သွားစားမယ်။ အဲဒါ ဟိုတစ်ခါထဲက အကြွေးနော်"

"ဟုတ်ပါပြီ၊ သွားတာပေါ့"



ကျွန်တော်က အပေါ်အင်္ကျီလဲနေစဉ် မမိုးက တစ်အိမ်လုံး လျှောက်ကြည့်ရင်း မေးပါသည်။

"ဟိုကောင်တွေရော"

"နေပြည်တော်ရုံမှာ ရုပ်ရှင်သွားကြည့်ကြတယ်။ ခြောက်နာရီခွဲကားကို ညနေငါးနာရီလောက်ကတည်းက ထွက်သွားကြတာ။ လက်ဖက်ရည်ဆိုင်တွေဘာတွေ ထိုင်ကြမှာပေါ့"

"မင်းက ဘာလို့လိုက်မသွားတာလဲ"

"ဒီမှာလေ သီချင်းရေးနေတာ၊ Mood ဝင်ပြီး ကျန်ရစ်ခဲ့တာပေါ့"

မမိုးက သီချင်းစာရွက်ကို ယူဖတ်ကြည့်ကာ "ဇာတ်လမ်းကစပြီ"ဟု ပြောပါသည်။ Dedicated to P.P ဆိုသည့် အောက်ကစာသားကို တွေ့သွား၍ ဖြစ်မည်။

ကျွန်တော်က ရယ်နေရင်းမှ မမိုးကို လှမ်းစလိုက်ပါသည်။

"မမိုးက ဒီဇာတ်လမ်းမှာ ဒါရိုက်တာလား၊ ဇာတ်ညွှန်းလား"

"ကိုထူးနော်. . . ပြဿနာမရှာနဲ့။ ပုံ့ပုံ့ကိုတောင် ခုနက အဲဒါနဲ့ပတ်သက်ပြီး ပြောခဲ့သေးတယ်"

"ဘာပြောခဲ့တာလဲ"

"သူက မင်းကို စာပေးခိုင်းတော့ပြောခဲ့တယ်။ မင်းတို့ဘာသာ မင်းတို့ ပတ်သက်ကြတာ။ နောက်မှ တစ်ခုခုဖြစ်ရင် အစ်မတို့ ခေါင်းဝဉ်လာမတပ်ကြနဲ့လို့ ပြောခဲ့တယ်"

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီတော့ သူက ဘာပြန်ပြောလဲ"

"မတပ်ပါဘူးတဲ့၊ ပြီးတော့ ရယ်နေတယ်"

ပွံ့ပွံ့က ရယ်နေတယ်ဆိုသောကြောင့် ကျွန်တော်ကလည်း ရယ်လိုက်မိသည်။ ဒီကောင်မလေးဟာ တစ်စုံတစ်ခုသော ပယောဂ ကြောင့် ကိုယ်လုပ်ဖို့ ဆုံးဖြတ်ထားသည့် ဆုံးဖြတ်ချက်ကို ပြုပြင်မည့်သူ မဟုတ်ဘူးဆိုတာ ကျွန်တော်လောင်းရဲပါသည်။ နောက်တစ်ခုက သူမဟာ ကိုယ့်လုပ်ရပ်တွေကို ဘာပဲဖြစ်ဖြစ် နောင်တတော့ မရ လောက်ဘူး ထင်ပါရဲ့။

ကျွန်တော်သည် အတွေးလွန်နေရာမှ မမိုးဆီ တစ်ချက်ကြည့် မိတော့ အပြင်သွားဖို့ အသင့်ဖြစ်နေတာကို တွေ့ရ၏။ ကျွန်တော်တို့ နှစ်ယောက်သား ဖဆပလမှ တက္ကစီငှားပြီး ရွှေဘုံသာလမ်းသို့ ထွက် လာခဲ့ကြသည်။ ရွှေဘုံသာလမ်းမှာ မမိုးအရမ်းကြိုက်သော 'ပတ္တရာ' ဆိုသော ထိုင်းစားသောက်ဆိုင်တစ်ဆိုင်ရှိသည်။ အဲဒီဆိုင်မှ ပဲကြာဇံ သုပ်ကို ကျွန်တော်တို့နှစ်ယောက်ဆုံရင် အမြဲသွားစားလေ့ရှိသည်။

ပတ္တရာဆိုင်ကိုရောက်တော့ လူရှင်းနေ၏။ ကျွန်တော်တို့ နှစ် ယောက်မှအပ တခြားဝိုင်းတစ်ဝိုင်းသာ ရှိသည်။ မမိုးက ကျွန်တော် မတောင်းရဘဲ အလိုက်သိစွာပွံ့ပွံ့စာကို ထုတ်ပေးပါသည်။ ခုန်နေ သော ရင်ကို ကျွန်တော်က ကြိုးစားထိန်းသိမ်းရင်း သူမ၏စာကို ဖောက်ဖတ်လိုက်တော့သည်။



*အားလုံးခေါ်သလို 'ကိုထူး'လို့ပဲ ခေါ်မယ်နော်၊*

*'စိမ်းလန်းသောနေ့များ' ခွေထဲမှာ ကိုထူးရေးတဲ့ 'ကလေး' ဆိုတဲ့ သီချင်းကို ပွံ့ပွံ့ အရမ်းသဘောကျတာတယ်. . . သိလား၊ အဲဒီသီချင်းမှာ ကိုထူးရေးထားတဲ့ စာသား တွေရော၊ သံစဉ်ပါ အားလုံးကို ကြိုက်ပါတယ်၊ အထူး သဖြင့် ကောင်လေးက ကောင်မလေးကို 'ကလေး'လို့ သုံးနှုန်းပြီး ဖွဲ့ထားတာကို အကြိုက်ဆုံးပဲ။ ဘာဖြစ်လို့လဲ ဆိုတော့ သီချင်းထဲက ကောင်မလေးကို အားကျလို့လေ၊ အဲဒီလို 'ကလေး'လို့ခေါ်တာ တော်ရုံတန်ရုံကြင်နာမှုနဲ့ မဖြစ်နိုင်ဘူး ထင်တယ်၊ သီချင်းထဲက ကောင်မလေးလို ခေါ်မယ့်သူ မရှိလို့ အားကျတာလို့ သဘောထားလိုက်ပါ။*

***မေဆော်ဝါရီ (၁၄)မှာ*** *ပထမဆုံးနှုတ်ဆက်သူ* ***နို့ ကျေးဇူးတင်တယ်၊***

*P.P*

ကျွန်တော်သည် သူမ၏စာကို နှစ်ခါတိတိ ပြန်ဖတ်နေလိုက် ပါသည်။ မမိုးက ရောက်လာသော ပဲကြာဇံသုပ်ကို စစားနေပြီ။ ကျွန်တော်က ပွံ့ပွံ့ရဲ့စာကို စာအိတ်ထဲ ပြန်ထည့်ကာ သိမ်းလိုက်၏။ ပြီးတော့ ကျွန်တော့်ရှေ့ကပဲ ကြာဇံသုပ်ကို စားနေလိုက်သည်။ သို့ သော် ပဲကြာဇံသုပ်သည် ဘာအရသာမှမရှိ။ ကျွန်တော့်စိတ်ထဲတွင် သူမကြောင့် ဖြစ်ပေါ်လာသော ကြည်နူးမှုသာ ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



ခဏကြာတော့ ကျွန်တော်ရေတ်သီးတွေ စားမိပြီး ရှူးရှူးရှဲရှဲ ဖြစ်ကာ ရေအမြန်သောက်ရ၏။ မမိုးက ကျွန်တော့်အဖြစ်ကို ကြည့်ပြီး ရယ်သည်။

"ကိုထူးရယ်. . . ဖြစ်မှဖြစ်ရတယ်။ စိတ်တွေက ဘယ်ရောက်နေမှန်းမှ မသိတာ။ ဟိုကလည်း စာထဲမှာ ဘာရေးထားသလဲ မသိဘူး"

"ရော့. . . ဖတ်ကြည့်လေ"

မမိုးက မငြင်းဘဲ ကျွန်တော်ကမ်းပေးသော စာကို ယူဖတ်နေသည်။ ဖတ်ပြီးသွားတော့ ပြုံးလျက် ကျွန်တော့်စာကို ပြန်ပေး၏။ မမိုးက စားပြီးသွားသော ပန်းကန်ကို စားပွဲ၏လွတ်နေသည့်နေရာသို့ တွန်းလိုက်ကာ ရေသောက်ပါသည်။ ကျွန်တော်ကလည်း ကျန်နေသေးသော ပဲကြာဇံသုပ်များကို ဆက်မစားဘဲ မမိုးနည်းတူ ပန်းကန်ကို ရွှေ့လိုက်၏။

"ဟယ်. . . တော်ပြီလား၊ နှမြောစရာကြီး. . . ဈေးကလည်း ကြီးမှကြီး၊ အလကားရတာကျနေတာပဲ"

"တော်ပါပြီ၊ ရင်ပြည့်နေပြီ"

မမိုးက ကျွန်တော့်စကားကြောင့် မျက်စောင်းတစ်ချက်လှမ်းထိုးပါသည်။ ကျွန်တော်က မသိချင်ယောင်ဆောင်ပြီး ပွံ့ပွံ့စာကို နောက်တစ်ခါ ထပ်ဖွင့်ဖတ်နေလိုက်၏။

"အမလေး. . . ဒုက္ခပါပဲ၊ ရောဂါက မသေးရှာဘူး"



ကျွန်တော်က သူမ၏စာကိုသာ ပြီးအောင်ဆက်ဖတ်နေမိသည်။ မြန်ဆန်လွယ်ကူသည် ထင်ရသော်လည်း လှပသော ချစ်ခြင်းမေတ္တာတစ်ခုကို မမိုးသိရင် ဒီလို သရော်လှောင်ပြောင်တော့မှာ မဟုတ်ပါ။

သူမအကြောင်းစဉ်းစားမိတော့ ခါးသီးသော သတင်းများသည် ကျွန်တော့်မှတ်ဉာဏ်ကို ဝင်ရောက်တိုက်ခိုက်ကြပါသည်။ မမိုးကိုသာ ကျွန်တော်တိုင်တည်လိုက်မိသည်။

"အစ်မရယ်. . . ကျွန်တော်ပွံ့ပွံ့နဲ့ ပတ်သက်ပြီး မျက်ငိုရော၊ နားပါ ကန်းနေချင်တယ်"

"ဒီလို မင်းအလေးအနက်ဖြစ်လာပြီဆိုရင်တော့ အစ်မက ပြောချင်တာတစ်ခုရှိတယ်။ ပွံ့ပွံ့ဘက်က အာမခံလိုက်တာတော့ မဟုတ်ဘူးပေါ့ကွာ။ ဒါပေမယ့် အစ်မဆက်ဆံကြည့်ရသလောက်တော့ ပွံ့ပွံ့ဟာ အဲဒီအပြင်မှာဖြစ်နေတဲ့ သတင်းတွေလို မဟုတ်ပါဘူး။ စိတ်ကောင်းရှိပြီး သိမ်မွေ့တယ်. . . အဲ. . ဒါပေမယ့် မာကျောထက်မြက်မှုလည်း ရှိတယ်"

မမိုးစကားကြောင့် ကျွန်တော် တော်တော်ပေါ့ပါးသွားပြီး ခဏတော့ ဖိအားများမှ သက်သာသွားပါသည်။

"ကျေးဇူးပဲ မမိုးရာ. . ."

နောက်တော့ မမိုးကို ကျောက်မြောင်းအထိကျွန်တော်ပြန်လိုက်ပို့ဖြစ်သည်။ အိမ်ပြန်ရောက်တော့ သော်သော်၊ မင်းမင်းနှင့်

www.burmeseclassic.com

www.burmeseclassic.com



ဖိုးဇော်ပါအိမ်မှာ ရောက်နေကြသည်။ အချိန်က ညကိုးနာရီ ထိုးနေပြီ။

"ကောင်မလေးနဲ့သွားတွေ့ပြီး ပြန်လာတာလား"

မင်းမင်း၏ အမေးကို သော်သော်က ဝင်ပြောလိုက်၏။

"ဒါပဲပေါ့. . . မင်းကလည်း မေးနေရလား။ နေပြည်တော်မှာ ကားအသစ်လဲလို့ ရှုပ်ရှင်သွားကြည့်ရင် ဒီကောင် ဘယ်နှစ်ခါ နေခဲ့ဖူးလို့လဲ၊ အခုမှ. . ."

"ငါ့ဆဲလိုက်ရင် မကောင်းတော့ဘူး၊ မမိုးရောက်လာပြီး ပဲကြာဇံသုပ်လိုက်ကျွေးဆိုလို့ဟော့. . . သိပြီလား။ မယုံရင် မမိုးဆီ ဖုန်းဆက်မေးလိုက်။ မှန်တယ်ဆိုရင် ငါးရက်ဟိုတီ ခိုင်းတာလုပ်ပေးကြေး၊ ဘယ်လိုလဲ"

"တော်ပါပြီ။ မမိုးက မင်းအစ်မပဲ၊ ညီထားရင် ငါတို့က ငါးရက်ကျွန်ခံရဦးမယ်။ မလောင်းပါဘူး. . နော့. . ."

သော်သော့်စကားကြောင့် ဖိုးဇော်နဲ့ မင်းမင်းတို့က တဟားဟားနှင့် ရယ်ကြပါသည်။ ကျွန်တော်လည်း ဒီကောင်တွေကို စကားပြောချင်စိတ်ကုန်လာပြီး အိပ်ခန်းထဲသို့ ဝင်လာခဲ့မိ၏။ အခန်းတံခါးကို ဂျက်ထိုးကာ ကုတင်ပေါ်မှာ လှဲချပစ်လိုက်သည်။

ပုံပုံ၏ သေသပ်လှပသော အံကြည့်လေးကို ဘာမှမဆိုင်ဘဲ လွမ်းလာ၏။ မြင်ရသမျှ အရာရာသည် သူမနှင့် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ပတ်သက်နေကြလေသည်။ ဒါတော့ နည်းနည်းလွန်လွန်းပြီ ထင်သည်။



ကျွန်တော်အားရပါးရ အော်ရယ်ပစ်လိုက်ပါသည်။ ထိုကိစ္စသည် တော်တော်အရသာရှိ၏။ ဒါကြောင့် ကျွန်တော် တစ်ယောက်တည်း ထပ်ကာ၊ ထပ်ကာ ရယ်နေမိသည်။ ဘာအဓိပ္ပာယ်မှ မရှိခြင်းကပင် အဓိပ္ပာယ်တစ်ခု ဖြစ်နေလေသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

ဖေဖော်ဝါရီ နံနက်ခင်းသည် မြူနှင်းများဖြင့် ဘုံ့မှိုင်းကာ တစ်မျိုး ကြည့်၍ ကောင်းနေသည်။ အမှောင်သည် လွင့်စင်စပြုနေပြီ ဖြစ်သော်လည်း ဝိုးဝိုးဝါးဝါးတော့ ကျန်နေသေး၏။ နာရီကို ကြည့်လိုက်တော့ မနက်ငါးနာရီခွဲတိတိ။

ဖုန်းထဲမှာ ပုံပုံ ပြောသည့်အတိုင်းဆို ဒီအချိန်မှာ သူမ ဒီနေရာကို ရောက်လာရမည်။ ကျွန်တော်သည် ဒီအချိန် ဒီကို ရောက်ဖို့ သန္တာအောင်ကားကို Studio မှာ ညဥ့်နက်မည်ဟု အကြောင်းပြကာ ငှားထားခြင်း ဖြစ်၏။ သူမ ထွက်လာမည့် ဝေဇန္တာရာအိမ်ရာဖက်ကို မျှော်ကြည့်ရတာလည်း လည်ပင်းရှည်လှပြီ။ ကျွန်တော်က ဒီနေ့မနက် အပြေး လေ့ကျင့်ဖို့အနက် ရောင်ဝတ်စုံကို ရွေးချယ် ဝတ်ဆင်ထား၏။

www.burmeseclassic.com

www.burmeseclassic.com



ခဏကြာတော့ စက်ဘီးစီးလာသော အနီရောင် အရိပ်တစ်ခုကို ကျွန်တော် စတွေ့ရပါသည်။ မြူနှင်းစက်များ၏ ဝေဝါးမှုကြားမှ ကျွန်တော့်နားကို ထိုအနီရောင်လေးက တစ်စ တစ်စ တိုးရွေ့ ရောက်ရှိလာသည်။ ဘယ်သူမှန်း သေချာ မသိသေးသော်လည်း ဒါဟာ ပွဲ့ပွဲ့ပဲဟု ကျွန်တော် တွေးထင်ထားမိ၏။ ဒီနေ့အဖို့ ဆောင်းနတ်သမီးသည် အနီရောင် ဖြစ်သည်ဟု တစ်စုံတစ်ယောက်က ပြောလာခဲ့လျှင် ကျွန်တော် အကြွင်းမဲ့ ယုံကြည်ပါသည်။

"ဟော့. . ."

ထိုအနီရောင်လေးက ခပ်လှမ်းလှမ်းဆီမှ ကျွန်တော့်ကို လက်လှမ်းပြကာ ခေါ်သည်။ သေချာပြီ. . . ဒါဟာ ကျွန်တော် ချစ်သော ပွဲ့ပွဲ့ဆိုသည့် အနီရောင် ဝါဂွမ်းလေးပေါ့။ မောင်းတိန်း စက်ဘီးလေးက ပေါ့ပါးစွာ ရွေ့ခနဲ ရောက်လာသည်။ သူမသည် လျှာထိုးဦးထုပ်အနီရောင်ကို ဆောင်းထားပြီး အပေါ်အနီ၊ အောက်အနီ၊ ဖိနပ်ကလည်း အဖြူပေါ်မှာ အနီစင်းပါသော ဝေါ့ကင်းရှူး ပါးပါးလေးကို စီးထားပါသည်။ ကျွန်တော့်နားကို ရောက်လာတော့ သူမသည် ပို့ကေတွေတို မနားတမ်း ဝါးနေ၏။ ထုံးစံအတိုင်း လိမ္မော်ရနံ့တွေက သူမ နှုတ်ခမ်းထက်မှာ တွဲလွဲခိုနေတာကိုလည်း ကျွန်တော် သတိထားမိသည်။

"ရောက်နေတာ ကြာပြီလား၊ ပွဲ့ပွဲ့ ဆယ်မိနစ်လောက် နောက်ကျသွားတယ် ဆောရီးနော်"

"ရပါတယ်၊ ကျွန်တော်လည်း အခုမှ ရောက်တာပါ"



"ဩော်. . . ကားယူလာတာလား"

"ယူလာတာ မဟုတ်ဘူး၊ ငှားလာတာ"

ကျွန်တော်တို့နှစ်ယောက် ဘာမှန်းမသိဘဲ ရယ်မိကြပြန်၏။

"ပွဲ့ပွဲ့က ပြေးမယ်လည်း ဆိုသေးတယ်။ ဘယ်လိုဖြစ်လို့ စက်ဘီးကြီး ယူလာတာလဲ"

"ဟုတ်တယ်၊ ပထမကတော့ ပြေးမလို့ပဲ၊ ဒါပေမယ့် နောက်ကျနေတော့ မြန်မြန်ရောက်အောင် စက်ဘီး စီးလာတာလေ"

"ဒီလိုလား. . . ဒါဆိုလည်း စက်ဘီးပဲ စီးကြတာပေါ့"

"ပြီးရော. . . အဲဒါဆိုလည်း တက်. . ပွဲ့ပွဲ့ သူ့ကို တင်နင်းမယ်"

"အံ့မယ်. . . မလုပ်ရပါဘူး။ ကျွန်တော် နင်းမှာ၊ ပွဲ့ပွဲ့နောက်က စီး"

သူမက ကျွန်တော့်စကားကို အထွန့်မတက်ဘဲ စက်ဘီးပေါ်မှ ဆင်းပေးပါသည်။ နောက်တော့ ကျွန်တော် နင်းသော စက်ဘီးပေါ်မှာ သူမက ငြိမ်သက်စွာ ပါလာ၏။ သူမ၏ လက်တွေက ကျွန်တော့်ခါးကို ရဲတင်းစွာ ကိုင်ထား၏။

ပထမတော့ ခွင့်မတောင်းသဖြင့် ကျွန်တော် နည်းနည်း ကြောင်သွားသော်လည်း စက်ဘီးက ဒီလိုစီးမှ ဟန်ချက်ညီမှာမို့ ကျွန်တော်လည်း မသိချင်ယောင် ဆောင်နေလိုက်သည်။ သူမဆီမှ လိမ္မော်ရနံ့များသည် ကျွန်တော့်အား မူးဝေနေစေပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ပုံပုံ. . . တစ်ညလုံး မအိပ်ရသေးဘူး သိလား"

"ဟုတ်လား. . . ကျွန်တော်ရောပဲ"

"ဟုတ်တယ် စိတ်က သူ့ဆီရောက်နေတာလေ၊ အချိန်တွေ ကျော်ကုန်မှာစိုးလို့။ အဲဒါ နည်းနည်း အိပ်လိုက်၊ နာရီထကြည့်လိုက် လုပ်နေတာ မိုးကို လင်းရောပဲ။ ဒါတောင် ငါးနာရီလောက်မှာ မှေးခနဲ အိပ်ပျော်သွားသေးတယ်။ ပြန်နိုးလာတော့ ငါးနာရီ သုံးဆယ့်ငါး ဖြစ်နေပြီ။ ဒါနဲ့ နောက်ကျနေပြီဆိုပြီး စက်ဘီးယူတာ"

သူမက ဒီမနက် အတွေ့အကြုံအား ကျွန်တော့်ကို ထိုသို့ ပြောပြပါသည်။

"ကျွန်တော်ကကျတော့ ည တစ်နာရီလောက်မှာ အိပ်ငိုက်လာတာဗျ။ အဲဒါ Studio ထဲမှာမနေတော့ဘဲ အိမ်ကို ပြန်မောင်းလာပြီး ရေချိုးပစ်လိုက်တယ်။ လူက ရေချိုးလိုက်တော့ လန်းသွားတာပေါ့။ ဒါနဲ့ ကားကို ဆီဖြည့်ပြီး တစ်ညလုံး လျှောက်မောင်းနေတာ။ လေးနာရီလောက်ကျတော့ တာမွေဖက်မှာ လက်ဖက်ရည်ကျကျ တစ်ခွက် သောက်ပစ်လိုက်တယ်။ ဒါပဲ. . . ဒီကိုရောက်တော့ ငါးနာရီ နှစ်ဆယ် ရှိနေပြီ"

ကျွန်တော်သည် စက်ဘီးကို ပုံမှန်သာ နင်းနေမိသည်။ ဝေဇယန္တာရာ လမ်းမပေါ်မှာ အပြေးလေ့ကျင့်သူ တစ်ဦး၊ နှစ်ဦးစကို လည်း တွေ့ရ၏။ ခပ်လှမ်းလှမ်းဆီမှာ သစ်ရွက်၊ သစ်ခက်တွေက ဆောင်းလေကြောင့် ယိမ်းထိုးလှုပ်ရှားနေတာကိုလည်း မြင်ရသည်။



တစ်ချက်၊ တစ်ချက်တွင် သူမ၏ ဦးထုပ်မှ လျှာစွန်းလေးနှင့် သူမ၏ လက်မောင်းသားအိအိလေးများက ကျွန်တော့်ကျောပြင်ဆီ ထိခိုက်တိုက်ခတ်မိကြသည်။ နူးညံ့သော ဘာသာစကားမှာ ကျွန်တော်က ဆွံ့အနေသူ ဖြစ်ပြီး သူမက သတ္တိရှိသူ ဖြစ်ခဲ့ပါသည်။

မိုးပွိုင့်ကို ကျော်လာကာ သုဝဏ္ဏအားကစားကွင်းရှေ့ကို ရောက်တော့ မိုးက စင်စင်လင်းနေပြီ။ အေးစိမ့်သော ဆောင်းရာသီ၏ ချွန်မြှ သက်ရှမှု အပေါင်းသည် ပုံပုံဆိုသည့် ကောင်မလေး၏ ခြေရင်းမှာ သိမ်မွေ့စွာ ပျော့ပြောင်း နွေးထွေးလာ၏။ ပြောရမည်ဆိုလျှင် ကျွန်တော့် နှလုံးသားသည်လည်း ထိုအတိုင်းပဲ ဖြစ်ပါသည်။

စက်ဘီးသည် ကုန်းတံတားပေါ် တက်ခါနီး၌ သူမက စက်ဘီး ပေါ်မှ ခုန်ဆင်းလိုက်သည်။

"ရပါတယ် ပုံပုံရဲ့၊ ကျွန်တော် နင်းမှာပေါ့"

"မလုပ်ပါနဲ့၊ ကုန်းတက်ကြီး ပင်ပန်းပါတယ်"

နောက်တော့ ကျွန်တော်ပါ စက်ဘီးပေါ်မှ ဆင်းကာ တွန်းရင်း လမ်းလျှောက်လာခဲ့သည်။ သူမသည် ကျွန်တော့်ဘေးနားမှာ ယှဉ် လျှောက်နေရာမှ ခေါင်းကို ငုံ့လိုက်၏။ မျက်နှာမှာ ဘာအခြယ်အသမှ မရှိဘဲ ကျွန်တော်က ထိုရှင်းသန့်သည့် အမူအရာလေးကို ကျရှုံးသွား ရပါသည်။

"သူ့ကို ပုံပုံအကြောင်းတွေ ပြောပြမယ် သိလား"

ကျွန်တော်က ခေါင်းညိတ်ပြမိ၏။ နံနက်ခင်း၏ ငှက်[illegible]သံ

www.burmeseclassic.com

www.burmeseclassic.com



များက ကျွန်တော်တို့ နှစ်ယောက်ကြားတွင် အမှတ်တရ ဖြစ်ပါသည်။ သူမ မျက်ဝန်းနက်နက်များသည် ကျွန်တော့်ဆီမှာ စူးဝင်ကျရောက်လျက် ရှိ၏။

"ပုံ့ပုံ့အကြောင်းတွေ သူလည်း ကြားဖူးမှာပေါ့။ အထူးသဖြင့် သီဟနဲ့ ပုံ့ပုံ့နဲ့ သတင်းတွေကို"

"ကြားတော့ ကြားမိသားပဲ ပုံ့ပုံ့ရဲ့၊ ဒါပေမယ့် သေသေချာချာကြီးတော့ မဟုတ်ဘူးပေါ့နော်"

"ဟုတ်ပြီ အဲဒါကို ပုံ့ပုံ့ သေချာပြောပြမယ်။ အရင်ဆုံး သူကြားထားတာကို သိချင်တယ်။ ပြီးရင် ပုံ့ပုံ့က မှားနေတာဆို အမှန်ပြောပြမယ်၊ မပြည့်စုံရင် ပြည့်စုံအောင် ထပ်ဖြည့်ပြောမယ်"

ကျွန်တော် ကြားထားသော သူမ၏ သတင်းများစွာအနက် ထိုဒါရိုက်တာ သီဟဆိုသူနှင့် ပတ်သက်သည့် သတင်းမှာ အထင်ရှားဆုံး၊ လူပြောအများဆုံး ဖြစ်ပြီး ကျန်သတင်းများကတော့ အဲဒီသတင်းပေါ် ချဲ့ကားထားခြင်းများသာ ဖြစ်သည်။ တခြားသော အခြေအမြစ်မရှိနိုင်လှသည့် သတင်းတွေကိုတော့ ကျွန်တော်က ရယ်မောကာ မေ့ပစ်လိုက်နိုင်လေသည်။

ကျွန်တော်သည် ပုံ့ပုံ့၏ ဖြူစင်သည့် စိတ်ဓာတ်နှင့် ရိုးသားစွာ ဖော်ရာ ရခဲ့ခြင်းကို အားနာနေမိသည်။

သို့သော် မပြောမဖြစ် ပြောရမှာဆိုတော့ တချို့ကို သက်ညှာစွာ ပြော၍၊ တချို့ကိုတော့ မသိချင်ယောင် ဆောင်ရပါသည်။



"ကြားတာက ပုံ့ပုံ့နဲ့ ဒါရိုက်တာ သီဟနဲ့ ရည်းစားတွေ ဖြစ်ကြတယ်။ နောက် ပြတ်သွားတယ်။ ဒါလောက်ပါပဲ။ ကျန်တာကတော့ ကျွန်တော်လည်း သိပ်မသိပါဘူး"

သူမသည် ကျွန်တော်ပြောသည့်သတင်းကို ပြုံးကာ နားထောင်နေ၏။ နောက် . . . ခေါင်းကို ဖြည်းဖြည်းကလေး ရမ်းပါသည်။

"သူနဲ့ ပုံ့ပုံ့ ရည်းစားမကဘူး . . . လက်ထပ်ခဲ့ဖူးတာ"

ကျွန်တော် လုံးဝ မကြားချင်သော အမှန်တရားတစ်ခုသည် ကျွန်တော့်နားထဲသို့ ခါးသက်စွာ ရောက်ရှိလာ၏။ နားထဲမှ နှလုံးသားဆီ စီးဆင်းမသွားအောင် တားဆီးထားချင်သော်လည်း မအောင်မြင်ပေ။

သူမသည် ကျွန်တော့်မျက်နှာကို မလွှတ်တမ်း အကဲခတ်နေခဲ့သည်။ ကျွန်တော်တို့၏ ဖြည်းညင်းစွာ လျှောက်နေသော ခြေလှမ်းများကို ကုန်းတံတား အလယ်တည့်တည့်တွင် ရပ်ပစ်လိုက်ကြ၏။ သူမက မနက်ခင်း၏ ဆည်းဆာများအား ငေးကြည့်နေပြန်သည်။ ကျွန်တော်က စက်ဘီးကို ဒေါက်ထောက်လိုက်ပြီး ကုန်းတံတားအောက်မှ မီးရထား သံလမ်းကြီးကို မျက်စိတဆုံး ကြည့်ပစ်လိုက်ပါသည်။

သူမကို သတိထားမိတော့ နှာကျင်နေသည့် အရိပ်အငွေ့များကို စိတ်မကောင်းစွာ တွေ့ရ၏။ ကျွန်တော် တကယ်ပဲ ဝမ်းနည်းလာသည်။ အဆုံးအရှုံးတွေကို ဘာမှ မတတ်နိုင်ဘဲ လက်လျော့ခဲ့ရသည့် ကောင်မလေးသည် ကျွန်တော်ကြောင့် ဘာမှ ထပ်မဆုံးရှုံးစေရဟု အရဲရင့်ဆုံး ကျွန်တော် ဆုံးဖြတ်လိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



ငါ သူ့ကို နှစ်သိမ့်ရမယ်။ ဘဝဆိုတာ ဒီလောက်လေး မဟုတ်ဘဲ ကျန်နေသေးတဲ့ တခြားသော ခမ်းနားမှုတွေဆီ လမ်းပြရမယ်။

လူသားဆန်သည့် တာဝန်ယူဖို့ အသိတရား ဆိုင်ရာ နယ်ပယ်မှာ သူမအတွက် နေရာတွေ အများကြီး ရှိနေသေးတာ ပုံ့ပုံ့ကို ကျွန်တော်က သိစေချင်ပါသည်။ သူမက ပီကေကို ထွေးပစ်လိုက်ကာ ပြောသည်။

"ဘယ်လိုလဲ ကိုထူးရဲ့။ ပုံ့ပုံ့အကြောင်းတွေ ကြားပြီး စိတ်ညစ်သွားပြီလား"

"မညစ်ပါဘူး ပုံ့ပုံ့ရဲ့။ ကျွန်တော် နားလည်ပေးနိုင်ပါတယ်"

သူမသည် နှမ်းလျစွာ ပြုံးပြုံးလေး ကျွန်တော့်မျက်နှာကို ငေးစိုက်ကြည့်နေ၏။

"ပုံ့ပုံ့ကလည်း သူ့ကို နားလည်ပေးနိုင်လိမ့်မယ်လို့ ယုံကြည်ထားပါတယ်။ ဘာလို့လဲဆိုတော့ သူက ခံစားမှု အဆင့်မြင့်လို့ပဲ"

ကျွန်တော့်ကို သူမက ဒီလိုသဘောထားတာ ဝမ်းသာစရာ ဖြစ်သည်။ ပျော်လည်း ပျော်မိသွားသည်။

"ကျေးဇူးတင်ပါတယ်။ ပုံ့ပုံ့က ဒီလို ကျွန်တော့်အပေါ် ယုံကြည်နေရာပေးတာကိုလည်း ဂုဏ်ယူပါတယ်"

ကျွန်တော်က တည်ကြည်စွာ သူ၏ လှပပျော့ပြောင်းသော အကြည့်များကို ခံယူပါသည်။ ပုံ့ပုံ့က မပြီးသေးသော သီဟနှင့် သူမ၏ ပတ်သက်မှုကို ဆက်ပြောပြ၏။



"ပုံ့ပုံ့နဲ့ ဟိုတစ်ယောက်က ယုံကြည်တာတွေ၊ အယူအဆတွေလည်း မတူကြဘူး။ ပြီးတော့ အိမ်ထောင်ရေးအပေါ် မှာလည်း အမြင်ချင်း မတူကြဘူး"

သူမသည် ပြောနေသည့် စကားကို ခဏနားရင်း ကျွန်တော်က ထိုအကြောင်းအရာကို စိတ်ဝင်စားမှု ရှိ မရှိ အကဲခတ်လိုက်သေး၏။ ကျွန်တော့်ဘက်က စိတ်ဝင်စားနေတာကို သေချာမှ စကားကို ဆက်ပါသည်။

"ပုံ့ပုံ့တို့ နှစ်ယောက်မှာ မိဘအသိုင်းအဝိုင်းတွေက သဘောမတူကြဘူး ဆိုပေမယ့် သူ့ဘက်အမိက ကျတယ်။ ပုံ့ပုံ့က ယောက်ျား တစ်ယောက်ကို လက်ထပ်တယ်ဆိုတာ ဘာမျှော်လင့်ချက်မှ ထားတာမဟုတ်ဘူး။ နောက်ဆုံး ပြောမယ်ကွာ၊ သူများတွေ ကြားရင် ရယ်စရာတော့ ဖြစ်မှာပဲ။ ဒါပေမယ့် ပုံ့ပုံ့ သူ့ကို ပြောပြမယ်။ ပုံ့ပုံ့ကလေ ယောက်ျား တစ်ယောက်ကို လုပ်ကျွေးနိုင်လို့ လက်ထပ်ခဲ့တာ၊ သိလား"

ကျွန်တော် အံ့ဩမိပေမယ့် မရယ်ဖြစ်ပါ။ ဒါဟာ မာကျောထက်မြက်တဲ့ မိန်းမတစ်ယောက်ရဲ့ အချစ်တွေဆိုတာ ကျွန်တော် သံသယမရှိ ယုံကြည်ပါသည်။ သူမသည် ကျွန်တော့်ထက် ငယ်ရွယ်သော်လည်း၊ ရယ်ခုန်သံဆိုသည့် သေးငယ်သော ဘဝ၏ အစိတ်အပိုင်းကို အကြီးကြီးဟု ထင်နေသော်လည်း ကျွန်တော်က သူမ၏ ခိုင်မာမှုအား လေးစားတန်ဖိုးထားမိသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆောင်းမနက်ခင်းထဲမှာ အနက်ရောင်ကောင်လေး တစ်ယောက်နှင့် အနီရောင် ကောင်မလေးတစ်ယောက်သည် သုဝဏ္ဏကုန်းတံတားပေါ်မှာ ဘာကိုမှ ဂရုမစိုက်နိုင်ဘဲ တိတ်ဆိတ်စွာ မျက်လုံးချင်း အရသာ ရှိနေကြသည်။ ဆည်းဆာရောင်နောက်ခံတွင် သူမ၏ အနီရောင် ထော်စုံက ပိုမို အသက်ဝင်ကာ စွဲမက်စရာ ဖြစ်လေသည်။

သူမ နှုတ်ခမ်းဆီမှ လိမ္မော်ရနံ့သင်းသင်းမွှေးမွှေးလေးသည် ဆောင်းမနက်ခင်းနှင့် လိုက်ဖက်လွန်းလှ၏။ မမျှော်လင့်ဘဲ ကျွန်တော့် အင်္ကျီအနက်ပေါ်မှာ တင်နေသော အဖြူမှုန့်တချို့ကို သူမက လက်ညှိုးဖြင့် လှမ်းတောက်လိုက်သည်။

မြေဖြူမှုန့်တွေ ထင်ပါရဲ့။ ညတုန်းက အိမ်ပြန်ရေချိုးပြီး အင်္ကျီလဲချိန်တုန်းက မင်းမင်းနှင့် သော်သော်သည် မအိပ်သေးဘဲ မြေဖြူတွေဖြင့် ဆော့နေကြ၏။ အခု အဲဒါတွေ ဖြစ်လိမ့်မည်။ သူတို့ကိုတော့ ကျွန်တော်က Stuido ပြန်သွားရမယ်ဟု ပြောခဲ့သည်။ တိတ်ဆိတ်မှုထဲမှာ သူမ၏ အသက်ရှူသံက လှပစွာ ထွက်ပေါ်နေသည်။

"သူ့ကို မေးမယ်"

ကျွန်တော်က ခေါင်းကို ဆတ်ခနဲ ညိတ်ပြလိုက်၏။

"ဘဝကို ရင်ဆိုင်ဖို့ ဉာဏ်လည်း မရှိ၊ သတ္တိလည်း မရှိတဲ့ ယောကျ်ားတစ်ယောက်ကို အခု ပုံပုံက စွန့်လွှတ်လိုက်ပြီ။ အဲဒါ မှန်လား၊ မှားလား"

"နေပါဦး ပုံပုံရဲ့... အဲဒီမေးခွန်းကို ကျွန်တော်ဘ



အပြင်လူတစ်ယောက်အနေနဲ့ ဖြေရတာ တာဝန်ကြီးတယ်။ ပုံပုံတို့ ဘယ်လို အဆင်မပြေ ဖြစ်တယ်ဆိုတာလည်း ကျွန်တော် မသိရသေးဘူး"

"ဒါဆို ပုံပုံပြောပြမယ်။ အင်း... ဘယ်လိုလဲဆိုတော့"

သူမက ခဏမျှ စဉ်းစားပါသည်။

"သူက နှစ်ယောက်အတူ ရင်ဆိုင်ရမယ့် ဘဝ အခြေအနေမျိုးမှာ ပုံပုံ့နားက ထွက်ပြေးသွားခဲ့တာ။ ဘာမှ အကျိုးအကြောင်းမှလည်း မသိရဘူး။ နှစ်လလောက်ကြာမှ သူ့မိဘတွေက တစ်ဆင့် ကွာရှင်းစာချုပ်မှာ လက်မှတ်ထိုးပေးဖို့ ပြောလာတယ်"

"အဲဒီတော့..."

"ပုံပုံက ခဏတော့ စဉ်းစားတာပေါ့။ အဲဒီအချိန်မှာ ကောလဟာလတွေ အများကြီး ထွက်တော့တာပဲ။ လျော်ကြေးကိစ္စတွေ ဘာညာပေါ့လေ။ သူ့မိဘတွေက အသိုင်းအဝိုင်းကြီးတော့ ပုံပုံကို ငွေမက်လို့၊ ဘာဖြစ်လို့ ဆိုပြီး ဖြစ်လာရော။ ဒါနဲ့ ပုံပုံလည်း သေချာစဉ်းစားပြီး ဆုံးဖြတ်လိုက်တယ်။ ကိုယ့်ကို မချစ်ဘဲ ထားရစ်ခဲ့တဲ့ ယောကျ်ားတစ်ယောက်ကို ဘာကြောင့် မက်မောနေရဦးမှာလဲ။ အဲဒါနဲ့ သူတို့လိုချင်တဲ့ ကွာရှင်းစာချုပ်ကို ဘာလျော်ကြေးမှ မယူဘဲ လက်မှတ်ထိုးပြီး ပို့ပေးလိုက်တယ်။ အဲဒီစာချုပ်ကို ပို့ပေးတဲ့နေ့က သူနဲ့ စတွေ့တဲ့နေ့ပဲလေ။ မှတ်မိလား၊ သူ စာတိုက်ကြီးမှာ ပိုက်ဆံစိုက်ပြီး မှတ်ပုံတင်လုပ်ပေးခဲ့တာ ပုံပုံ့တို့ ကွာရှင်းစာချုပ်ပဲ"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ခဏ ငြိမ်သက်ကာ သက်ပြင်းဖွဖွ ချမိသည်။ သူမက စောစောတုန်းက မေးခွန်းကို ထပ်မေးပြန်သည်။

"ဘယ်လိုလဲ ကိုထူး. . . ပုံပုံ ဆုံးဖြတ်တာ မှန်ရဲ့လား"

"မှန်တာပေါ့၊ မဖြစ်နိုင်တော့ဘူးဆိုရင် ကိုယ့်လမ်းကိုယ်လျှောက်ကြတာ အကောင်းဆုံးပဲလေ။ လူတချို့ ဒုက္ခကို တွင်းဆုံးအောင် ကျရောက်နေကြတာ ပုံပုံလို အမှားကို သိလိုက်ချိန်မှာ ချက်ချင်း ပြုပြင်ရဲတဲ့သတ္တိ မရှိလို့ပဲ။ ပုံပုံဘော်ပါတယ်။ ဒါဟာ ဘဝပဲကွ၊ လဲကျသွားတဲ့ အခါပြန်ထ၊ နောက်တစ်ခါ ထပ်လဲကျရင် နောက်တစ်ခါ ပြန်ထရမယ်။ ဒါမှ လူသားဆန်မှာပေါ့။ လိုတရနေပြီး ဘဝဟာ ဘာအခက်အခဲမှ မရှိဘူးဆိုရင် ဘယ်ပျော်စရာ ကောင်းတော့မလဲ"

ကျွန်တော့်စကားတွေကြောင့် သူမသည် ရွှင်လန်းလာပြီး ကိုယ့်ကိုယ်ကို ယုံကြည်မှုတွေ ပိုမို ခိုင်မာလာ၏။ ဘယ်တော့မှ မရှုံးသော ချန်ပီယံ ဟူ၍ မရှိကြောင်း သူမကပင် ကျွန်တော့်ကို ပြန်ပြောနေလိုက်သေးသည်။

( နီးတဲ့ဘားလက်ရမ်းအုတ်ဘောင်ပေါ်မှာ နှင်းစတွေ ရွဲစိုနေသည်။ မြူများကလည်း ဟိုးခပ်ဝေးဝေးဆီ လွင့်စင်သွားခဲ့ကြပြီ။ သူမက ဘေးအိတ်ကပ်ထဲမှ ပီကေထုတ်ကာ ကျွန်တော့်ကို ကျွေးသည်။ သူမဘာသာလည်း စားသည်။

ပတ်ဝန်းကျင်တစ်ခုလုံးသည် လတ်ဆတ် သစ်လွင်နေပြီး ဆောင်းအလှက ကျွန်တော်တို့ကို ဖမ်းစားထား၏။ ပုံပုံက အပြေး



လေ့ကျင့်နေသော တခြားလူတွေကို ကြည့်ပြီး ကျွန်တော်တို့ နှစ်ယောက်၏ အခြေအနေကို သတိရသွားပါသည်။

"အပြေးလေ့ကျင့်မယ်ဆိုပြီး နှစ်ယောက်သား စကားတွေပဲ ပြော နေကြတယ်နော်"

"ဟုတ်ပ"

ထိုသို့ ကျွန်တော်က ထောက်ခံလိုက်တော့ သူမက ရယ်ပြီး ပါးစပ်မှ ပီကေဖြင့် ပူပေါင်းဖောက်လိုက်သည်။ သူမပါးစပ်တစ်ပိုက်မှာ ပီကေတွ ကပ်သွားတာကို ကျွန်တော် သဘောကျနေမိသည်။ လိုက်လုပ်ကြည့်သော်လည်း ကျွန်တော် သူမလို မလုပ်တတ်ပေ။ ဒါကြောင့် ကျွန်တော် နောက်ထပ် မလုပ်တော့။ သူများလုပ်၍ ဖြစ်နိုင်သော်လည်း ကိုယ်လုပ်လို့ ဖြစ်ချင်မှ ဖြစ်မည်ဟူ၍ ကျွန်တော်က ကိုယ့်ကိုယ်ကို ရောင့်ရဲစွာ လက်ခံထားနှင့်ပြီး ဖြစ်ပါသည်။

ကောင်းကင်သည် ထွက်လာတော့မည့်ဆဲဆဲ နေဝန်း၏ ရှေ့ပြေးအဖြစ် ရွှေရောင်နှင့် ကြေးရောင်များ ယှက်သန်းရောထွေးနေလေသည်။

"လာ. . . ဒီက သွားကြရအောင်"

"ပုံပုံက ပြန်တော့မှာလား"

"မပြန်သေးဘူးလေ၊ ဟိုနားက ရှမ်းဆိုင်မှာ တို့ဟူးနွေး စားကြမယ်။ ပြီးမှ ပြန်တာပေါ့"

အပြန်ကျတော့ ကုန်းဆင်းမို့ သူမက ကျွန်တော့်ကို စက်ဘီး

www.burmeseclassic.com

www.burmeseclassic.com



နောက်မှာ ထိုင်စေသည်။ ကျွန်တော်က သူမခါးကို တစ်လှည့် ပြန်ကိုင်ထားရသည်။ အနားမှာ ဒီလို ကောင်မလေးတစ်ယောက်သာ ရှိပါက ဘယ်လောက် အိပ်ရေးပျက်ပျက် ဆောင်းမနက်ခင်းများကို ကျွန်တော် နေ့တိုင်း ရချင်ပါသည်။ ကုန်းဆင်းမို့ အရှိန်ဖြင့် ဆင်းလာသဖြင့် လေအေးအေးတွေက ကျွန်တော်တို့ကို ပျော်စရာ ဖြစ်စေပါသည်။

"မိုက်တယ်နော်"

"ဒါပေါ့. . . ပုံပုံ့မောင်းတာကိုး"

"အမယ်. . . ကုန်းဆင်းကြီးပဲ၊ ရမှာပေါ့"

"ဟယ်. . . အံ့ဩတာပဲ၊ သိချင်းရေးဆရာက စွာလိုက်တာ၊ ရန်တွေ့တတ်တယ်တော့"

ပြီးတော့ ကျွန်တော်တို့နှစ်ယောက် ရယ်ကြပြန်သည်။ ရှမ်းဆိုင်ကိုရောက်ခါနီး နာရီကို ကြည့်မိတော့ ခုနစ်နာရီထိုးပြီးနေပြီ။ တို့ဟူး နွေးနှစ်ပွဲကို နာရီဝက်မျှ အချိန်ဖြုန်းရင်း ကျွန်တော်တို့ စားကြပါသည်။ နေရောင်ခြည်သည် ကံကောင်းခြင်းများကို သယ်ဆောင်၍ ကျွန်တော်တို့ နှစ်ယောက် ရှေ့သို့ ထိုးဆိုက်ရောက်ရှိလာသည်။ ကျွန်တော်တို့သည် အိပ်ရေးပျက်ထားကြသော်လည်း ထူးခြားသည့် နွေးထွေးမှုတစ်ခုကြောင့် လန်းဆန်းတက်ကြွနေကြသည်။

ခွဲခွာချိန်သည် ထင်ထားသည်ထက် ပိုမို စောစီးစွာ ရောက်လာ၏။ သံယောဇဉ်သက်တံတွေက ကျွန်တော်တို့ကြားမှာ လှုပနေသည်။



"မနက်ဖြန် Y.E.S မှာ ပုံပုံ့အတန်းရှိတယ်။ လာခဲ့လေ. . ."

"ကျောင်းဆင်းချိန်ကြီး မလာချင်ပါဘူး။ မမိုးရှိတယ်"

"ဒါဆို ဒီလိုလုပ်. . ."

"ဘယ်လိုလဲ"

"ပုံပုံ့က ကျောင်းမတက်ခင် နာရီဝက်လောက် စောလာခဲ့မယ်။ Silver Oak မှာ တွေ့မယ်လေ"

"နေဦး၊ ကျောင်းတက်ချိန်က ဘယ်အချိန်လဲ"

"တစ်နာရီလေးဆယ့်ငါး၊ ဒါပေမယ့် ပုံပုံ့က Silver Oak ဆိုင်ကို တစ်နာရီရောက်အောင် လာခဲ့မယ်"

"ဒါဆို အိုကေ. . . တစ်နာရီနော်"

"အင်းပါ. . . တစ်နာရီ"

"တာ့တာ"

နောက်တော့ သူမသည် သူမ ထွက်လာသည့် လမ်းအတိုင်း ဝေဇန္တာရာ အိမ်ရာဖက်သို့ စက်ဘီးပြန်စီးသွားသည်။ ကျွန်တော်က အနီရောင် အရိပ်လေးကို ထိုနေရာမှ ကွယ်ပျောက်သွားသည်အထိ ရပ်ကြည့်နေခဲ့သည်။

ချစ်မေတ္တာဟာ
တလွင့်လွင့် ဝေးသွားတဲ့အခါ
ငါက ငေးကြည့်နေမိရုံ
ဘာများ တတ်နိုင်မှာလဲကွာ။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

ချိုသွယ်က ကျွန်တော့်ကို စိတ်တိုစပြုနေပြီ။ နှုတ်ခမ်းကို စူထားပြီး မျက်စောင်းတွေလည်း ခဏ ခဏ ထိုးသည်။

"ကိုထူးကလည်း သင်နေတာ ငါးရက်ရှိနေပြီ။ အခုထိ ငှက်ရုပ်တစ်ရုပ်ကို အချိုးကျအောင် မခေါက်တတ်သေးဘူး။ ညံ့လိုက်တာ"

ကျွန်တော့်မှာ သူမပြောသမျှ ခံနေရသည်။ ဘာတတ်နိုင်မှာလဲ။ ကိုယ်က ပညာလိုချင်သူကိုး။ ခင်ကာစကတော့ ကိုယ့်ပရိသတ်ဆိုပေမယ့် အခု ကိုယ်က သူ့ဆီမှာ တပည့်ဖြစ်နေရတာဆိုတော့ ခံရမှာပေါ့။ ပြီးတော့ ဒါမျိုးက သင်တန်းတွေ၊ ဘာတွေ ရှိတာမျိုးလည်း မဟုတ်။

ပွံ့ပွံ့မျက်နှာလေးကို မြင်ယောင်ကြည့်တော့ ကျွန်တော်အငိုလိုပျော်လာ၏။ ဘဝသည် ဒီလောက်လေး ခင်တွယ်စရာ ကိုကြိုနှင့်ပင်တော်တော် အရသာ ရှိပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်နှင့် ချိုသွယ်ကို မင်းမင်းနှင့် သော်သော်တို့က မေးငေါ့နေကြသည်။ ပြောချင်ရာ ပြောပစေဆိုပြီး ကျွန်တော် ဂရုမစိုက်ဘဲ ချိုသွယ့်လက်ချောင်းတွေကိုပဲ လိုက်မှတ်နေလိုက်၏။ ချိုသွယ်လိုပဲ ကျွန်တော် ငှက်ရုပ်အတောင်ပံကို ခေါက်လိုက်ပါသည်။ သို့သော် ချိုသွယ်ခေါက်သလို မညီဘဲ အပေါ်ကို ရွဲ့စောင်းသွား၏။ ခက်ပြီ။ ဒီစက္ကူတွေက လက်သည်းခွံလောက်လေးတွေမို့ အရမ်းလက်ဝင်သည်။

အချိန်ကို ကြည့်လိုက်တော့ ဆယ့်နှစ်နာရီခွဲနေပြီ။ ပွံ့ပွံ့နဲ့က တစ်နာရီ ချိန်းထားတာဆိုတော့ ထမှ ဖြစ်တော့မည်။ နောက်ဆုံး ခေါက်ထားသော ငှက်ရုပ်လေးက အတောင်ပံ နည်းနည်း စောင်းနေတာမှအပ တခြားအရုပ်တွေထက် ပိုလှသည်။ ပွံ့ပွံ့ကို အဲဒီငှက်ရုပ်လေးပဲ ပေးတော့မည်။

"ချိုသွယ် ဒီနေ့တော်ပြီဟာ. . . နောက်နေ့မှပဲ ဆက်သင်တော့မယ်"

"ကိုထူးကလည်း စိတ်မှ မရှည်တာ"

"မဟုတ်ဘူး။ ငါ ချိန်းထားတာ တစ်ခုရှိလို့။ အချိန်က နီးနေပြီ၊ မနက်ဖြန်မှပဲ သင်တော့မယ်။ နော်. . . ချိုသွယ်"

"ပြီးရော. . . သဘောပဲ"

ချိုသွယ်သည် နှုတ်ခမ်းကို ရွဲ့ရင်း ခန့်ကာ ပြန်သွားသည်။ ချိုသွယ်က ကျွန်တော်တို့ တိုက်နှင့် တစ်တိုက်ကျော်မှာ နေသည်၊



ကျွန်တော့်ထက် လည်း ငါးနှစ်ခန့် ငယ်သည်။ ကျွန်တော့်သီချင်းတွေ ကြိုက်လို့ ဆိုပြီး ကိုယ်တိုင်လာမိတ်ဆက်ရင်း သူ့မိဘတွေနဲ့ပါ ခင်သွားခဲ့၏။ နောက်တော့ အိမ်ကို ဝင်ထွက်ရင်းမှ ညီမလေးတစ်ယောက်လို ဖြစ်လာသည်။

အခုလည်း ဒီအနေအထားက ချိုသွယ်စိတ်ကောက်သွားပြီမှန်း ကျွန်တော် ရိပ်မိပါသည်။ နောက်မှ သွားပြန်ချော့ရတော့မည်။ ပွံ့ပွံ့ဆီ ရောက်တဲ့အခါ လက်ဆောင်ပေးဖို့ ငှက်ရုပ်လေး တစ်ရုပ်နဲ့ ပေဖော်ဝါရီ (၁၄)တုန်းက ရေးထားတဲ့ 'မျက်နှာချင်းဆိုင်အမှား' ဆိုသော သီချင်းစာရွက်ကို ကျွန်တော် ကျောပိုးအိတ်ထဲ သေချာ ထည့်သည်။ အဲဒီသီချင်းစာရွက်မှာ I Love You စာတမ်းပါသော ရင်ထိုးလေးကိုလည်း တပ်ထားလိုက်သည်။

ကျွန်တော်က သော်သော်ကို လှမ်းမေးလိုက်၏။

"မင်းတို့ ဒီနေ့ ဘယ်သွားစရာ ရှိသေးလဲ"

"ခြောက်ထပ်ရုံ သွားရမယ်။ မင်းမင်းကို အဖော်ခေါ်သွားမယ်။ ငါက ပြန်တက်ရတော့မှာ"

သော်သော်က သဘော်နားနေတာ ရှစ်လလောက် ရှိနေပြီ။ အခုတော့ ပြန်ထွက်ရခါနီးနေပြီမို့ သူလည်း စာရွက်စာတမ်းတွေနဲ့ အလုပ်ရှုပ်နေဟန်တူ၏။ မင်းမင်းက ဘွဲ့ရပြီး အလုပ်ရှာနေဆဲ။ ဒီကောင်ကတော့ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ရာထူးလောက်မှသိုနဲ့ သင့်တော်မယ် ထင်တဲ့ကောင်။ ဖိုးဇော်ကတော့ ဂီတဂျာနယ်

www.burmeseclassic.com

www.burmeseclassic.com



တစ်စောင်မှာ ပ်င်တိုင် ဘာသာပြန်ဆောင်းပါးတွေ ရေးသည်။ ရံဖန်ရံခါ သီချင်းလည်း ရေးသည်။ သူကလည်း စမ်းချောင်းမှာ နေတာဆိုတော့ သန္တာအောင်တို့နှင့် နီးပါသည်။ ဖိုးဇော်နဲ့ ပတ်သက်ပြီး ကိုချစ်ဖွယ်တို့၊ မသူတို့လို ဂျာနယ်လစ်တွေနဲ့ပါ သူတို့အုပ်စု ရင်းနှီးနေခဲ့၏။

"ဒါဆို အိမ်သော့ကို ငါယူသွားမယ်။ မင်းက ခြောက်ထပ်မှ သွားမှာဆိုတော့ နောက်ကျမှာ. . ။ ငါက တစ်နာရီ နှစ်နာရီပဲ ကြာမှာ"

"အေးအေး. . . ဟုတ်ပြီ"

"ဒါဆိုလည်း မြန်မြန်လုပ်၊ ငါတို့အတူတူ ထွက်ကြမယ်"

မင်းမင်းက အင်္ကျီသုံးထည်လောက် လဲနေသဖြင့် ဝိုင်းဆဲကြရသေးသည်။ ဒီတော့မှ သူ အင်္ကျီရွေးတာ ပြီးတော့သည်။ ထွက်လာတော့လည်း ဒီပုံစံပဲ။ သော်သော်က မင်းမင်းကို ထပ်ဆဲနေပြန်သည်။

⊙ ⊙ ⊙

ကျွန်တော် Sliver Oak ကို ရောက်တော့ အချိန်က တစ်နာရီ ဆယ့်ငါးမိနစ် ဖြစ်နေပြီ။ ပွဲပွဲသည် ဂျင်းစကတ်နှင့် ဂျင်းကုတ်တို့ ဝမ်းဆက်ဝတ်ထားပါသည်။ သူမသည် သခွားမွှေးဖျော်ရည် တစ်ခွက်နှင့် ကျွန်တော့်ကို စောင့်နေပုံ ရသည်။

"ဆောရီးနော်. . . အိမ်မှာ ဟိုကောင်တွေ ကြာနေလို့ နောက်ကျသွားတယ်"



"ရပါတယ်"

သူမက ပြုံးချိုစွာ ခွင့်လွှတ်စကား ဆို၏။ ရောက်လာသော စိတ်တာကို "သူ့လိုပဲ သခွားမွှေးတစ်ခွက်" လို့ မှာလိုက်တော့ သူမက "အံ့ဩတာပဲ" ဟု တိုးတိုးပြောပါသည်။

"ပွဲပွဲက ကလေးလိုပဲ။ အရာရာကို အံ့ဩနေတာပဲ။ ပြောစမ်းပါဦး၊ အသက်ဘယ်လောက် ရှိပြီလဲ"

"ပြီးခဲ့တဲ့လ (၃၁) ရက်နေ့ကမှ (၂၂) နှစ်ပြည့်တာ။ သူက ရော. . ."

"ကျွန်တော်က အသက်ကြီးပြီဗျ၊ (၂၆) နှစ်ပြီ"

"ဘယ်နှစ်ရက်နေ့ မွေးတာလဲဟင်"

"မွေးနေ့က ပြီးသွားပြီ။ ဒီဇင်ဘာ (၂၂) ရက်နေ့"

"ဟယ်. . . အံ့ဩတာပဲ"

"လုပ်ပြန်ပြီ၊ ဘာကို အံ့ဩတာလဲ"

"ဒီလိုလေ၊ ပွဲပွဲက (၃၁) ရက်နေ့ဆိုတော့ (၄) ဂဏန်း။ မမိုးက (၄) ရက်နေ့၊ သူကလည်း (၂၂) ရက်နေ့။ အကုန်လုံး (၄) ဂဏန်းတွေချည်းပဲ"

"ဟုတ်သားပဲနော်၊ တိုက်ဆိုင်လိုက်တာ"

ကျွန်တော်တို့ နှစ်ယောက်သား ခပ်အုပ်အုပ် ရယ်လိုက်မိကြသည်။ Silver Oak သည် နေ့လယ်ခင်းမို့ လူတော်တော် ရှင်းလျက်ရှိပြီး နေရထိုင်ရတာ သက်သောင့်သက်သာ ရှိလှသည်။ သူမ၏

www.burmeseclassic.com

www.burmeseclassic.com



ညာဖက် လက်ခလယ်တွင် ပထမဦးဆုံး စတွေ့စဉ်က ဝတ်ထား သော ကျောက်စိမ်းလက်စွပ်လေးကို ဝတ်ထားတာ မြင်ရ၏။

"ဒီမှာ ပုံ့ပုံ့အတွက်"

"တယ်ဟုတ်ပါလား"

သူမသည် ကျွန်တော် ထုတ်ပေးလိုက်သော စက္ကူငှက်ရုပ် လေးကို ဝမ်းမြောက်ဝမ်းသာ ကြည့်ပါသည်။ ငှက်ရုပ်လေးကို သူမက လက်ဖဝါးပေါ် တင်ကာ ကြည့်၏။

"သိပ်မလှဘူးနော် ပုံ့ပုံ့. . . ကျွန်တော်က မကျွမ်းသေးလို့"

"ရပါတယ်. . . သူကိုယ်တိုင် ခေါက်ထားတာဖြစ်ဖို့ပဲ လိုတယ်။ ကျန်တာ အရေးမကြီးပါဘူး"

"ဒီလိုလား"

"ဒီလို. . . ဒီလို"

သူမက ကျွန်တော့်ကို ပေါ့ပါးစွာ ပြန်နောက်ပါသည်။ ခဏ ကြာတော့ နှစ်ယောက်စလုံး ကိုယ့်ကျောပိုးအိတ်ထဲ ကိုယ်နှိုက်နေကြ ပြန်သည်။

"ရော့"

"ရော့"

နှစ်ယောက်သားလက်ချင်း ဆုံနေပြီး တစ်ယောက်လက်ထဲက အရာကို တစ်ယောက်က အံ့သြကာ ကြည့်နေကြသည်။ ကျွန်တော့် လက်ထဲတွင် စာတစ်စောင် ဖြစ်ပြီး သူမလက်ထဲမှာလည်း ဘာတစ်



စောင် ဖြစ်ပါသည်။ သို့သော် ကျွန်တော့်လက်ထဲက စာမှာ စာအိတ် မပါဘဲ I Love You စာတမ်းပါသော ရင်ထိုးလေး ပါသည်။ သူမ လက်ထဲက မှာကတော့ ကျွန်တော့်ကို ပထမအကြိမ် ပေးခဲ့သော စာအတိုင်း ပန်းရောင်စာအိတ်လေးနှင့် ဖြစ်သည်။

"အိမ်ရောက်မှ ဖတ်ကြည့်"

ကျွန်တော်က အဲဒီလိုပြောတော့ သူမကလည်း အားကျမခံ ပြန်ပြောသည်။

"ဒါဆို သူလည်း အိမ်ရောက်မှ ဖတ်"

"ဟုတ်ပါပြီ"

နှစ်ယောက်စလုံး စာများကို ကျောပိုးအိတ်ထဲ ထည့်သိမ်းလိုက် ကြပါသည်။ ကျွန်တော်သည် ရောက်လာသည့် သခွားမွှေးဖျော်ရည် ကို ပိုက်နှင့် စုပ်ရင်းမှ သူမ၏ ကျော့ကြော့သော မျက်ဝန်းများနှင့် ဆုံ၏။ သူမက မေးလိုက်သည်။

"ဘယ်နေ့ ထပ်ပြေးဦးမှာလဲ"

"အဲဒါတော့ မပြောနိုင်သေးဘူး။ ပုံ့ပုံ့ကတော့ မနက်တိုင်း ပြေး ဘယ် မဟုတ်လား"

"ဒါက ဆောင်းတွင်းကိုး။ နွေဆို အခြေအနေကြည့်ပြီး ပြေးရ ဘာ။ မိုးတွင်းဆိုရင်တော့ မပြေးဘူး"

"ဪ. . . ဒီလိုလား၊ ကျွန်တော် ဖုန်းဆက်လိုက်မယ်လေ"

www.burmeseclassic.com

www.burmeseclassic.com



"အင်း... ဆက်၊ ဒါပေမယ့် ပုံပုံအသံမဟုတ်ရင် ဖုန်းမှားသလို လုပ်ပြီး ဖုန်းချပစ်လိုက်၊ ပြီးတော့ ပုံပုံက မမိုးနဲ့ သူ့ကို Time Table ထည့်ပေးလိုက်မယ်။ အဲဒီတော့ ပုံပုံအတန်းရှိတဲ့နေ့တွေဆို ဒီဆိုင်မှာပဲ အတန်းမတက်ခင် နာရီဝက်လောက် တွေ့လို့ ရတယ်... သိလား"

"ဟုတ်ကဲ့ပါခင်ဗျာ"

"အမယ်... ရှိသေနေပြန်ပြီ"

ပြောပြီး သူမက လက်ပတ်နာရီကို တစ်ချက်ကြည့်သည်။

"ဟယ်... သွားမှ၊ သွားမှ... ဒီမှာ နောက်ကျကုန်ပြီ"

ပိုက်ဆံရှင်းတော့ သူမသည် ကျွန်တော့်ကို အရှင်းမခံဘဲ လုရှင်းပါသည်။ ကျွန်တော်တို့နှစ်ယောက် Silver Oak မှ ဗိုလ်ကလေးဈေးလမ်းကို အမြန်လျှောက်ကြရ၏။ လမ်းထိပ်ရောက်တော့ ပုံပုံက ပြောသည်။

"နေခဲ့တော့လေ၊ ပုံပုံသွားလိုက်တော့မယ်။ ဒီလမ်းထဲမှာ အဖေ့သူငယ်ချင်း ရှိတယ်။ တော်ကြာ သူနဲ့ တိုးရင် ဘာမှမဟုတ်အဲ အဆူခံရမှာစိုးလို့"

"အိုကေ"

ကျွန်တော်က လမ်းထောင့်မှာ ခြေစုံရပ်ရင်း ကျန်ရစ်ခဲ့၏ နောက်... တက္ကစီတစ်စီး ငှားကာ အိမ်ကို ပြန်လာခဲ့သည်။ ကျွန်တော့်မှာ အိမ်အထိ ရောက်အောင် မစောင့်နိုင်ဘဲ တက္ကစီပေါ်မှာပဲ သူမစာကို ဖွင့်ဖတ်လိုက်မိသည်။



*ဟိတ်...*

*ဟိုတစ်နေ့မနက်က ပုံပုံ ပြောပြတဲ့အကြောင်းတွေကြောင့် သူ့ကို အနှောင့်အယှက်ပေးသလို ဖြစ်သွားရင် တောင်းပန်တယ်။ ပုံပုံကို အခုလို နားလည်ပေးတာကို ကျေးဇူး... ပုံပုံမှာ စကားပြောရမယ့် အဖော် မရှိဘူး ဖြစ်နေတာ၊ သူနဲ့ စကားပြောရတာ ပုံပုံ ပျော်တယ် သိလား၊ အခုတစ်လောအိမ်မှာ ဖုန်းပြောရတာ မလွတ်လပ်ဘူး။ အဲဒါ သူ့ဆီပဲ ပုံပုံ ဖုန်းဆက်မယ်၊ ပုံပုံဆီ မဆက်နဲ့၊ အိမ်မှာဝမ်းကွဲမောင်နှမတွေ ရောက်နေလို့ လူတွေ များနေတယ်၊*

*ပုံပုံက အခုလို စာတွေ အမြဲရေးပေးနေတော့ ရိုးသွားမှာလည်း စိုးတယ်၊ သူရေးထားတဲ့စာတစ်စောင်လောက် လိုချင်ပါတယ်၊ ဘာစာပဲဖြစ်ဖြစ်ပေါ့၊*

*သတိရစွာနဲ့*

***P.P***

ကျွန်တော်က သူမ၏စာကို ပြန်သိမ်းလိုက်တော့ တက္ကစီက အိုက်ရှေ့မှာ ရောက်နေပြီ။ ကားခရှင်းပြီး အိမ်ပေါ်တက်လာတော့ ဧည့်ခန်းအခန်းက အဒေါ်ကြီး ထွက်လာပြီး ကျွန်တော့်ကို စာတစ်စောင် ပေးသည်။ စာက သန္တာအောင် လက်ရေးနှင့်စာ။ ကျွန်တော် အိမ်ထဲရောက်မှ သေချာ ဖတ်ကြည့်လိုက်တော့ စာက သုံးကြောင်းတည်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



*ကိုထူး*

*နင့်ကို ငါညကျရင် လာခေါ်မယ်။*

*ဘယ်မှ မသွားနဲ့. . . . တဲ့။ စာက ဒါပဲ။*

ကျွန်တော်လည်း အကျိုးအကြောင်း သိရအောင် သန္တာအောင် ဟန်းဖုန်းကို လှမ်းဆက်လိုက်ပါသည်။ ဖုန်းက တော်တော်နှင့် မကိုင်ဘဲ မြည်နေ၏။ ခဏကြာမှ သန္တာအောင်အသံက ပေါ်လာသည်။

"အေး. . . ကိုထူး၊ အိမ်ပြန်ရောက်ပြီလား"

"ရောက်ပြီ၊ နင်က စာပေးသွားတော့ ဘာများ အရေးကြီး သလဲ လို့ပါ"

"ငါ အခု လှည်းတန်းဖက်မှာ. . .။ ကားမောင်းရင်း ဖုန်းပြော ရတာဆိုတော့ အဆင်မပြေဘူးဟ၊ နောက်တစ်နာရီဆို ငါနင့်ဆီ လာခဲ့မယ်။ အိမ်ကပဲ စောင့်နေ၊ ဒါပဲနော်"

သန္တာအောင် ဖုန်းချသွားသောအခါ ကျွန်တော်လည်း ရေချိုး ခန်းထဲ ဝင်သည်။ ရေချိုးပြီးသွားတော့ ကျွန်တော်သည် ညတုန်းက ဖတ်လက်စ နတ်နွယ်ဘာသာပြန်သော 'ရောမက မိန်းမပျက်' စာအုပ် ကို ဆက်ဖတ်နေမိ၏။ တစ်နာရီကြာမယ်ဆိုသော သန္တာအောင်က မိနစ် လေးဆယ်လောက်မှာ ကျွန်တော့်ဆီ ရောက်လာသည်။

"ကိုထူး"

သန္တာအောင်အသံက တည်ငြိမ်အေးချမ်းနေသဖြင့် ကျွန်တော် အံ့သြနေမိသည်။



"ဘာလဲ. . ."

"နင့်ကို တစ်ယောက်ယောက်တော့ ချောက်တွန်းထားပြီ သိလား"

"ဘယ်သိမှာလဲဟ၊ နင်ကလည်း ရှင်းရှင်းပြောစမ်းပါ"

"အေး. . . . မနက်က ငါ့ဆီ အန်တီခင်မ ဖုန်းဆက်တယ်"

"မေမေက. . နင့်ဆီ"

"အေး. . . ဟုတ်တယ်"

"ဘာတဲ့လဲ"

"နင်နဲ့ နှင်းဆီဖြူကိစ္စပေါ့၊ အဲဒါ ဟုတ်သလားတဲ့။ မေးနေ တယ်"

"ဟာ. . . မေမေက ပြည်ကနေပြီး ဒီကိစ္စကို ဘယ်လို သိသွားရတာတုန်း၊ အဓိပ္ပာယ်ကို မရှိဘူး"

ကျွန်တော့်အသံ နည်းနည်းကျယ်သွားတာကြောင့် သန္တာ အောင်က သတိပေး၏။ ကျွန်တော်က တချို့အခြေအနေတွေမှာ သွေး ဆူလွယ်သူ ဖြစ်ပါသည်။

"နင်ကလည်း တိုးတိုးလုပ်စမ်းပါ၊ အန်တီက ငါ့ဆီ ဖုန်းဆက် မေးတော့ ငါတောင် ကြောင်သွားတယ်"

"နင်မေမေ့ကို ဘာပြန်ပြောလိုက်သလဲ"

"မဟုတ်ပါဘူး၊ သမီးတို့ သိပါတယ်၊ ရိုးရိုးခင်တာပါ အညာ ပေါ့ဟာ"

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီတော့ မေမေက ဘာပြောလဲ။ နင်ပြောတာကို ယုံရဲ့လား"

"ငါ ပြောတာပဲ။ ယုံတာပေါ့။ ဒါပေမယ့် ငါစဉ်းစားနေတာက ပြည်မှာနေတဲ့ လူကြီးတစ်ယောက်ကို ဘယ်သူများ သွားပြီး ကုန်းချောသလဲဆိုတာပဲ"

"အေးလေ. . အခုကိစ္စက လူရင်းတွေပဲ သိတာ၊ နောက်တစ်ခုက ကာယကံရှင်ဖြစ်တဲ့ ငါတို့နှစ်ယောက်တောင် ဘာမှန်းသိသေးတာမဟုတ်ဘူး"

"နင် စဉ်းစားကြည့် ကိုထူး. . . သော်သော်တို့၊ မင်းမင်းတို့၊ ဖိုးဇော်တို့ ဆိုတာ သူတို့က နင်ခံရမှာစိုးလို့ သဘောမတူတာသာ ရှိမှာ၊ အန်တီဆီ လှမ်းတိုင်လိမ့်မယ်တော့ ငါ မထင်ဘူး။ နင့်အတွက် မဖြစ်မနေ လုပ်ရ တယ်ဆိုရင်တောင် ငါ့ကိုတော့ တိုင်ပင်မှာပဲ"

"ဒါဆို ဒီလိုလုပ်၊ နင် ဒီကိစ္စကို သူတို့ကို ဘာမှမပြောနဲ့ဦး၊ ငါတို့နှစ်ယောက်စလုံး သူတို့ကို ဘယ်သူ ဖြစ်နိုင်မလဲဆိုတာ အကဲခတ်ကြည့်ရတာပေါ့။ ဒီကြားထဲ မေမေ ဖုန်းထပ်ဆက်ရင် နင်က လုံးဝမဟုတ်ဘူးလို့ အပြတ်ငြင်းထားပေး၊ တော်ကြာ မေမေ ရန်ကုန်ရောက်ချလာရင် မလွယ်ဘူး။ ပိုရှုပ်ကုန်မှာ"

"အေး. . . အေး. . ဒါဆို ငါပြန်တော့မယ်နော် ကိုထူး"

"နင်ကလည်း နေစမ်းပါဦး"

"နေလို့ မရဘူး။ ဆိုင်ပိတ်ချိန်က နီးနေပြီ။ နီနီကလည်း ညကများလို့ဟ၊ ငါပြန်မှ ဖြစ်မှာ။ နင် အရေးကြီးရင် ဖုန်းဆက်လိုက်ပေါ့"



"ဒါဆိုလည်း သွားပေါ့ဟာ၊ ငါက ဘာတတ်နိုင်မှာလဲ"

သန္တာအောင်က ကျွန်တော့်ပါးကို ဆွဲလိမ်ကာ တိုက်အောက်ကို ပြေးဆင်းသွား၏။ ကျွန်တော်က ဒီနေ့ ညနေခင်းမှာ အဖော်မရှိဘဲ တစ်ယောက်တည်း ဖြစ်သွားပြန်သည်။ ဒီတော့ ထုံးစံအတိုင်းဂစ်တာ ကိုင်ရင် ကိုင်၊ ဒါမှမဟုတ် စာထိုင်ဖတ်ချင် ဖတ်၊ ဒါပဲ ရှိတော့တာပေါ့။

အခုတော့ စာဖတ်ဖို့ထက် ဂစ်တာတီးဖို့ ပိုအာရုံကျသဖြင့် ကျွန်တော်ဂစ်တာကိုင်လိုက်ပါသည်။ ပုံမှန်ဆို ကျွန်တော်က ကိုယ့်သီချင်းကိုယ် ဘယ်တော့မှ ဂစ်တာတီးသူမဟုတ်။ ကျွန်တော် တီးချင်လာသည့်က သီချင်းက "မျက်နှာချင်းဆိုင်အဖျား" ဖြစ်လေသည်။ ဂစ်တာကြိုးများကို တိုးတိုးဖွဖွလေး ခတ်လိုက်ရင်း ကျွန်တော် Intro စပင်လိုက်ပါသည်။

"တူ. . . တူ. . . တူ"

ဟာကွာ. . . အရေးဆို ဒီဖုန်းက ရှုပ်ပြီ၊ ကျွန်တော် စိတ်တိုတိုနှင့် ဖုန်းကိုင်လိုက်၏။

"ဟဲလို"

"ဟိတ်. . . ကိုထူး"

အို. . . ပုံပုံပါလား၊ ကျွန်တော် အရမ်းပျော်သွားမိသည်။

"ပုံပုံ. . . ပြောလေ"

"သတိရလို့။ အခုပဲ ပုံပုံ အိမ်ပြန်ရောက်တာ"

"ကျောင်းက ဒီအချိန်အထိ တက်ရတာလား"

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး။ ကျောင်းက လေးနာရီအထိပဲ။ ကျောင်းက အပြန် ညှော်ခံပွဲ တစ်ခု သွားရသေးတယ်။ ဒါကြောင့် အခုမှ အိမ်ကို ပြန်ရောက်တာ"

"ပုံပုံ့ အိမ်က လူကြီးတွေရော"

"သူတို့ အပြင်သွားကြတယ်။ အဲဒါကြောင့် ဖုန်းဆက်လိုက်တာပေါ့။ ဘယ်လိုလဲ၊ ပုံပုံ့စာဖတ်ပြီးသွားပြီလား"

"ပြီးသွားပြီ၊ လမ်းမှာထဲက ဖတ်ပြီးသွားတာ"

"ပုံပုံ့လည်း အဲဒီလိုပဲ၊ ကျောင်းက အပြန် ညှော်ခံပွဲသွားနေတုန်း လမ်းမှာပဲ ဖတ်တာ"

"ကြိုက်ရဲ့လား"

"အာ. . . ကြိုက်တာပေါ့၊ စာသားတွေက အရမ်းမိုက်တယ်၊ အခုလို ပုံပုံ့ကို သီချင်းရေးပေးတာ Thanks You နော်။ ဒါပေမယ့် သီချင်းက ဂစ်တာကော့ဒ်တွေနဲ့ စာသားပဲ ပါတာဆိုတော့ မပြည့်စုံဘူးပေါ့။ အဲဒါ သူက ပုံပုံ့ကို ဖုန်းထဲမှာ အဲဒီသီချင်းလေး ဆိုပြပါလား"

"အင်း. . . ဆိုပြမှာပေါ့၊ နားထောင်နေနော် ပုံပုံ့. . ."

အခုဆို ကျွန်တော် အရမ်းတီးချင်နေသည့် သီချင်းကို သက်ဆိုင်သူ ကောင်မလေးကလည်း နားထောင်ချင်ပါသတဲ့။ ဘယ်လောက်တောင် ပျော်စရာ ကောင်းတဲ့ တိုက်ဆိုင်မှုပါလဲ။

ကျွန်တော်သည် ဂစ်တာရှေ့မှာ ဖုန်းခွက်လေးကို ချထားလိုက်ပါသည်။ ဂစ်တာသံက တိုးသဲ့ပါးလျစွာ လှုပါနေ၏။



အခုတလော မင်းအကြောင်းရန့်တွေက
လေထုမှာ တုန်ခါနေရဲ့
မင်းက ပေးခဲ့တာလား
ငါက တောင်းခဲ့တာလား
မေးခွန်းတွေထဲမှာ ငါက အချစ်ကို မြှုပ်နှံထား
မင်းရဲ့အကြေးခွံတွေမှာပဲ ငါက ရှူးနိမ့်ခဲ့ပြီ
စက္ကူတစ်ရွက်ပေါ် စိတ်ညစ်ညစ်နဲ့ လျှောက်ရေးမိတော့
မင်းနာမည်က လက်ရေးအလှဆုံးပဲ. . .
မျက်လုံးချင်း စမ်းသပ်ကြည့်တော့
မင်းရဲ့ ရဲဝံ့မှုကို အံ့ဩရတယ်။

ဘယ်လောက်ရှုပ်ရှုပ်
ရုပ်သေးကြိုးတွေကို ချစ်မိပေါ့. . .
အခန်းထဲ အဖျားခတ်လာတဲ့ ဆောင်းလေထဲ
ပူအိုက်နေသော ငါ့သတိရခြင်းတွေ၊
မင်းမျက်တောင်ဖျားမှာ နိုးစင်းတဲ့ ငါ့သစ္စာများ. . .။

ကျွန်တော်က သီချင်းကို သေသပ်စွာ အဆုံးသတ်လိုက်ပြီး ဖုန်းကို ပြန်ကိုင်လိုက်ပါသည်။ သူမသည် ငြိမ်သက်မိန်းမောနေရာမှ နိုးထလာသူ တစ်ယောက်လို ဖြစ်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟဲလို... ပုံပုံ"

"ဟုတ်"

"ဘယ်လိုလဲ၊ အိပ်ပျော်သွားပြီလား"

"မဟုတ်ပါဘူး၊ အရမ်းကြိုက်လို့ ပုံပုံက ငြိမ်ငြိမ်လေး ထိုင်နားထောင်နေတာပါ"

"ပုံပုံ့အတွက် ရေးပေးထားတဲ့ အဲဒီသီချင်းကို ဘယ်အဆိုတော်ကို ဆိုခိုင်းရမလဲဟင်"

ကျွန်တော့်မေးခွန်းကြောင့် သူမဆီမှ ရယ်သံတွေ ထွက်လာပါသည်။

"ပုံပုံ့မှာ အဲဒီလို ရွေးပေးခွင့် ရှိသလား"

"သိပ်ရှိတာပေါ့"

"ဒါဆိုပြောမယ်၊ နားထောင်၊ အဲဒီသီချင်းကို ထူးလွင်ကိုဆိုတဲ့ကောင်လေးကို ဆိုခိုင်းလိုက်"

"ဟာ... ဘယ်ဖြစ်မလဲ။ မလုပ်ပါနဲ့... ကျွန်တော်က အသံမကောင်းဘူးဗျ"

"ကောင်းတယ်... စောစောတုန်းက သူဆိုပြတာ အရမ်းကောင်းတာပဲ။ ဒါတောင် ဖုန်းထဲမှာမို့လို့၊ အပြင်မှာဆို ပြောဖွယ်ရာကို ရှိမှာ မဟုတ်ဘူး"

သူမက ကျွန်တော့်ကို သိသိသာသာကြီး မြှောက်ပင့်နေပြန်သည်။ ကျွန်တော်က သူမ၏ ရယ်သံများထဲမှ မျှော်လင့်ချက်တွေအကြောင်း စဉ်းစားနေခဲ့သည်။



"ထားပါတော့... ပုံပုံပြောသလိုပဲ ထားလိုက်ပါတော့၊ ကျွန်တော်က အဲဒီသီချင်းကိုဆိုပါပြီတဲ့၊ ဘယ်မှာလဲ ပရိုဂျူဆာ"

"ပုံပုံလုပ်မှာပေါ့"

"ကဲ... ဒါဆို ပိုက်ဆံပေး"

"အံမယ် ဒီသီချင်းက ပုံပုံပိုင်တာပဲ"

"ဟုတ်ပါတယ်၊ ကျွန်တော်က သီချင်းရေးခတောင်းတာ မဟုတ်ဘူး၊ အဆိုကြေး တောင်းတာ"

"ဪ... အဲဒီလိုဆိုလည်း ပေးရတာပေါ့၊ ပြောလေ ဘယ်လောက်ပေးရမလဲ"

"အင်း... ဘယ်လောက်တောင်းရင် ကောင်းမလဲ မသိဘူး။ စဉ်းစားလိုက်ဦးမယ်"

"ဟုတ်ပြီလေ... စဉ်းစားထားပေါ့"

"ပုံပုံ..."

"ရှင့်..."

'ရှင့်' ဆိုသည့် သူမ၏အသံလေးကြောင့် ကျွန်တော် သူမကို နောက်ချင်လာသည်။

"ကျွန်တော်က ရောဂါရှိတယ်၊ မတော်လို့ ရုတ်တရက် သေသွားရင် ပုံပုံကပဲ အဲဒီသီချင်းလေးကို တခြား အဆိုတော်တစ်ယောက်ကို ထူးလွင်ကိုရဲ့ နောက်ဆုံးသီချင်းဆိုပြီး ဆိုခိုင်းစေချင်တယ်"

"ကိုထူး... အဲဒီလို လျှောက်ပြောမနေနဲ့။ ပုံပုံ မကြိုက်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"တကယ် ပြောနေတာ၊ ကျွန်တော့်ရောဂါက ပြောလို့ရတာ မဟုတ်ဘူး၊ ရုတ်တရက် သေသွားရင်. . ."

"စိတ်တိုလာပြီနော်၊ ဘယ်လို ဖြစ်နေတာလဲ"

သူမအသံသည် တော်တော် တင်းမာနေပြီ။ ကျွန်တော်လည်း လန့်သွားကာ ငြိမ်နေလိုက်မိသည်။

"ဟီတ်. . . ဘာငြိမ်နေတာလဲ"

သူမက အော်လိုက်သဖြင့် ကျွန်တော် ထပ်မနောက်ရဲတော့။

"ပွံ့ပွံ့ကလည်း အော်လိုက်တာကွာ"

"အော်မှာပဲ။ အခုပြော. . . နောက်တစ်ခါ အဲဒီစကားမျိုး ထပ်မပြောပါဘူးလို့"

"အင်းပါ. . . မကြိုက်ရင် မပြောတော့ဘူးနော်။ ဒါပေမယ့် ပွံ့ပွံ့ သိထားရမှာက လူဆိုတာ သေမျိုးပဲ၊ အားလုံးဟာ တစ်နေ့ သေကြမှာပဲ"

"ဒါကတော့ ဟုတ်တာပေါ့။ ဒါပေမယ့် သူကတော့ မသေရဘူး၊ သူ သေရင် ပွံ့ပွံ့ပါ လိုက်သေပေးမယ်"

"အာ. . . မဟုတ်တာ"

ကျွန်တော့်မျက်နှာ ချွေးခန် ဖြစ်သွားပါသည်။ အခုတော့ သူမ အသံမှာ စောစောကလို ဒေါသတွေ မရှိဘဲ မိုက်ရူးရဲ သံယောဇဉ်များသာ ရှိသည်။



"တကယ်ပြောနေတာနော်၊ သူက ပွံ့ပွံ့ကို နားအလည်နိုင်ဆုံး ယောကျ်ားတစ်ယောက်ပါ။ ပြီးတော့ ပွံ့ပွံ့နဲ့ စကားတွေ အများကြီး ပြောလို့ ရတဲ့ အဖော်။ ဒါကြောင့် သူ့အသက်ကို ပွံ့ပွံ့ အသက်နဲ့ လောင်းကြေးထပ်မယ်။ သူသေရင် ပွံ့ပွံ့လည်း လိုက်သေမယ်။ တကယ် လို့ သူမသေရင် သူ့အသက်ကို ပွံ့ပွံ့ပိုင်တယ်။ ဘယ်လိုလဲ"

"သိပ်ဖြစ်တာပေါ့၊ ဟား ဟား ဟား. . ."

ရုတ်တရက် ကြည့်မည်ဆိုလျှင် အလွန် ကလေးဆန်သော လောင်းကစားတစ်ခုဟု ထင်နိုင်သော်လည်း သူမ၏ စိတ်အခြေအနေ မှာ ထိုစကားကို တကယ်နက်ရှိုင်းစွာ ပြောနေခြင်း ဖြစ်ပါသည်။ မနောက်တစ်ခါ ဒီလို စကားလုံးမျိုးဖြင့် သူမကို မနောက်မိဖို့ ကျွန်တော် ဆင်ခြင်ရမည်။ ကျွန်တော်က သူမ ခံစားမှုအား လမ်းကြောင်းလွှဲကာ ပြန်ဖော့ပေးလိုက်၏။

"ပွံ့ပွံ့ သချာနားထောင်နော်။ ရှေ့အပတ် ဗုဒ္ဓဟူးနေ့ကျရင် ပွံ့ပွံ့ဆီမှာ အတူတူ လာပြေးမယ်"

"အိုကေ. . . အိုကေ"

သူမနှင့် စကားပြောနေရင်းမှ ရုတ်တရက် ဖုန်းထဲတွင် တခြား အသံတွေကိုလည်း ရောကာ ကြားနေရသည်။ ခဏကြာတော့ သူမ အသံက ပြန်ပေါ်လာ၏။

"ဟဲလို. . . ဟဲလို. . ."

"ပြော. . . ပွံ့ပွံ့"

www.burmeseclassic.com

www.burmeseclassic.com



"အမေတို့ ပြန်လာကြပြီ။ သေတဲ့အကြောင်း ထပ်မကြားချင်ဘူး၊ ကြားလား၊ ဒါပဲနော်"

"ဩော်. . . အ င်း. . . အင်း၊ ဒါဆိုလည်း တာ့တာလေ"

"ဟုတ်. . . တာ့တာ"

ပုံ့ပုံ့က ဖုန်းချသွားတော့ ကျွန်တော် ပြုံးလိုက်မိ၏။ အဓိပ္ပာယ်ကတော့ နှစ်ယောက်ထဲ မဟုတ်ဘဲ သူမိဘ၊ ကိုယ့်မိဘ နှစ်ဖက်စလုံးကို ကျွန်တော်တို့က ဂရုစိုက်ရကြောင်း စဉ်းစားမိသွား၍ ဖြစ်ပါသည်။ လူကြီးတချို့၏ အမြင်ကျဉ်းမှုကိုလည်း ကျွန်တော် စိတ်ပျက်ရ၏။ တစ်ခါတလေ သူငယ်ချင်းများနှင့် စကားပြောရင်းမှ လူကြီးတချို့၏ ဝါကျမှု၊ အမြင်မကျယ်မှုများ အကြောင်း ပါလာလျှင် "လူကြီးတွေပဲကွာ. . . ခွင့်လွှတ်လိုက်ပါ" ဟု ကျွန်တော်က အရသာရှိစွာ ပြောတတ်နေခဲ့ပြီ။ တစ်ချိန်ချိန် ကိုယ် လူကြီးဖြစ်လာတဲ့အခါ ဝဋ်လည်ခါမှလည်းရောပဲ။

ညရှစ်နာရီကျော်မှ မင်းမင်း၊သော်သော်၊ ဖိုးဇော်တို့ သုံးယောက်စလုံး လူစုံစွာ ပြန်ရောက်လာကြသည်။ မေမေ့ဆီ ကျွန်တော့်အကြောင်းတွေ လှမ်းတိုင်တာ ဒီကောင်တွေ ဘယ်လိုမှ မဖြစ်နိုင်ဘူးဟု ကျွန်တော် ခံစားရ၏။ တကယ်တော့ သူငယ်ချင်းတွေက ကျွန်တော့်အတွက် အမြဲစေတနာနှင့် စဉ်းစားပေးခဲ့ကြသူတွေ ဖြစ်ပါသည်။ ကျွန်တော်သည် သူငယ်ချင်းတွေကို သံသယနှင့် အကဲခတ်နေရသည့်ကိစ္စကို အားနာလာ၏။ ဒါကြောင့် စောစောပဲ အိပ်ခန်းထဲ ဝင်လာခဲ့သည်။



နောက်တော့ ဘယ်လို၊ ဘယ်လို အိပ်ပျော်သွားသည် မသိ။ အိပ်မက်ထဲမှာ ကျွန်တော်နှင့် ပုံ့ပုံ့သည် မီးလောင်နေသော နှင်းဆီပန်းခင်းကြီးဆီ လက်တွဲကာ လမ်းလျှောက်သွားကြသည်ဟု အိပ်မက်မက်ပါသည်။ နှင်းဆီပန်းခင်းကြီး မီးလောင်ပြာကျသွားတော့ ကျွန်တော်တို့နှစ်ယောက်လည်း မီးခိုးတွေကြောင့် ပေတူးညစ်ပတ်နေကြပြီတဲ့။ ဒါနဲ့ ကျွန်တော်တို့ နှစ်ယောက် ရေအတူတူ ချိုးရင်း တစ်ယောက်မျက်နှာပေါ်က မီးခိုးမည်းတွေကို တစ်ယောက်က ဖွက်ပေးကြသတဲ့။

ကျွန်တော်လည်း အကုန်လုံး သေချာမမှတ်မိတော့. . . သို့သော် ကျွန်တော် သေချာမှတ်မိနေသည့် အချက်တစ်ခုမှာ အိပ်မက်ထဲတွင် သူမ၏ နှုတ်ခမ်းဖိတိလေးတွေက ကျွန်တော့်နဖူးကို ခလုတ်ဝင်တိုက်ကြခြင်း ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

ထိုနေ့က နွေဦး၏ လှပသော ဖျားယောင်းမှုဒဏ်တွင် ကျွန်တော်တို့ နှစ်ယောက်သား စိန့်ပေါ်ချာ့စ် (Church) ဝင်းထဲမှာ ငြိမ်းချမ်းစွာ ထိုင်နေမိကြသည်။ ဒီလို အခွင့်အရေးမျိုးက ကျွန်တော်တို့အတွက် ခဲယဉ်းရှားပါးလွန်း၏။ ပုံပုံ့က ပုံမှန်ဆို ဒီနေ့ အတန်းရှိသည်။ သို့သော် ကံအားလျော်စွာ အတန်းမတက်ခင် Silver Oak မှာ ကျွန်တော်တို့ ထိုင်နေတုန်း သူမ၏ အတန်းဖော် ကောင်မလေး နှစ်ယောက်က ဆိုင်ထဲဝင်လာပြီး နှုတ်ဆက်ကြသည်။ ပြီးတော့ ဆရာနေမကောင်းသဖြင့် ဒီနေ့ အတန်းကို ဖျက်လိုက်ကြောင်း ပြောပြ၏။

ပုံပုံ့သည် အရမ်းဝမ်းသာသွားပြီး ဒီစိန့်ပေါ်ချာ့စ်ထဲမှာ စကားသွားပြောကြမယ်ဟု အစီအစဉ် ဆွဲသည်။ အမှန်က ဒီနေ့ ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



မအားပေ။ ကျွန်တော့်သီချင်း နှစ်ပုဒ်ကို VCD ကြေးပေးရန် ပရိုဂျူဆာတစ်ယောက်နှင့် ချိန်းထားပြီးသား ဖြစ်ပါသည်။ ဒါပေမယ့် သူမ၏ လက်ရှိ ပျော်ရွှင်နေမှုနှင့် အတိတ်က များစွာသော ကံဆိုးမိုးမှောင်ကျခဲ့ခြင်းများကို တောက်ထားကာ ကျွန်တော် သူမကို မငြင်းဆန်ခဲ့။ နောက်မှပဲ ကျွန်တော့် ပျက်ကွက်မှုကို ပရိုဂျူဆာအား တောင်းပန်လိုက်တော့မည်။ အခုကိစ္စကလည်း ကျွန်တော်က ပရိုဂျူဆာကို ပေးစရာရှိတာမဟုတ်။ ရစရာ ရှိတာဆိုတော့ တစ်ဖက်လူက ကျွန်တော့်ကို မတွေ့သဖြင့် သိပ်မနစ်နာဟု သဘောထားလိုက်ပါသည်။

နွေဦးသည် ဖက်ဖူးစိမ်းရောင်သစ်ပင်များနှင့် ငှက်အော်သံ တွေကြားတွင် သက်ငြိမ်ပန်းချီကားတစ်ချပ် ဖြစ်သည်။

ပုံ့ပုံ့သည် ဆင်စွယ်ရောင် တီရှပ်နှင့် ဂျင်းဘောင်းဘီအဖြူကို ဝတ်ထားသည်။ မျက်နှာပေါ်တွင် ဘာအလှကုန်မှ ခြယ်သထားခြင်း မရှိဘဲနှင့် တစ်မျိုး ဆွဲဆောင်နိုင်စွမ်း ရှိ၏။ အခုဆို ကျွန်တော်က ညနေလေးနာရီအထိ သူမ၏ အချိန်တွေကို ပိုင်ဆိုင်သူတစ်ယောက် ဖြစ်ပါသည်။

"ဒီနေရာလေးက အရမ်း ငြိမ်းချမ်းတယ်နော် ပုံ့ပုံ့"

"ဟုတ်တယ်၊ ဒါကြောင့် ပုံ့ပုံ့က သူ့ကို ခေါ်လာတာပေါ့"

အကြည့်ချင်း ဆုံချိန်တွင် သူမက ဖြူဖြူစင်စင် ရှိသော ကောင်မလေးတစ်ယောက်၊ ထိုကောင်မလေး၏သည် အချစ်ကို ရှုံးသွပ်ကိုးကွယ်ခဲ့ဖူးသည်။ နေက အရမ်းမပူဘဲ နွေးနွေးမြမြလေးသာ



ပူသည်။ အရိပ်တွင် ထိုင်နေသော ကျွန်တော်တို့အား နေရောင်ပါးပါးကို ဖြတ်သန်းလာသည့် လေက အရသာ တစ်မျိုးဖြစ်စေသည်။

"သူက ဘာတွေ စဉ်းစားနေတာလဲဟင်"

"ဒီလိုပါပဲ၊ ဟိုဟိုသည်သည်ပေါ့"

ပုံ့ပုံ့သည် ကျွန်တော့်အဖြေကြောင့် နှုတ်ခမ်းလှုပ်သည်ဆိုရုံမျှ ပြုံး၏။

"သူလည်း ပုံ့ပုံ့နဲ့ ပတ်သက်မိလို့ စိတ်ညစ်နေပြီ ထင်တယ်"

"မဟုတ်ပါဘူး။ ကျွန်တော်က ဘာမှ မဖြစ်ဘူး"

"သူ့ကို ဝိုင်းပြောကြတာတွေ ပုံ့ပုံ့တောင် ပြန်ကြားတာပဲ။ ပုံ့ပုံ့ကြောင့် သူ အထင်သေးခံရတာ တကယ် စိတ်မကောင်းဘူး"

"ပုံ့ပုံ့ကလည်းကွာ၊ ဒီမှာ ကျွန်တော် ပြောမယ်၊ ထူးလွှင်ကိုဆိုတဲ့ ကောင်က သူများအထင်၊ အမြင်ဆိုတာကို သိပ်အရေးထားတာ မဟုတ်ဘူး။ ကဲ. . . စဉ်းစားကြည့်လေ။ အထင်သေးတယ်ဆိုတဲ့ စကားမှာပဲ ရှင်းနေပြီ။ 'အထင်' သေးပါတယ်ဆိုမှ တကယ်သေးသွားတာမှ မဟုတ်တာ။ အထင်ပဲ သေးတာ။ အထင်ဆိုတာ တကယ် မဟုတ်ဘူး။ အထင်ဆိုတဲ့ အဆင့်က အမှန်တရား မဟုတ်ဘူး 'အထင်' ပဲ ကြီးတာလေ။ ကိုယ်က တကယ်ကြီးနေဖို့ပဲ အဓိကကျတယ်။သူများရဲ့ အထင်အမြင်ဆိုတာ သိပ်အရေးမပါဘူး"

ကျွန်တော့်စကားကြောင့် သူမက ငြိမ်ကာ စဉ်းစားနေပြီးနောက်မှ "ဟုတ်တယ်နော်" ဟု သဘောတူလေသည်။ ချုံပင်းထဲရှိ

www.burmeseclassic.com

www.burmeseclassic.com



သစ်ပင်တွေပေါ်တွင် နွေဦး၏ လတ်ဆတ်သော ရနံ့များက တွဲလွဲခိုနေ၏။

"နောက်ကျရင်လည်း ပုံ့ပုံ့တို့ ဒီလိုပဲ စကားတွေ ပြောကြမယ်၊ သိလား"

"ဟုတ်ပါပြီ၊ ပုံ့ပုံ့သာ အပြင်ထွက်လို့ ရအောင်လုပ်"

"အင်း... ဟုတ်တယ်နော်၊ အဲဒီလိုထွက်လို့ရရင် တခြားနေရာတွေလည်း ပုံ့ပုံ့တို့ လျှောက်သွားကြမယ် သိလား၊ သူနဲ့သာ လျှောက်သွားရရင် ပုံ့ပုံ့ပျော်မှာပဲ"

သူမ၏ တိတ်ဆိတ်သော မျှော်လင့်ချက်တွင် ကျွန်တော် ရဲရင့်လာကာ သတ္တိဟွေလည်း ရှိလာ၏။ သူများတကာ၏ လွယ်ကူခြင်းများသည် ကျွန်တော်တို့ကျမှ ဘာကြောင့် ခက်ခဲလွန်းနေရသနည်း။ ကျွန်တော်က လူ့အဖွဲ့အစည်း၏ စည်းကမ်းမဲ့သော အသိဉာဏ်များကို အကြီးအကျယ် သရော်ပစ်လိုက်ချင်သည်။

ချော့စ်ဝင်းထဲရှိ ထင်းရှူးပင်ပုပုလေးတွေသည် ချစ်စရာ သစ်ရွက်ကြွေများနှင့်အပြိုင် ပုံပြင်ဆန်နေ၏။ ကျွန်တော်တို့နှစ်ယောက်သည်လည်း ပုံပြင်ထဲမှ လူသားများကဲ့သို့ ခံစားရပြီး လက်ရှိဘဝကို မေ့ထားနိုင်ရင် ကောင်းမည်။

"ပုံ့ပုံ့..."

ကျွန်တော့်ခေါ်သံကြောင့် သူမက ခေါင်းငုံ့ကြည့်၏။

"ကျွန်တော်တို့ ဟိုတစ်ခါ ပြေးပြီးကတည်းက နောက်တစ်ခါ ထပ်မပြေးဖြစ်သေးဘူးနော်"



"ဟုတ်တယ်၊ အရင်တစ်ပတ်က ချိန်းထားတာလည်း ပုံ့ပုံ့ကြောင့် ပျက်သွားရတာ အားနာတယ်"

"ရပါတယ် ပုံ့ပုံ့ရဲ့... ကျွန်တော်တို့မှာ နောက်ထပ် နေ့ရက်တွေ ရှိသေးတာပဲ"

ဟိုတစ်ခါ ချိန်းထားသော နေ့မတိုင်မီ ပုံ့ပုံက နယ်ကို MTV ရိုက်ဖို့ နှစ်ရက် ခရီးထွက်သွားရတာကြောင့် မပြေးဖြစ်လိုက်ချေ။

အခုဆို ကျွန်တော်တို့ နှစ်ယောက်သည် ပုံမှန်ဖုန်းပြော ဖြစ်သည်။ မပြောချင်တာတွေကိုတော့ စာဖြင့်ရေးကာ Silver Oak ဆိုင်တွင် သူမ အတန်းမတက်ခင်တွေ့ပြီး ပေးနိုင်သည်။ တခြားလူတစ်ယောက်ကို ပြောပြ၍ မရသော စကားများကိုလည်း နှစ်ယောက်ထဲတွေ့ချိန်များတွင် ပြောပြနိုင်သည်။

သူမအတွက် ကျွန်တော်သည် ငှက်ရုပ်လေးတွေကို ကျွမ်းကျင်စွာ ခေါက်တတ်လာခဲ့သည်။ ကျွန်တော်တို့သည် အပြန်အလှန် လိုအပ်နေသော အဖော်များလည်း ဖြစ်ကြသည်။ ဘဝ၏ မာကျောသော စာမျက်နှာများတွင် ကျွန်တော့်နှလုံးသားဖြင့် ရေးထိုးထားသည့် ကဗျာတွေ ရှိသည်။ ထိုကဗျာများကို ကျွန်တော်က ညီအစ်ကိုလို ခင်ရသော သီချင်းရေးဆရာ မောင်မောင်ဇော်လတ်ကို ရွဲ့ပြီး 'အချစ်အကြောင်း' ဟု အမည်ပေးထား၏။

ရုတ်တရက် သူမသည် ထိုင်နေရာမှ ထလိုက်ပါသည်။ ပြီးတော့ ချော့စ်အဆောက်အဦး၏ ဘေးဘက်သို့ လက်ညှိုးထိုးပြကာ ပြော၏။

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီ ချာ့စ်တေးမှာ မြက်ခင်းတွေက ဒီရှေ့က မြက်ခင်းတွေထက် လှတယ်"

"ပုံ့ပုံ့က ဒီထဲကို ကျွမ်းလှချည်လား"

"ဟုတ်တယ်. . ဒီထဲမှာ ပုံ့ပုံ့ ပြက္ခဒိန်ရိုက်ဖူးတယ်။ ကြော်ငြာလည်း ရိုက်ဖူးတယ်။ သူငယ်ချင်းတွေနဲ့လည်း လာဖူးတယ်"

"ဩော်. . . ဟုတ်လား"

"ဟုတ်တယ်. . . လာ. . ပုံ့ပုံ့တို့ တစ်ပတ် ပတ်ကြမယ်"

နောက်တော့ သူမ၏ ဦးဆောင်မှုဖြင့် ကျွန်တော်တို့ ချာ့စ်ဝင်းထဲကို လျှောက်ပတ်ကြပါသည်။ သူမသည် ပျော်နေ၏။ လွတ်လပ်ခွင့်ရသော ကလေးတစ်ယောက်လိုလည်း ဆော့နေတတ်သည်။

"ဟိတ်. . . ဟိုကျောက်ပြားမှာ သွားထိုင်ကြမယ်"

ကျွန်တော်က ခေါင်းညိတ်ပြရ၏။ သူမ၏ဘေးမှာ မရှိုးသားသည့် စိတ်များကို မောင်းထုတ်ကာ အဖော်အဖြစ် ကျွန်တော်လိုက်ပါနေခဲ့ပါသည်။ ကျောက်ပြားကြီးမှာ အရိပ်အေးလှ၏။ သူမ၏နားသယ်စပ်တွင် ချွေးစများ ခပ်စို့စို့ရှိသည်။ ပုံ့ပုံ့သည် အိတ်ထဲမှ ပီကေတွေကို ထုတ်စားရင်း ကျွန်တော့်ကိုလည်း ကျွေးသည်။ သူမသည် ကျွန်တော့်ကို ရှိသည်လို့ပင် သဘောမထားဘဲ အားရပါးရ သန်းနေပြန်သည်။

"ဘာလဲ. . . ညက အိပ်ရေးမဝဘူးလား"



"ဟုတ်တယ်. . . ညဆို မအိပ်ဘူး။ ပုံ့ပုံ့ ညတုန်းက ဂစ်တာတီးနေတာ၊ ပြီးတော့ ကြယ်တွေကို ကြည့်တယ်။ သူ့ဆီကိုလည်း ဖုန်းဆက်ဦးမလို့ပဲ. . . ဒါပေမယ့် ညနှစ်နာရီထိုးနေပြီဆိုတော့ သူဖုန်းလာမကိုင်ဘဲ တစ်ခြားလူတွေနိုးပြီး လာကိုင်ရင် အားနာစရာကြီး . . . အဲဒါကြောင့် မဆက်ဖြစ်တာ. . ."

"အိပ်တာမဟုတ်ဘူးကွာ. . . ဒီနေ့ ကျောင်းရှိတဲ့ဟာကို"

"ဟာ. . . မအိပ်ပါဘူး။ ညတွေက ဒီလောက်လှတာ. . . အိပ်ပစ်ရမှာ နှမြောစရာကြီး. . ."

"ကျွန်တော်ကတော့ အိပ်တာပဲ။ အိပ်မက်တွေကို နှမြောလို့"

"အံမယ်. . . သူ့အိပ်မက်က ဘယ်လောက်ဂေါင်းလို့လဲ။ ညကမှ မိုက်တာ"

"ကောင်းတာပေါ့။ အိပ်မက်ထဲမှာ ပုံ့ပုံ့တောင် ပါသေးတယ်"

"ဟယ်. . . ဟုတ်လား။ ပုံ့ပုံ့က ဘယ်လိုပါတာလဲ"

"အိပ်မက်ထဲမှာ ပုံ့ပုံ့ကို ရေချိုးပေးရတယ်လို့ မက်တယ်။ ပြီးတော့ မင်းနှုတ်ခမ်းတွေက ကိုယ့်နဖူးကို ခလုတ်ဝင်တိုက်တာလည်း ပါတယ်"

"အာ. . ."

သူမမျက်နှာပေါ်ရှိ ပန်းရောင်အရှက်တရားများကို ကျွန်တော် လွယ်ကူစွာ ကျရှုံးသွားပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒီလောက် ပျော့ပြောင်းနူးညံ့တဲ့ မိန်းမတစ်ယောက်ဆီမှာ ကျွန်တော့်အချစ်တွေကို မှတ်တမ်းတင်ထားလိုက်ချင်သည်။ သူမသည် ခေါင်းငုံ့ကာ ရှက်ရယ် ရယ်နေဆဲ။

"ပုံ့ပုံ့ . . ."

သူမက ခေါ်သံကြောင့် ဆတ်ခနဲ မော့ကြည့်လိုက်သည်။

"ကျွန်တော့်ကို အဖြေပေးဦးလေ"

"ဟင် . . . သူက ဘယ်တုန်းက ရည်းစားစကား ပြောထားလို့လဲ"

သူမက အံ့သြသွားပြီး စိတ်ရှုပ်ထွေးကာ စဉ်းစားနေ၏။

"ဟိုတစ်ခါ 'မျက်နှာချင်းဆိုင်ပခဖျား' သီချင်းပေးတုန်းက သီချင်းစာရွက်မှာ ရင့်ထိုးလေးတစ်ခု ပါတယ်လေ။ အဲဒီမှာ ပါတာပဲ"

ဒီတော့မှ သူမက သဘောပေါက်သွားပြီး အသံလွင်လွင်လေးနှင့် ရယ်သည်။ ကျွန်တော်က ထိုရယ်သံများကို သိမ်းဆည်းထားချင်သော်လည်း ကျွန်တော်ဖမ်း၍ မရသေးမီ ရယ်သံတွေက အဝေးကြီးကို လွင့်မျောသွားခဲ့သည်။

"အဲဒီရင်ထိုးမှာက ဘာရေးထားလို့လဲ"

"I Love You"

"အဲဒါ ဘာကြီးလဲ နားမလည်ပါဘူး"

"ဟွန်း . . . ဒါနဲ့များ TOEFl ဖြေဦးမယ်တဲ့။ ဒါတောင် ဘာသာ မပြန်တတ်ဘူး။ အောင်လိမ့်မယ် အားကြီးကြီး"



"မအောင်လည်း ဘာတတ်နိုင်မှာလဲ၊ ဆရာသင်တဲ့ထဲမှာ အဲဒါမှ မပါတာ"

ပြောပြီး ကျွန်တော့်မျက်နှာကို သူမက ပြုံးစေ့စေ့နှင့် ကြည့်နေပါသည်။

"အမလေး . . . မျက်နှာကလည်း စူပုတ်နေတာပဲ"

"ဒါတော့ ပုံ့ပုံ့က ညစ်တာကိုး"

"မညစ်ပါဘူး။ တကယ် မသိတာ"

"တော်ပြီ"

ကျွန်တော်က သူမကို ဘာမှမပြောတော့ဘဲ အဝေးကြီးကိုပဲ ငေးနေလိုက်ပါသည်။ ပုံ့ပုံ့က ကျွန်တော့်ကို ရယ်နေပြန်သည်။

"ဒုက္ခပါပဲ၊ နိုင်ငံကျော် သီချင်းရေးဆရာကြီးကလည်း စိတ်ကောက်တတ်တာပဲလား"

"အဲဒီလို မပြောပါနဲ့၊ ကျွန်တော်က အညတရ တစ်ယောက်ပါ၊ ဘာမှ နိုင်ငံမကျော်ဘူး။ ဘယ်သူမှတောင် မသိဘူး"

"ဟုတ်လို့လား၊ နာမည်ကြီးပါတယ်"

"ပုံ့ပုံ့နော်၊ မဟုတ်တာတွေလျှောက်ပြောပြီး စကားလမ်းကြောင်း မလွှဲနဲ့။ အဖြေပေး . . . ဒါပဲ"

"အဖြေတောင်းတာကလည်း ဓားပြတိုက်တာ ကြနေတာပဲ။ နေ့စမ်းပါဦး . . . . ပုံ့ပုံ့က မစဉ်းစားရတော့ဘူးလား"

"စဉ်းစားမယ် ဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



သူမသည် ဒီတစ်ခါတော့ ကျွန်တော့်ကို ပါးစပ်ဖြင့် မပြောဘဲ ခေါင်းညိတ်ပြပါသည်။ ဒါဆိုရင်တော့ သူမစကားသည် အတည်ဟု ကျွန်တော် ယူဆလိုက်ပါ၏။

"ဒါဆို ဘယ်တော့ အဖြေပေးမှာလဲ"

"အေးဆေးပေါ့"

"အိုကလေ. . . စဉ်းစားပေါ့"

ကျွန်တော်သည် သူများ၏ အခွင့်အရေးကို အမြဲ လေးစားခဲ့သူ ဖြစ်သည့်အလျောက် ဒီတစ်ခါလည်း ကျွန်တော့်မူအတိုင်းပဲ ဖြစ်ပါသည်။ ကျွန်တော်က သူတစ်ပါး၏ ခံစားမှုအား အနိုင်ကျင့်သူတွေကို မုန်း၏။

နွေဦး၏ ညနေခင်းသည် ဥသြငှက်အော်သံများကို ခြံရံထားပြီး ရောက်ရှိလာခဲ့သည်။ သူမ၏ မျက်လုံးထဲမှ နက်နဲသော ခွန်အားများကို ကျွန်တော့်အနုပညာသည် ရေရှည်တွင် ကာကွယ်နိုင်မည်လား။ ထိုအချက်သည် စဉ်းစားစရာ ဖြစ်ခဲ့သည်။

"ဟိတ်ကောင်. . . သွားမယ်၊ ဒီမှာ လေးနာရီထိုးတော့မယ်။ တော်ကြာ လာကြိုတဲ့ကားက သင်တန်းရှေ့မှာ အရင်ရောက်နေရင် အမေနဲ့ ပြဿနာဖြစ်လိမ့်မယ်"

"ဒါဆို သွားမယ်လေ မြန်မြန်ထ"

ကျွန်တော်တို့နှစ်ယောက်သည် လှပအေးချမ်းသော စိန်ပေါ်ချာ်ဝင်းကြီးကို ထားရစ်ကာ ပြန်လာခဲ့ရသည်။ မတ်လ၏ မိုးတိမ်များက ကောင်းကင်မှာ ထုနှင့်ထည်နှင့် ရွေ့လျားနေကြသည်။



YES သင်တန်းရှေ့ကို အမြန်လမ်းလျှောက်နေသော ကျွန်တော်တို့ကို တစ်ဖက် ပလက်ဖောင်းပေါ်မှ ကိုချစ်ဖွယ်တို့က မြင်သွားသဖြင့် လက်လှမ်းပြလိုက်ရသေး၏။

လမ်းထိပ်ကို ရောက်တော့ ထုံးစံအတိုင်း ကျွန်တော်က ကျန်ရစ်ခဲ့ရပါသည်။ သူမ၏ နောက်ပိုင်းကို ပျောက်တော်ပေသည်အထိ ကျွန်တော် ရပ်ငေးကြည့်နေမိသည်။ လူငယ်ဆိုတာ ဒီလိုပဲ အရှိုင်းဆန်ချင်ဆန်မည်။ အိပ်မက်ဆန်းတွေ မက်ချင် မက်မည်။ မိုက်ကန်းရူးသွပ်သော အလုပ်တွေလည်း လုပ်ချင်လုပ်မည်။

သို့သော်. . . ယုံကြည်ချက်နှင့် ခံစားမှုကိုတော့ လူငယ်တွေက တာဝန်ယူရဲကြပါသည်။ ဉာဏ်ပညာနှင့် ယှဉ်သော ရပ်တည်နေထိုင်မှုအတွင်း ကျွန်တော်က စည်းကမ်းတကျ အချစ်ကို ထိန်းချုပ်တတ်ခဲ့ပြီ။

ပုံပုံ. . . မင်းကရော ဘယ်လိုလဲ။

ကျွန်တော့်အထင် ပြောရလျှင် သူမသည်လည်း သူ့ရဲ့ကောင်းမှန်သမျှကို ချစ်မြတ်နိုးတတ်ပါလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

ကျွန်တော်တို့နှစ်ယောက်သည် တစ်ခါတရံ မျက်လုံးချင်း ကြေးနန်းရိုက်လျက်၊ တစ်ခါတရံ ဒုက္ခတွေကို ဟန်ဆောင်ရယ်မောလျက်၊ တစ်ခါတရံ အိပ်မက်တွေကို အရောင်စုံခြယ်လျက်၊ တစ်ခါတရံ တစ်ယောက်ကို တစ်ယောက် နှစ်သိမ့်လျက်. . . အဲသလို ဖြစ်ကြပါသည်။

လွတ်လပ်သော နှောင်ကြိုးများက ကျွန်တော်တို့ ကြားတွင် ရှုပ်ယှက်ခတ်မနေဘဲ ရိုးရိုးရှင်းရှင်းလေးသာ ဖြစ်၏။ တစ်ယောက်ကို တစ်ယောက် ဘာတာဝန်မှ မရှိစေဘဲ သံယောဇဉ်များက နေပဲ့ပါး လှုပခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



စကားလုံးများကို ကျော်လွန်နေသည့် အသိတရားတချို့ကိုလည်း ကျွန်တော်တို့က နားလည်မှု မြင့်မားစွာ ထားနိုင်ခဲ့ကြသည်။ နွေဦးက ဆွဲဖွင့်ထားသော သူမ၏ ပန်းပွင့်များအကြောင်းကို ကျွန်တော်က သီချင်းတွေ ရေးဖြစ်၏။

ဒီလို အခြေအနေတွင် ကိုချစ်ဖွယ်၏ အသိဂျာနယ်တစ်စောင်က ကျွန်တော်တို့ အကြောင်း သတင်းအစ ရသွားပြီး ရေးထည့်လိုက်သည်။ နာမည် အတိအကျ မပါသော်လည်း ကျွန်တော်တို့မှန်း သိသာစေသော အရေးအသားတွေ ဖြစ်ပါ၏။ နှစ်ဖက်မိဘတွေသည် ဂျာနယ်ပါသတင်းများကြောင့် ကျွန်တော်တို့ကို ပိုမို တင်းကြပ်စွာ တားမြစ်လာတော့သည်။

ဒါပေမယ့် ကျွန်တော်တို့သည် သူတို့တွေကို သိပ်ဂရုမစိုက်အားဘဲ ကိုယ့်အရသာနှင့်ကိုယ် ငြိမ်သက်စွာ ကျွမ်းလောင်နေမိကြသည်။ ကျွန်တော်က သူမအတွက် စက္ကူငှက်ရုပ်တွေကို လက်ဆောင်ပေးမြဲ။ သူမရေးထားသည့် ပန်းရောင်စာရွက်တွေကိုလည်း ကျွန်တော် ဖတ်နေရမြဲ။ သူမပေးထားသော ပန်းရောင်စာများကို နံပါတ်စဉ် တပ်ကာ ကျွန်တော်က အထပ်လိုက် သိမ်းထား၏။ တယ်လီဖုန်းထဲမှာပင် ကျွန်တော်တို့က မမေ့မလျော့ စကားလုံးအားဖြင့် နမ်းကြပါသည်။

အချိန်တွေက နွေဦးရက်စွဲများကို လျှင်မြန်စွာ တိုက်စားသွားကြ၏။ သူငယ်ချင်း အဆိုတော်တစ်ယောက်က တစ်ပတ်ခန့် နိုင်ငံခြား



ခရီးသွားရမှာမို့ သူ့ဟန်းဖုန်းကို ကျွန်တော့်ထံမှာ ထားခဲ့သည်။ ထို့ကြောင့် မတ်လ၏ နောက်ဆုံးအပတ်သည် ကျွန်တော်တို့ နှစ်ယောက် ဖုန်းထဲမှာ စကားတွေ အများကြီး ပြောဖြစ်သော ကာလတစ်ခု ဖြစ်ခဲ့လေသည်။ သစ်ရွက်ခြောက်ကြွေများက ရော်ဝါသော လမ်းဟောင်းလေးမှာ ဝဲပျံကာ အိပ်မက်ဆန်နေသည်။

ကျွန်တော်က ထိုလမ်းဟောင်းလေး၏ သစ်သားခုံတန်းလျားမှာ ထိုင်ရင်း မိဘအသိုင်းအဝိုင်းများရဲ့ ဖိအားပေးမှုကို ကာကွယ်ရန် စဉ်းစားနေမိ၏။ ထိုစဉ် ဖုန်းမြည်သံကို ကြားရသဖြင့် ဖုန်းနံပါတ်ကို ကြည့်လိုက်ပါသည်။ ပုံ့ပုံ့ဖုန်း ဖြစ်နေ၏။

"ပုံ့ပုံ့ပြော"

"အခု သူ ဘယ်မှာရောက်နေတာလဲ"

"သထုံလမ်းကို သိလား"

"သိတာပေါ့၊ တက္ကသိုလ်ရေကူးကန်ရှိတဲ့ နေရာ မဟုတ်လား"

"ဟုတ်တယ်. . . အဲဒီဝင်းကြီးထဲမှာ"

"ဘာလုပ်နေတာလဲ"

"ဒီနေရာမှာ လမ်းဟောင်းလေးပေါ် ကြွေကျနေတဲ့ သစ်ရွက်ခြောက်တွေ အများကြီး ရှိတယ်၊ အဲဒါတွေကို ကြည့်နေတာ"

"ပုံ့ပုံ့တောင် ကြည့်ချင်လာပြီ"

"လာခဲ့ပါလား"

www.burmeseclassic.com

www.burmeseclassic.com



"မရလို့ပေါ့ကွာ၊ သူကလည်း သိရဲ့လားနဲ့။ ဒီမှာ ပွံ့ပွံ့ပြောမယ်၊ မနက်ဖြန် မနက် အတူတူ ပြေးကြမယ်။ နောက်ဆို ပြေးလို့ကောင်းမှာ မဟုတ်တော့ဘူး"

"လာခဲ့မယ်လေ၊ ဟိုတစ်ခါ အချိန်ပဲ မဟုတ်လား"

"အင်း ဟုတ်တယ်။ ငါးနာရီခွဲ"

"အိုကေလေ. . . လာခဲ့မယ်"

"ဒါဆို ဖုန်းချလိုက်တော့မယ်၊ တော်ကြာ အမေအခန်းထဲက ကြားသွားမှာ စိုးလို့"

"တာ့တာ"

ကျွန်တော်က သက်ပြင်းကို ဖွဖွချမိ၏။ နွေသည် ဥသြငှက်နှင့် သစ်ရွက်ကြွေများကြားမှာ လှပစွာ အသက်ဝင်နေတော့သည်။ ပွံ့ပွံ့ ချိန်းထားသော မနက်ဖြန် အကြောင်း တွေးမိတော့ ကျွန်တော် တိတ်ဆိတ်ငြိမ်သက်မိသွားသည်။

နောက်. . . သူမနှင့် ပတ်သက်သမျှ အရာရာသည် ရောင့်ရဲစရာ ဖြစ်ပါသည်။

⦿ ⦿ ⦿ ⦿ ⦿

ထုံးစံအတိုင်း ကျွန်တော်က သန္တာအောင်ကားကို တစ်ရက်ငှားရပြန်သည်။ ဒါပေမယ့် ဒီတစ်ခါတော့ ကျွန်တော် တစ်ညလုံး ကား



လျှောက်မောင်းတာတွေ၊ ဘာတွေ မလုပ်တော့ဘဲ အိမ်မှာ အိပ်ပါသည်။ မနက် ငါးနာရီထိုးတော့မှ အိပ်ရာမှ ထကာ ပွံ့ပွံ့ဆီ ထွက်လာခဲ့မိသည်။

ပွံ့ပွံ့နှင့် ချိန်းထားသော နေရာကို ရောက်တော့ ငါးနာရီခွဲပြီးကာစ ဖြစ်၏။ ကျွန်တော်က နာရီကို ကြည့်ရင်းမှ ရက်စွဲကိုပါ တစ်ခါတည်း ကြည့်မိသွားသည်။

1st April...။

အို. . . ဒါဆို ဒီနေ့ ဧပရယ်ဖူးပေါ့။ ဒီတော့မှ ပွံ့ပွံ့၏ လေသံနှင့် ချက်ချင်း ဖုန်းချသွားသော အဖြစ်အပျက်များကို ပြန်ဆက်စပ်လိုက်မိ၏။ သူမ ရောက်မလာတော့မှန်း သိသွားကာ ကျွန်တော် စိတ်တိုသွားမိပါသည်။ ကျွန်တော့်ရင်ထဲမှာ သူမ ရောက်ရှိနေသည့် ထုထည်ပမာဏသည် ကြီးမားခိုင်ခံ့နေခဲ့ပြီ။

မနက်ခင်းသည် ခပ်စောစောသာ ရှိသေးသော်လည်း အလင်းက ပတ်ဝန်းကျင်ကို နေရာယူထားပုံမှာ လျင်မြန်လွန်းလှသည်။ ကျွန်တော်သည် သူမ ရောက်မလာတော့ဘူးဆိုသော အသိကြောင့် နာကျင်လာသည်။ ဒါ ဧပရယ်ဖူးပဲဟု ဖြေဆည်သော်လည်း ဝေဒနာက လျော့မသွားတာကို သတိထားမိ၏။ သူမက ကျွန်တော့်ကို ခဏတာ နောက်ပြောင်ထားရစ်ခဲ့ခြင်းကိုတောင် ဒီလောက် ခံစားနေရလျှင် တစ်ဘဝလုံး ထားရစ်ခဲ့မည့် အရေးသည် စဉ်းပင် မစဉ်းစားရဲ။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် ကားတံခါးကို မှီ၍ နေရောင်ရောက်မလာခင် အလင်းများကို ငေးကြည့်နေမိသည်။ စိတ်ကို လျှော့ထားလိုက်ပြီး အရာရာကို နူးညံ့စွာ ခွင့်လွှတ်ပေးထားလိုက်ပါသည်။

ငှက်အော်သံလေးများသည် သဲ့သဲ့ကြားနေရာမှ ပီပီပြင်ပြင် ဖြစ်လာ၏။ စောစောတုန်းက ကျန်ရစ်နေခဲ့သော ဒေါသများသည် လည်း လုပစွာ လွင့်ကွယ်သွားပါသည်။

အချိန်က မနက်ခြောက်နာရီကျော်လာခဲ့ပြီ။ ကျွန်တော့်မျှော် လင့်ချက်များ အားလုံးသည် ဧပရယ်ဖူးသာ ဖြစ်လေသည်။ ဟိုတစ်ခါ သူမ ထွက်လာသော လမ်းကလေးဆီသို့ အမှတ်တမဲ့ လှမ်းကြည့်လိုက် မိ၏။

ထိတ်ခနဲ ရင်မှာ ခုန်သွား၏။ အရမ်းလည်း အံ့သြသွားမိသည်။ ပုံ့ပုံ့. . . ဒီတစ်ခါတော့ သူမက အရင်တစ်ခါလို အနီရောင် အရိုပ် ကလေး မဟုတ်တော့။ အဖြူရောင်ဝတ်စုံနှင့် ဖြစ်သည်။ သူမသည် ဟိုတစ်ခါလိုပဲ စက်ဘီးကို စီးလာ၏။ အနားကို ရောက်လာတော့ ပီကေဝါးနေသော သူမ၏ လှုပ်လှုပ်၊ လှုပ်လှုပ် ပါးစပ်လေးသည် ခါတိုင်းလိုပင် ချစ်စရာ ကောင်းနေဆဲ။

ကျွန်တော့်မျက်ဝန်းတွေဆီမှ ပျော်ရွှင်မှု အရောင်တွေကို သူမ ခံစားရပါလိမ့်မည်။ ဘာကိုမှ မျှော်လင့်မထားတော့ သူတစ်ယောက် အဖို့ ဒီလို ခံစားချက်ဆိုတာ အရမ်း ခမ်းနားလွန်းလှပါသည်။



"ဒီနေ့က ဧပရယ်ဖူးဆိုတော့ ပုံ့ပုံ့ ရောက်မလာတော့ဘူး မှတ် လို့"

"ဟုတ်တယ်. . . အစကတော့ ပုံ့ပုံ့က သူ့ကို ဧပရယ်ဖူး လုပ် တာပဲ။ ဒါပေမယ့် ခြောက်နာရီထိုးတော့ ပုံ့ပုံ့လည်း ဘယ်လိုမှ မနေနိုင် တော့လို့ ထွက်လာခဲ့တာ၊ ပြီးတော့ သူ မျှော်နေမှာကို သနားလို့၊ အခုလည်း ပုံ့ပုံ့က သူ မရှိတော့ဘူးလို့တောင် ထင်နေတာ"

သူမ စကားဆုံးတော့ ကျွန်တော်တို့နှစ်ယောက် တိုင်ပင်မထား ဘဲ ရယ်မောလိုက်ကြပါသည်။ ဧပရယ်ဖူးသည် အခုတော့ ချိုမြိန်သော စပျစ်သီးလေးများကဲ့သို့ ကျွန်တော့်လျှာဖျား၌ အသက်ဝင်နေ၏။

"ပုံ့ပုံ့"

"ရှင်"

"ဒီနေ့လည်း ကျွန်တော်တို့ အပြေးလေ့ကျင့်မယ်ဆိုပြီး စက်ဘီး ပဲ စီးဖြစ်ကြဦးမှာပေါ့"

သူမက ကျွန်တော့်စကားကို သဘောပေါက်စွာ စက်ဘီးအား ထိုးပေးရင်း တိုးသွဲ့သွဲ့ ရယ်နေပြန်သည်။

"ခဏနေဦး. . . ပုံ့ပုံ့ရဲ့ ဒီမှာ ကားမှန်တင်ပြီး Lock လုပ် လိုက်ဦးမယ်၊ တော်ကြာ ပါသွားမှ"

ထို့နောက် ကျွန်တော်တို့နှစ်ယောက်သား အရင်တစ်ခါလိုပင် စက်ဘီးစီးကြပြန်သည်။ ရင်းနှီးသော ခန္ဓာကိုယ်ချင်း အထိအတွေ့မှာ စကားလုံးတွေသည် မရှိကြ။ ငှက်အော်သံများက စီရရီ ညီညွှာနေ၏။

www.burmeseclassic.com

www.burmeseclassic.com



နွေဦး၏ သစ်လွင်သော မနက်ခင်းသည် အနုပညာဆန်ကာ လှပနေလေသည်။ ကျွန်တော့်ရင်ခုန်သံများက ငြိမ့်ငြိမ့်လေး လှုပ်ခတ်နေ၏။ စက်ဘီးသည် ကုန်းတံတားပေါ် တက်ခါနီးတော့ သူမက အရင်လိုပဲ ခုန်ဆင်းလိုက်ပါသည်။ ကျွန်တော်တို့ တိတ်ဆိတ်စွာ ကုန်းတံတားထိပ်အထိ လမ်းလျှောက်လာခဲ့ကြသည်။

"ဧပရယ်ဖူးကလည်း ကြည်နူးစရာ ကောင်းလိုက်တာနော်"

"ဒါက ပွံ့ပွံ့ သနားလို့ပါ. . ."

"ဟုတ်မှာပေါ့"

သူမ နှုတ်ခမ်းတွေသည် ပီကေဝါးရင်း ပြုံးနေပြန်သည်။ (ကျွန်တော်နှင့် သူမကြားတွင် ထိုအမူအရာသည် နောင်တွင် ထုံးစံတစ်ခုလို ဖြစ်ခဲ့ပါသည်။)

မနက်ခင်းထဲတွင် အလင်းများက ဗလာနယ်၏ ခွန်အားသက်သက်မျှသာ ဖြစ်လေသည်။ သူမ နှလုံးသားသည် အခုချိန်တွင် တန်ဖိုးများ၏ အထက်တွင် ရောက်ရှိနေသော 'သုည' တစ်လုံး ဖြစ်နေ၏။ သူမ၏ ဉာဏ်နှင့်ဆိုလျှင် ကျွန်တော့်ခံစားမှုတွေကို ကောင်းစွာလက်ခံနိုင်ပါလိမ့်မည်။

"ပွံ့ပွံ့. . ."

လှပသော ဆည်းဆာရောင် နောက်ခံမြင်ကွင်းထဲမှာ သူမသည် ကျွန်တော့်ကို လှည့်ကြည့်လိုက်ပါသည်။ မပြောသော်လည်း သူမ၏ အကြည့်သည် "What" ဘာလဲဟု အဓိပ္ပာယ် ရ၏။



"ကျွန်တော့်ကို ချစ်လားဟင်"

ရုတ်တရက် သူမသည် အဝိုက်မိကာ အံ့မှန်တရားကို ခေါင်းညိတ်ပြလိုက်ပြီးမှ အခြေအနေ တစ်ခုကို အမြန်ပြောင်းရွှေ့ပစ်လိုက်၏။

"ဒီနေ့က ဧပရယ်ဖူးနော်၊ ပွံ့ပွံ့စကားတွေက အလကား ဖြစ်သွားလိမ့်မယ်။ နားလည်လား"

"ဟုတ်သားပဲ၊ ဒါဆိုလည်း နောက်နေ့ပေါ့၊ မနက်ဖြန်ကျောင်းရှိတာပဲ။ Silver Oak မှာ တွေ့မယ်လေ"

"တွေ့ကြတာပေါ့"

သူမသည် ကျွန်တော်၏ လူလည်ကျမှုကို မသိချင်ယောင်ဆောင်ကာ သဘောတူလိုက်ပါသည်။ အခုဆို သူမသည် ကျွန်တော့်ကို မနက်ဖြန် အဖြေပေးမည်ဟု လက်ခံလိုက်ပြီးသားဖြစ်သွားခဲ့ပြီ။ ကျွန်တော်က ကိုယ့်ကိုယ်ကိုယ် ကျေနပ်လျက် လောက၏ မာယာတွေကို ကစားကွင်းတစ်ခုမှ ပျော်ရွှင်ဖွယ်ရာများလို့သာ သဘောထားခဲ့ပါသည်။

နေရောင်ခြည်သည် ဒီနေ့မှ ကမ္ဘာမြေပေါ် ခါတိုင်းထက် ပိုစေစီးစွာ ကျရောက်လာသည်ဟု ကျွန်တော် ထင်မိသည်။ ပန်းရနံ့တွေကလည်း ပိုမွှေးနေ၏။ ကလေးတွေလည်း ပို၍ ပျော်ရွှင်နေကြ၏။ ငြိမ်းချမ်းရေးသည် လူသားတိုင်းအတွက် အဆင့်မြင့်သော အသက်ရှင်နေထိုင်ခြင်း တစ်မျိုး ဖြစ်သည်။ သူမသည် ကျွန်တော့်အတွက်

www.burmeseclassic.com

www.burmeseclassic.com



လိင်ဆွဲဆောင်မှုနှင့် မေတ္တာတရားကြားမှ တံမှားတစ်စင်းလည်း ဖြစ်လေသည်။

ကျွန်တော်တို့ တစ်ယောက်နှင့် တစ်ယောက် မငြိုးငွေ့ကြဘဲ အဝေးကြီးဆီမှ ဘာမှန်းမသိသော ဖွဲ့စည်းမှု တစ်မျိုးကို ငေးကြည့်နေမိကြသည်။ သူမသည် ထိုခဏမှာပဲ ကျွန်တော့် ရိုးဖြောင့်မှုအားလုံးကို ငလျှင်အသေးစား တစ်ခုအဖြစ် ပြောင်းလဲသွားနိုင်ခဲ့သည်။

"ပြန်ကြရအောင်"

ဒီစကားကို ကျွန်တော်က စပြောခြင်းအတွက် သူမ နည်းနည်း အံ့ဩသွားသော်လည်း ဘာမှမပြောဘဲ ခေါင်းညိတ်လိုက်၏။ အရင် တစ်ခါလိုမဟုတ်သော အပြောင်းအလဲအဖြစ် သူမကို စက်ဘီးနောက် မှာပဲ ထိုင်စေကာ ကျွန်တော်က ရှေ့မှ ဦးဆောင်လိုက်ပြန်သည်။ သူမသည် တိတ်ဆိတ်နေဆဲ။ ပထမတစ်ခေါက်တုန်းကလို မနက်စာ အတူစားမည့်အကြံကိုလည်း ကျွန်တော် ဖျက်ဆီးပစ်လိုက်၏။

"ပုံ့ပုံ့ . . . ကျွန်တော်က ကိုးနာရီအလှူတစ်ခု သွားရမှာမို့ အဲဒီ ကျမှပဲ စားလိုက်တော့မယ်နော်"

သူမသည် ခေါင်းသာညိတ်ပြသည်။ အပြန်လမ်းခွဲချိန်တွင် လည်း ဟိုတစ်ခါလို သူမကို ကြည့်မနေဘဲ ဂိုးကို ဦးအောင် မောင်း ထွက်လာခဲ့သည်။ ကျွန်တော်သည် ဒီနေ့အဖို့ သူမ အံ့ဩစေမည့် အရာတွေကို တောက်လျှောက်လုပ်ခဲ့ပါ၏။



သို့သော် သူမသည် ပုံမှန်သာ ဖြစ်ပြီး မျက်နှာတစ်စက်မှ မပျက် ဘဲ ရင်ဆိုင်နိုင်လေသည်။ ပုံ့ပုံ့၏ ထိန်းချုပ်နိုင်စွမ်း အားလုံးသည် ဘဝက သင်ပေးသော ဒဏ်ရာများထဲမှ တတ်မြောက်လာခြင်း ဖြစ် ၏။ သူမလို ဝက်ပါဆန်သည်ဟု ကျော်ကြားသော မိန်းကလေး တစ် ယောက်သည် ကျွန်တော့်ထက် အများကြီး ပိုရိုးသားခဲ့ပါသည်။ အရှက်ကြောင့် ကျွန်တော့်မျက်နှာသည် နီရဲနေ၏။ နောက်တစ်ခု ဝန်ခံ စရာ ရှိသည်မှာ ပုံ့ပုံ့သည် ကျွန်တော် တန်ဖိုးများ အားလုံးကို လေးစားစွာ ဆက်ဆံခဲ့သော်လည်း ကျွန်တော်ကတော့ သူမအပေါ် အတ္တကြီးကာ မောက်မာမိခဲ့သည်။ ဒါပေမယ့် ကျွန်တော့်ဘက်မှ ဖြေသိမ့်နိုင်သည်တစ်ခုက စဉ်းလဲသော မြေခွေးတွေကို ကျွန်တော် အားမကျမိခဲ့ခြင်း ဖြစ်၏။

လူတစ်ယောက်၏ အခြေခံအားဖြင့် ရိုးသားစိတ်သည် ကျွန် တော်တို့ နှလုံးသားထဲတွင် အမြဲတမ်း ပထမဆုံ ဖြစ်ပါသည်။ တချို့ တလေသော အချိန်အခါများတွင် ရိုးသားမှုကို ဉာဏ်က လွှမ်းမိုး သွားပြီး တမင် လုပ်ယူလိုက်သည့် အခြေအနေတွေ ရှိလာတတ်၏။ ကျွန်တော်က အတ္တဖြင့် စာမေးပွဲစစ်လိုက်သည့် ရလဒ်များသည် သန့် ရှင်းဖြူစင်နေသောအခါ သူမကို စိတ်ထဲက တောင်းပန်မိသည်။

အမြဲမဟုတ်သော်လည်း တစ်ခါတလေတော့ ကျွန်တော့်ရဲ့ ပထမဆုံထက် အသန့်ရှင်းဆုံးဆုကလေးမှာ ဂုဏ်ယူချင်မိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ချစ်သည့် မိန်းမတစ်ယောက်ရှေ့မှာ ဘာကိုမှ မစဉ်းစားဘဲ ရှိရှိသမျှ ဒူးထောက်ပေးလိုက်ရတာမျိုးကို ကျွန်တော်က လုပ်ရဲချင်သည်။ ပြီးတော့ သူမ နှလုံးသားထဲမှာ ကျွန်တော်က ဖြူဖြူစင်စင်လေး အိပ်မက်နေချင်သည်။

ပွဲပွဲရေ. . .

ဖြစ်ချင်ရဲ့လား။

ဖြစ်နိုင်ပါ့မလား။

❋ ❋ ❋ ❋ ❋

## အခန်း (၁၀)

Silver Oak သည် ငြိမ်သက်တိတ်ဆိတ်နေပြီး ကျွန်တော်နှင့် ပွဲပွဲ့က မျက်နှာချင်းဆိုင်ကာ စိတ်ချင်း အကဲဖြတ်လျက် ရှိ၏။ သူမသည် ပုံမှန်ပဲ သခွားမွှေးဖျော်ရည်ကို ပိုက်ဖြင့် စုပ်နေခဲ့သည်။ အခုအချိန်မှာ ဒဏ်ရာတွေကို သူမ ပြန်မစဉ်းစားဘူးလို့ ကျွန်တော် မပြောနိုင်ပါ။

"ဟိတ်. . . ဘာတွေများ တွေးနေတာလဲ"

"ဩော်. . ဘာမှမတွေးပါဘူး၊ ပွဲပွဲ ကျွန်တော့်ကို ပေးမယ့် အဖြေအတွက် သူ့ရဲ့ကောင်းဆန်ချင်နေတာပါ"

"ပွဲပွဲက အခု သူ့ကို စကားမပြောချင်ဘူး။ အဲဒါ စာရေးပြီး ပြောကြမယ်လေ။ စက္ကူပါလား"

www.burmeseclassic.com

www.burmeseclassic.com



"မပါဘူး"

"နေဦး၊ ပုံ့ပုံ့ ရှာလိုက်ဦးမယ်"

သူမသည် ကျောပိုးအိတ်ထဲမှာ စက္ကူအလွတ်ကို ရှာသည်။ ခဏကြာတော့ ဗလာစာအုပ်တစ်အုပ်ကို သူမက ထုတ်လိုက်၏။ ပြီးတော့ ကျွန်တော့်ကို ဘောလ်ပင်အနီရောင်တစ်ချောင်း ထိုးပေးသည်။

"ဒီမှာပဲ ရေးကြတာပေါ့"

"အင်း. . . ပုံ့ပုံ့ အရင်ရေး"

သူမက မင်အပြာရောင်ဖြင့် ဝါကျတစ်ကြောင်းကို စရေးသည်။ ရေးပြီးတော့ ကျွန်တော့်ကို ဖတ်စေသည်။

"ပုံ့ပုံ့က ရည်းဘား တာဝန်ကျေမှာ မဟုတ်ဘူး"

ကျွန်တော်က ပြုံးရင်း အောက်မှာ ရေးလိုက်၏။

"ရတယ်"

"ရတယ် လုပ်မနေနဲ့၊ ပြီးရင် ပုံ့ပုံ့က ထင်ရာလျှောက်လုပ်တာ၊ သူ သည်းခံနိုင်မှာ မဟုတ်ဘူး။ သူ့ကိုလည်း ပုံ့ပုံ့ကြောင့် စိတ်မဆင်းရဲစေချင်ဘူး။ အခုဆို ပုံ့ပုံ့က အဝေးကြီးကို ထွက်သွားဖို့ အစီအစဉ်လည်း ရှိတယ်။ အချိန်မီသေးရင် တခြားတစ်ယောက်ကို ပြောင်းလိုက်ပါလား"

"ပုံ့ပုံ့ အဝေးကြီးကို ထွက်သွားရင် ကျွန်တော်လည်း လိုက်ခဲ့မှာပေါ့။ တခြားတစ်ယောက်ဆိုတာ မဖြစ်နိုင်ဘူး၊ အချစ်ဆိုတာ အဲဒီလို ပြောင်းလိုက်လို့ ရသလား။ ရည်းစားမထားချင်လည်း ကျွန်တော့်ကို ချစ်ရင် ရပါတယ်"



"ရင်ထဲမှာတော့ တစ်မျိုးပဲ။ ရင်ခုန်တာလားတော့ မသိဘူး။ ဒါ အမှန်အတိုင်းပဲ ပြောတာ။ ရည်းစားဆိုတာ ရှုပ်တယ်"

"ကျွန်တော်ကလည်း ရည်းစား မလိုချင်ပါဘူး။ ချစ်သူပဲ လိုချင်တာ။ ချစ်တယ်လို့ တစ်ခွန်းပဲ။ ဒါဆို ရပြီ"

"ပုံ့ပုံ့ စဉ်းစားတုန်းက ချစ်၊ မချစ် စဉ်းစားတာ မဟုတ်ဘူး။ ရည်းစားလုပ်သင့်၊ မလုပ်သင့်တာ စဉ်းစားတာ။ သူ့ကို ချစ်တာ အစတည်းကပဲလေ။ အထင်သေးသွားပြီလား။ အ မှန်တရားအတွက် အထင်သေးသွားလည်း ဂရုမစိုက်ပါဘူး။ ချစ်တယ်. . . ဒါပဲ၊ ထပ်မရေးတော့ဘူး"

အပြန်အလှန်ရေးကြသော သူမရဲ့ နောက်ဆုံးအလှည့်မှာ ရေးထားတာတွေ ကျွန်တော် ဖတ်နေတုန်း သူမက ထထွက်သွားခဲ့ပါသည်။ သူမ ထွက်သွားပုံက မြန်ဆန်လွန်းနေ၏။ ခဏချင်းအတွင်း ဆိုင်အပြင်ကို ရောက်သွားကာ ကားလမ်းကူးနေလေသည်။

"နေဦးလေ. . ပုံ့ပုံ့"

သူမက ကျွန်တော့်ကို လုံးဝ ဂရုမစိုက်ဘဲ ထွက်ခွာသွားခဲ့ပါသည်။ ကျွန်တော် သူမနောက်ကို အတင်းလိုက်သွားဖို့ မကြိုးစားဘဲ ပြုံးကာ ကျန်ရစ်ခဲ့သည်။ ကျွန်တော်က သူမရဲ့ မျက်နှာကို ဒီအချိန်မှာ တကယ်ပဲ ကြည့်ချင်၏။ သူမဟာ ရှက်ရွံ့နေမှာလား။ အရင်လို ခပ်တည်တည်ပဲလား။ ကျွန်တော့်ကို သရော်သလို နှုတ်ခမ်းကို တစ်ဖက်ရွဲ့ထားမလား။ ရင်တွေက တလှုပ်လှုပ် ဖြစ်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ကို သူမက အစကတည်းက ချစ်ခဲ့ပါသတဲ့။ နားထဲတွင် မမိုးကို ကျွန်တော် မကြားအောင် ပြောလိုက်သော I like him ဆိုသည့် သူမ၏ နောက်ရွတ်ရွတ်အသံလေးကို ပြန်ကြားယောင်မိသောအခါ ဒါကို အမှန်တရားဟု ယုံကြည်သွားပါသည်။ ရင်ထဲမှာ ပျော်ရွှင်မှုတွေကို ဘယ်သူမှ မသိအောင် သိမ်းထားလိုက်၏။ နောက်. . . သူမ ကျန်ရစ်ခဲ့သော ဗလာစာအုပ်လေးကို ကျွန်တော့် ကျောပိုးအိတ်ထဲ ထည့်လိုက်ပါသည်။ Silver Oak ဆိုင်ထဲမှ ကျွန်တော် ထွက်လာခဲ့မိ၏။

ဝိုလ်အောင်ကျော်လမ်းတစ်လျှောက် မြင်ရသမျှ အရာရာသည် ရော်ဝါသောအလှဖြင့် ရင်ခုန်ချင်စရာ ကောင်းနေတော့သည်။ လမ်းဘေးလက်ဖက်ရည်ဆိုင်မှာ ဖွင့်ထားသော ကိုယ့်သီချင်းကိုယ် လိုက်ဆိုတာလည်း စာသားတွေ မှားနေ၏။ အလှူ သိပ်မလုပ်ဖူးသော ကျွန်တော်က ပန်းဆိုးတန်းထိပ်မှာ အဘိုးအိုတစ်ယောက်ကို ငွေတစ်ထောင် ထည့်လှူခဲ့မိသည်။ ခက်ပြီ။

အချစ်ဆိုတာ ဒီလို သွေးရူးသွေးတမ်း ကစားနည်း တစ်မျိုးမဟုတ်တာတော့ သိပ်သေချာပါသည်။

❋ ❋ ❋ ❋ ❋



ထိုသို့စတင်ခဲ့သော ကျွန်တော်တို့ နှစ်ယောက်၏ ချစ်သူ ဘဝသည် အိပ်မက်ဆန်ခဲ့ပါသည်။ တစ်ယောက်သိက္ခာကို တစ်ယောက်က ထိန်းသိမ်း ကာကွယ်ပေးထားခြင်းဖြင့် ယုံကြည်မှုကို တည်ဆောက်ထားကြ၏။ လွတ်လပ်သော ညီမျှသည့် အခွင့်အရေးသည် ကျွန်တော်တို့ကြားတွင် တန်ဖိုးတစ်ခု ဖြစ်ခဲ့သည်။

သူမ၏ အိပ်ခန်းမျက်နှာကျက်တွင် အမှောင်မှာလင်းသော ကြယ်တွေ၊ လတွေကို ကပ်ထားသည်။ ကျွန်တော့်အိပ်ခန်းထဲမှာလည်း ကြယ်တွေ၊ လတွေကို သူမလိုပဲ ကပ်ထားစေသည်။ သူမက အိပ်ခန်းထဲတွင် ကျွန်တော် ခေါက်ပေးထားသည့် စက္ကူငှက်ရုပ် ရောင်စုံများကို ချိတ်ဆွဲပုံဖဲထား၏။ မမေ့ရသော ရက်စွဲများအတွက် သူမကနေပုံ၊ အိမ်သန့်ရှင်းရေးလုပ်နေပုံ၊ ငိုနေပုံများ ပါဝင်သော My Video ဆိုသည့် အခွေတစ်ခွေ ကျွန်တော့်မှာ ရှိသည်။ ပြီးတော့ ကျွန်တော်တို့ တစ်ယောက်တစ်လှည့် ရေးကြသော ဒိုင်ယာရီစာအုပ်တစ်အုပ်လည်း ရှိသေးသည်။ ထိုဒိုင်ယာရီထဲတွင် သူမက ကျွန်တော့်ကို ကဗျာဆန်သော အမှတ်တရများစွာအား လက်ဆောင်ပေးခဲ့ဖူး၏။

What's wrong between you and me

"မင်းနဲ့ ငါနဲ့ ကြားမှာ ဘာမှားနေသလဲ" ဟု ရေးထားကာ အောက်က ဘယ်သူမှ မန္တံသော ကစားပွဲ တစ်ခုကို ဒိုင်ယာရီထဲမှာ သူမက အခုလို ပုံဆွဲပြထားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



| | | |
|---|---|---|
| × | ○ | ○ |
| ○ | × | × |
| × | × | ○ |

ဒိုင်ယာရီ၏ တစ်နေရာတွင်လည်း သူမက ကျွန်တော့်ကို ပုစ္ဆာ တစ်ပုဒ် ဖြေခိုင်းပါသည်။

Answer the question

(1) L – – –

(2) – E

(3) F – R

(4) E V – –

$$\frac{?}{4}$$

ထိုပုစ္ဆာရဲ့အောက်မှာ 'ပျော်ရွှင်စရာ အိမ်စာ' လို့ သူမက ရေးထားသေး၏။ ကျွန်တော်က သူမ၏ အိမ်စာကို LOVE ME FOR EVER ဟု အမှတ်ပြည့်ရအောင် ဖြေဆိုနိုင်သောအခါ ဆုအဖြစ် နွေးထွေးကြွယ်ဝသည့် နှုတ်ခမ်းတစ်စုံအကြောင်းကို သိခွင့်ပေးခဲ့ပါသည်။

ကျွန်တော်တို့သည် တစ်ယောက်ကို တစ်ယောက် နားလည်မှု မြင့်မားခဲ့ကြပြီး ချစ်သူရည်းစားဆိုသည့် ဆက်ဆံရေးထက် သူငယ်ချင်း



ဆိုသော ခေါင်းစဉ်အောက်မှာ ပို၍ နေသာထိုင်သာ ရှိခဲ့လေသည်။ အဓိက အနေဖြင့် စကားတွေ ပြောရန် တစ်ယောက်ကို တစ်ယောက် အပြန်အလှန် လေးစားမှု ရှိကြခြင်း ဖြစ်သည်။

သူမနှင့် ကျွန်တော့်ကြားတွင် ချစ်ခြင်းမေတ္တာတရား၊ အနုပညာ၊ နိုင်ငံရေး၊ ရယ်မောခြင်း၊ ဘုရားသခင်၊ လူသားဆန်သော နှလုံးသား၊ ခမ်းနားပွင့်လင်းသည့် လူ့အဖွဲ့အစည်း၊ Pleasures ရေမွှေး၊ မာစီဒီး ကား၊ ဂျနီဖာလိုပက်ဇ်၊ ပန်းချီဆရာ ဦးခင်မောင်ရင်၊ လရောင်အလေ အလွင့်များနှင့် သစ်ရွက်တွေ ဘယ်ရင် ဘာဖြစ်သလဲ. . . ဆိုသည့် မေးခွန်းအထိ စကားပြောသော အကြောင်းအရာတွေက များလှ သည်။

ဂျာနယ်လစ်တချို့၏ သေချာမသိဘဲ သိက္ခာကျစေသော ထင် ရာရေးသည့် သတင်းများကိုတော့ ကျွန်တော်တို့ နှစ်ယောက်စလုံး စိတ်ပျက်ရပါသည်။ သူမက ထိုသူများကို O.T.S တွေဟု ခေါ်တတ် ပြီး အဓိပ္ပာယ်ကတော့ 'အောက်တန်းစား' ဟူ၍ ဖြစ်ပါသည်။ တချို့ သတင်းတွေသည် ဆိုးရွားလှ၏။

နှစ်ဖက်မိဘ အသိုင်းအဝိုင်းများကိုတော့ ကျွန်တော်တို့က ပြေလည်အောင် ဂရုတစိုက် ဆက်ဆံရ၏။ ကျွန်တော်သည် အနုပညာ ကိစ္စရပ်များနှင့် မသက်ဆိုင်ဘဲ ပုဂ္ဂိုလ်ရေးကိစ္စများ အရေးခံရခြင်း ကြောင့် ဒေါသထွက်နေမိသည်။ မမိုးနှင့်ပုံပုံတို့ကတော့ စိတ်အေးအေး ထားဖို့ ဖျောင်းဖျကြပါသည်။ "တစ်ခုခုကို လုပ်တော့မယ်ဆိုရင်

www.burmeseclassic.com

www.burmeseclassic.com



တို့မျက်နှာလေးကို မြင်ယောင် ပေးပါ" ဆိုသော ပုံ့ပုံ့စကားသည် ကျွန်တော့်နှလုံးသားထဲမှာ စွဲမြဲသွား၏။

ကျွန်တော်သည် တဖြည်းဖြည်းနှင့် ရှုပ်ထွေးမှုများကြားမှာ ရယ်မောစွာ နေတတ်လာခဲ့၏။ အခုချိန်အထိ မေမေ့ဆီ ကျွန်တော့် သတင်းများကို ပို့ပေးနေသူကို မသိရသေးသော်လည်း ကျွန်တော် သည် ထိုကိစ္စကို စိတ်ထဲမှာ သိပ်မထားတော့။ သန္တာအောင်သည်ပင် အရင်လို တက်ကြွခြင်းများ မရှိတော့တာကို ကျွန်တော် သတိထား မိ၏။

သင်္ကြန်ပြီးသွားတော့ သော်သော်က သင်္ဘောပြန်တက်သွား၏။ မင်းမင်းကို အဖော်မရှိလို့ ကျွန်တော့် အိမ်မှာနေဖို့ အတင်းဆွဲထား ရသည်။ တစ်ခါတလေ ဖိုးဇော်သည်လည်း ကျွန်တော့်ထံ ရောက်လာ တတ်သည်။ သူငယ်ချင်းတွေသည် ကျွန်တော်နှင့် ပုံ့ပုံ့ကို သိပ်မတား မြစ်တော့ဘဲ နားလည်စ ပြုလာခဲ့သည်။

တစ်ခါတွင်တော့ ပုံ့ပုံ့သည် ထူးဆန်းစွာ သူမ၏ ကျောက်စိမ်း လက်စွပ်နှင့် ကျွန်တော့် ပလက်တီနမ် လက်စွပ်ကို တစ်ရက်လဲဝတ်ဖို့ ပြောပါသည်။

"အဲဒါ ဘာအဓိပ္ပာယ်လဲဟင်"

"မပြောချင်ပါဘူး။ နောက်နေ့ကျရင် သူ့လက်စွပ်ကို မမိုးနဲ့ ပြန်ထည့်ပေးလိုက်မယ်။ သူလည်း မမိုးနဲ့ ပုံ့ပုံ့လက်စွပ်ကို ပြန်ထည့် ပေးလိုက်"



ကျွန်တော်လည်း မပြောချင်သူကို အတင်း မမေးတော့ဘဲ သူမ လက်စွပ်ကို ဝတ်ကာ အိမ်ပြန်လာခဲ့သည်။ အိမ်ရောက်တော့ ချိုသွယ် ပါ ရောက်နေပြီး ကျွန်တော့်လက်ခလယ်က ပုံ့ပုံ့၏ လက်စွပ်ကို ဝိုင်းစပ်စုကြပါသည်။ ကျွန်တော်က အမှန်အတိုင်း ပြောပြပြီး ဘာ အဓိပ္ပာယ်လဲဆိုတာ သူတို့ကို မေးမိ၏။ ဖိုးဇော်က "သူ့ဆီမှာ ပလက်တီနမ်လက်စွပ် မရှိလို့ ငှားဝတ်တဲ့ သဘော ဖြစ်မှာပေါ့" ဟု ပြန်နောက်သည်။

မင်းမင်း၊ ဖိုးဇော်၊ ချိုသွယ် . . . အားလုံးသည် တစ်ယောက် တစ်မျိုးပြောကာ ကျွန်တော့်ကို ဝိုင်းလှောင်ကြပါသည်။ ဝါတောင် သော်သော် မရှိတော့လို့။ မဟုတ်ရင် ဝိုဆိုးမည်။

သို့သော် ကျွန်တော် သိချင်သော ထိုကိစ္စသည် နောက်တစ်နေ့ မမိုးနှင့် တွေ့ချိန်တွင် သိရလေသည်။ မမိုးက ဒီလိုပြောပြ၏။

"အစ်မကလည်း မေးတာပေါ့။ ပုံ့ပုံ့က ပထမတော့ မပြောချင် ဘူး။ ဒါပေမယ့် နောက်တော့လည်း ပြောပြပါတယ်။ အဲဒီလို လက်စွပ် လဲဝတ်တာ မင်းစိတ်ထဲမှာ ဘာတွေ ဖြစ်နေတယ်၊ ဘာတွေ ခံစားနေ ရတယ်ဆိုတာ သူ သိအောင်လို့တဲ့။ အဲဒီလိုပဲ သူ ဖြစ်နေတာတွေကို လည်း မင်း သိစေချင်လို့တဲ့။ အစ်မတော့ သိပ်နားမလည်ပါဘူး"

"အစ်မက ညံ့တာကိုး၊ ဘယ်နားလည်မလဲ"

"အေးပေါ့လေ. . . မင်းက အခုတော့ အဲဒီလို ပြောပြီပေါ့"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ ရယ်ဖြစ်ကြပါသည်။ မမိုး နားမလည်သော ထိုကိစ္စကို ကျွန်တော် တကယ်ပဲ ခံစားနားလည်နိုင်လေသည်။

ခန္ဓ၏ ပူလောင်သော ဖျားယောင်းမှုအောက်မှာ ကျွန်တော်တို့ နှစ်ယောက်သည် ပိုမို၍ ဆွဲငင်ထားနိုင်ခဲ့ကြသည်။ မေလသည် ကျွန်တော်တို့အတွက် လှပသော ငြိတွယ်ခြင်းများဖြင့် အရောင်ခြယ်ထားသည့် လတစ်လ ဖြစ်သည်။ မောင်ချောနွယ်၏ 'သစ္စာပန်းများနဲ့မေလ' ဆိုသည့် ကဗျာကို ကျွန်တော်က ဖတ်ပြတော့ သူမက စိတ်ဝင်စားနေပြန်၏။ ပုံ့ပုံ့က စကားလုံးများအား အရသာရှိစွာ ခံစားတတ်လာသဖြင့် ကျွန်တော် ဝမ်းသာရပါသည်။

ပုံ့ပုံ့ဆီ ဖုန်းဆက်သည့် လူတွေက အခုတလော ပိုများလာသည်။ သူမကလည်း ကျွန်တော့်ကို အကုန်ပြောပြ၏။

"သိလား. . . ဟိုတစ်နေ့ကလေ သိလည်း မသိဘဲနဲ့ ပုံ့ပုံ့ကို လူတစ်ယောက်က Dinner စားဖို့ Date လာလုပ်တယ်တော့. . . . အံ့သြတာပဲ"

"အဲဒီတော့"

"ငြင်းလိုက်တာပေါ့၊ လူကို ဘာထင်နေလဲ မသိဘူး။ ယောကျ်ားတွေက ရယ်ရတယ်။ ဩော်. . ဒါပေမယ့် အဲဒီထဲမှာ သူ မပါဘူးနော်"

ရယ်မောသံ တချို့မှာ အဝေးကြီးဆီ ပျံသန်းသွားကြသည်။ သူမတစ်ယောက်တည်း အထီးကျန်ဆန်ခြင်းများကို ကျွန်တော်က အဖော်လုပ်ပေးရင်း ပို၍ ချည်နှောင်မိလာခဲ့၏။



"သူက ပုံ့ပုံ့ကို အစ်ကိုတစ်ယောက်လိုပဲနော်။ သူငယ်ချင်းတစ်ယောက်လိုလည်း စောင့်ရှောက်တယ်။ ဒါတွေအတွက် ကျေးဇူးတင်ပါတယ်"

ကျွန်တော်က သူမအား ဟောင်ကျွမ်းစွာ ကြည့်နေမိ၏။ ပုံ့ပုံ့လို ကောင်မလေးတစ်ယောက်ကို ဘာမျှော်လင့်ချက်မှ မရှိဘဲ ချစ်ရတာ ဘယ်လောက် ထူးဆန်းလိုက်သနည်း။

ပုံ့ပုံ့သည် လူတွေကို ခံစားချက်နှင့် ဆုံးဖြတ်ရာတွင်လည်းကောင်း၊ ငွေကြေးနှင့် သိက္ခာကို မှတ်ချက်ချရာတွင်လည်းကောင်း၊ ရှိခဲ့ဖူးသော အတိတ်က ပုံပြင်တိုလေးများကို မေ့ပစရာတွင်လည်းကောင်း ကျွန်တော့်ထက် အများကြီး ထူးချွန်သူ ဖြစ်ပါသည်။

မေလနှောင်းပိုင်းကာလသည် မိုးငွေ့များ ယှက်သန်းနေပြီး တိမ်တိုက်တွေက အပြောင်းအလဲ မြန်တတ်ကြသည်။ ဒီလိုကောင်းကင်ကြီးအောက်မှာ သူမက ကျွန်တော့်ကို စိတ်ကူးတစ်ခုအား ပြောပြပါ၏။

"ရေ့အပတ် တနင်္လာနေ့ကြရင် ပုံ့ပုံ့တို့ တစ်နေကုန် လျှောက်သွားကြမယ်၊ သိလား"

"လူတွေ မှတ်မိကုန်လိမ့်မယ်၊ ဖြစ်ပါ့မလား"

"အဲဒီကျရင် ပုံ့ပုံ့က ရုပ်ဖျက်လာမှာပေါ့။ ဘောင်းဘီဝတ်ပြီး ဦးထုပ်ဆောင်းခဲ့မယ်။ သိလား"

www.burmeseclassic.com

www.burmeseclassic.com



"ပွဲပွဲက ဘယ်တွေ သွားချင်တာလဲ"

"ဟိုတစ်ခါ သူ သွားထိုင်နေတဲ့ သထုံလမ်း ဖက်ရယ်၊ Main ထဲရယ်၊ လှည်းတန်းဈေးဖက်တွေရယ်ပေါ့။ ပြီးရင် လမ်းဘေးက မုန့်တွေ အကုန်လျှောက်စားကြမယ်။ ဘတ်စ်ကားလည်း တိုးစီးကြမယ်။ မကောင်းဘူးလား"

တက်ကြွစွာ ပြောနေသော သူမကို ကျွန်တော် အလိုလိုက်ချင်လာသည်။ သူမစကားတွေက ကလေးငယ်တစ်ယောက်၏ အိပ်မက်များသာ ဖြစ်သည်။ လွတ်လပ်မှု၏ အရသာကိုလည်း သူမအား ကျွန်တော်က သိစေချင်ပါ၏။

"သွားတာပေါ့ကွာ"

"အဲဒီနေ့မှာ မိုးပါရွာရင် ပိုကောင်းမယ်"

"ဘာဖြစ်လို့. . ."

"မိုးရေထဲ လျှောက်သွားချင်လို့"

ကျွန်တော်က ထိုအခါ သူမပြောသလို အတုခိုးကာ ပြောလိုက်မိ၏။

"အံ့သြတာပဲ"

သူမသည် ကျွန်တော့်ကို ကြည့်၍ ရယ်မောနေတာ တော်တော်ကြာပါသည်။ ကျွန်တော်က စိတ်ထဲမှ သူမအတွက် ဆုတောင်းနေလိုက်မိသည်။

မင်း အဲဒီလိုပဲ အမြဲ ရယ်မောနိုင်ပါစေကွာ. . .



ဆုတောင်းများသည် တိုက်ဆိုင်သည့် တစ်ခါတရံတော့လည်း ပြည့်တတ်ကြပါသည်။ ကျွန်တော့်ဆုတောင်းမှာ မေတ္တာကြောင့် တိုက်ဆိုင်ပါစေသား။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

ဗွန်၏ ပထမအပတ်သည် ခါတိုင်းလို မဟုတ်ဘဲ ဒီနေ့မှ မိုးသားကင်းစင်လျက် ရှိပါသည်။ လှည်းတန်းရှိ ကုန်တိုက်ဝင်းသည် လူတွေဥဒဟို သွားလာနေကြပြီး ရှုပ်ထွေးစွာ ရှိ၏။ လူတချို့၏ အသိဉာဏ်အားဖြင့် ပင်ပန်းကြီးစွာ ရုန်းကန် လှုပ်ရှားနေသည်ကို မြင်ရလျှင်ကျွန်တော်က ပွင့်လင်းသော လူ့ဘောင်ကို ပို၍ တပ်မက်လာမိသည်။

နာရီကို ကြည့်လိုက်တော့ ကိုးနာရီဆယ်မိနစ် ရှိပြီ။ ပုံ့ပုံ့ ရောက်မလာသေးသဖြင့် ကျွန်တော် စိတ်ပူနေမိ၏။ အိမ်က ထွက်လို့ မရဘူးလား။ ဒီနေရာကို မလာတတ်လို့များလား။ သူမက ဖုန်းထဲမှာတော့ လာတတ်တယ်ဟု အသေအချာ ပြောသွားခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်မှာပင် လူတွေကြားထဲမှ ခဲရောင်လျှာထိုးဦးထုပ်ဆောင်းထားသော ကောင်မလေးတစ်ယောက်ကို လှမ်းမြင်လိုက်ရသည်။ ဒါ. . . သူမပဲ။ ပို၍ သေချာသည်မှာ ထိုကောင်မလေး၏ ပါးစပ်သည် လှုပ်လှုပ်၊ လှုပ်လှုပ်နှင့် ပီကေဝါးနေခြင်းဖြစ်သည်။ တဖြည်းဖြည်းနှင့် သူမသည် ကျွန်တော့်နားကို ရောက်လာ၏။ ပွံ့ပွံ့က ကျွန်တော့်ကို မြင်သွားပြီး လှမ်းပြုံးပြလိုက်ပါသည်။ သူမသည် ကာကီရောင်ဂျင်းဘောင်းဘီအပျော့ကို ဝတ်ထားပြီး မိုးကာအကျီပါးပါး တစ်ထည်ကိုပါ ဝတ်ထား၏။

သူမနှုတ်ခမ်းဆီမှာ ထုံးစံအတိုင်း လိမ္မော်ရနံ့သင်းသင်းလေးက မွှေးပျံ့နေသည်။

"ဘယ်လိုလဲ၊ ရောက်နေတာ ကြာပြီလား"

"နာရီဝက်လောက်တော့ ရှိပြီ"

"ဆောရီးနော်. . . ပွံ့ပွံ့က အိမ်မှာ အခြေအနေ ကြည့်ရသေးတယ်"

"ရပါတယ်၊ ကဲ. . . ဘယ်ကို အရင်သွားချင်လဲ"

"အင်း. . . အခု ပွံ့ပွံ့ ဗိုက်ဆာတယ်။ ထူးထူးခြားခြားလေး ဘာစားရင် ကောင်းမလဲ"

ဒီနားတစ်ဝိုက်မှာ ထူးခြားသော မနက်စာကို ကျွန်တော်က စဉ်းစားရပါသည်။ တစ်စုံတစ်ခုကို ဖျတ်ခနဲ ကျွန်တော် သတိရသွား၏။

"ဟုတ်ပြီ၊ ပွံ့ပွံ့ ဒေါ်ဥ ထမင်းသုပ် စားဖူးသလား"



"ဟင့်အင်း. . . မစားဖူးပါဘူး"

"ဒါဆို အဲဒီကို သွားမယ်လေ"

"သွားလေ. . . ပွံ့ပွံ့က ထမင်းသုပ်တော့ ကြိုက်ပါတယ်"

လှည်းတန်းကုန်တိုက်ဝင်းမှ အင်းစိန်လမ်းမပေါ်ရှိ ဒေါ်ဥ ထမင်းသုပ်ဆိုင်ဆီသို့ ကျွန်တော်တို့ အနည်းငယ် လမ်းလျှောက်ကြရပါသည်။ သူမသည် ဦးထုပ်ကို ပိုငိုက်အောင် ပြုပြင်လိုက်၏။ လူတွေအများကြီးကြားမှာ လမ်းလျှောက်ရတာကို သူမ ပျော်ရွှင်နေဟန် တူသည်။ သူမက ရုပ်ဖျက်ထားခြင်းကြောင့် လူတွေက မမှတ်မိတာကိုလည်း ဝမ်းသာနေလေသည်။

ဒေါ်ဥဆိုင်ကို ရောက်တော့ ကျွန်တော်ကပဲ ထမင်းသုပ် နှစ်ပွဲမှာပေးရသည်။ သူမက ရောက်လာသော ထမင်းသုပ်ပွဲကို တစ်ဇွန်းခပ်စားလိုက်၏။

"ဘယ်လိုနေလဲ ကောင်းရဲ့လား"

"အင်း. . . ကောင်းတယ်၊ ဒီထဲမှာ အရည်တစ်မျိုးထည့်ထားပုံရတယ် သိလား"

ပွံ့ပွံ့က သူမ ထင်တာကို ပြောပြပါသည်။ သူမသည် စားနေရင်းမှ လက်ထဲက ဟန်းဖုန်းကို မျက်နှာရှေ့တည့်တည့်မှာ ထောင်ကာ ဟိုဟိုသည်သည် နှိပ်နေ၏။ ကျွန်တော်က သူမ ဖုန်းပြောစရာရှိလို့ဟု ထင်ကာ ဘာမှမပြောဘဲ ထမင်းသုပ်ကိုသာ ငုံ့စားနေမိသည်။

"ဟိတ်. . . ဒီမှာ ကြည့်စမ်း"

www.burmeseclassic.com

www.burmeseclassic.com



ပုံ့ပုံ့က သူမ၏ဖုန်း Display ကို ကျွန်တော့်ဘက်သို့ လှည့်ပြပါသည်။

ကျွန်တော်က သေချာမြင်ရအောင် ခါးကို ကိုင်း၍ ကြည့်လိုက်၏။ ကျွန်တော် ထမင်းသုပ်စားနေသော ပုံ ဖြစ်လေသည်။

ချက်ချင်း ကျွန်တော် သဘောပေါက်သွား၏။ သူမက ဟန်းဖုန်း၏ ဒစ်ဂျစ်တယ်ကင်မရာဖြင့် ကျွန်တော် ထမင်းသုပ်စားနေသော ပုံကို ရိုက်လိုက်ခြင်း ဖြစ်ပါသည်။ သူမဖုန်း Display တွင် ပေါ်နေသော ကျွန်တော့်ပုံသည် အစာစားနေသည့် ပုံဖြစ်၍ တော်တော် ရုပ်ဆိုးနေ၏။

"ဘာလဲ၊ ပုံ့ပုံ့က လုပ်ကြံတာလား။ ပုံကြီးက ရုပ်ဆိုးလိုက်တာ ကိုယ့်ကိုယ်ကိုယ်တောင် မကြည့်ချင်ဘူး"

ကျွန်တော်က မျက်နှာကို ရှုံ့မဲ့ပြောနေတာကို မြင်တော့ ပုံ့ပုံ့က ဖွဖွလေး ရယ်ပါသည်။

"အဲဒီပုံကို သီချင်းရေးဆရာထူးလွင်ကို အစားအသောက် သောင်းကျန်းနေပုံဆိုပြီး ဂျာနယ်တွေကို ပို့လိုက်မယ် သိလား. . ."

သူမ၏ နောက်ပြောင်မှုသည် ကြိုတင်ကြံစည်ထားခြင်းမရှိတာ သေချာသော်လည်း ကျွန်တော့်အဖို့တော့ အချိန်တွေ တော်တော်ကြာအောင် စွဲလမ်းစရာ ဖြစ်ခဲ့ပါသည်။ စက္ကန့်လက်တံလေးများသည် ကျွန်တော်တို့ကြားတွင် လှပစွာ ခုတ်မောင်းနေခဲ့သည်။ ကျွန်တော့်ရှေ့မှာ မျက်နှာပြောင်နှင့် လွတ်လပ်စွာ ရယ်မောနေသည့် ထိုမိန်းမသည်



ဘာကိုမဆို စွန့်လွှတ်ရဲသူတစ်ယောက်ဆိုတာ ကျွန်တော် အချိန်အများကြီး နောက်ကျပြီးမှ သိခဲ့ရ၏။

ထမင်းသုပ်စားပြီးသွားတော့ ကျွန်တော်တို့နှစ်ယောက်သည် ရန်ကုန်တက္ကသိုလ်ထဲသို့ လမ်းလျှောက်သွားကြပြန်သည်။ အရာရာသည် သူမအတွက် ပျော်ရွှင်စရာ၊ ဒါမှမဟုတ် ကျေနပ်စရာတွေသာ ဖြစ်နေ၏။ မိုးကမရွာဘဲ နေ သာ နေသဖြင့် မိုးရွာထဲ လမ်းလျှောက်ချင်သော ကောင်မလေးကို ဘာမှမဆိုင်သော်လည်း ကျွန်တော် အားနာနေမိသည်။ နေရောင်ခြည်က အရမ်းမပြင်းဘဲ နွေးနွေးလေး ကျနေတာကိုပင် ကျေးဇူးတင်ဖို့ ကောင်းသေးတော့သည်။

ရန်ကုန်တက္ကသိုလ်ဝင်းထဲကို ရောက်ချိန်တွင် ပုံ့ပုံ့သည် မိုးကာအင်္ကျီကြောင့် ပူအိုက်စ ပြုနေပြီ။

"ပုံ့ပုံ့"

"ရှင်"

"ဘယ်လိုလဲ၊ လမ်းလျှောက်ရတာ မောနေပြီလား"

"ရပါတယ်၊ ဒီလောက်များ. . . မနက် ထပြေးသလောက်ပဲ ရှိတာ. . ."

"ဒါပေမယ့် နေရှိန်ပြီး ပင်ပန်းနေမှာစိုးလို့ပါ"

"အခုလို ဂရုစိုက်တာ ကျေးဇူး. . ."

ကျွန်တော်က သူမ၏ စကားပြောဟန်ကြောင့် ပြုံးမိ၏။ သူမသည် တက္ကသိုလ်ဝင်းထဲရှိ သစ်ရိပ်များနှင့် ငှက်သော်သံတွေကို

www.burmeseclassic.com

www.burmeseclassic.com



အရသာခံကာ လမ်းလျှောက်နေပြန်သည်။ အခုလိုကျတော့ ကျွန်တော်တို့သည် သူငယ်ချင်းနှစ်ယောက် လျှောက်သွားနေကြခြင်းနှင့် ပိုတူပါသည်။

"ကိုထူး. . . ဒီနေရာကို ဘယ်လိုခေါ်လဲဟင်"

"ဒါ အဓိပတိလမ်းလို့ ခေါ်တယ် ပုံ့ပုံ့ရဲ့။ ဒီထဲကို တစ်ခါမှ မရောက်ဖူးဘူးဘား"

"ရောက်တော့ ရောက်ဖူးတာပေါ့။ အဲဒီတုန်းက ကားရိုက်ရင်း လာတာဆိုတော့ အခုလို မဟုတ်ဘူး။ ပုံ့ပုံ့တို့ ကားရိုက်တုန်းက ဟိုးဘက်က အဆောင်တွေထဲမှာလေ. . .။ ဒီဘက်ကို ရောက်တာ မဟုတ်ဘူး"

ပြောပြီးသွားတော့ ကျွန်တော့်ဘေးနားမှာ သူမက ငြိမ်သက်ရင်း ပတ်ဝန်းကျင်ကို စူးစမ်းနေ၏။ နောက် သူမက ပင်းယဆောင်ဖက်ကို ကွေ့သွားသည်။

ပင်းယဆောင်၊ ပဲခူးဆောင်များကို ကျော်ဖြတ်လာပြီး သထုံဆောင်ဆီသို့ ဦးတည်ကာ ကျွန်တော်တို့ ဆက်လျှောက်လာကြ၏။

တိတ်ဆိတ်သော၊ အရိုင်းဆန်သော၊ ညက်ထက်မြက်သော ပုလောင်စွာ လှပသော. . . ထိုကောင်မလေးသည် အခုတော့ ဒဏ်ရာများကိုမေ့လျက် အေးချမ်းနေလေသည်။ ပုံ့ပုံ့၏မျက်လုံးများက ကျွန်တော့်ဆီ ဖျတ်ခနဲ ရောက်လာ၏။ သူမ ကျွန်တော့်ကို တစ်ခုခု ပြောချင်နေပြီ။



"ပုံ့ပုံ့ တို့နှစ်ယောက် ဟိုခုံလေးမှာ သွားထိုင်ရအောင်လေ၊ မကောင်းဘူးလား"

"ကောင်းတယ်၊ သွား. . ."

ကျွန်တော်တို့နှစ်ယောက်သည် သူမညွှန်ပြသော သထုံဆောင်ရှေ့က ထိုင်ခုံအဟောင်းလေးမှာ ထိုင်ဖြစ်ကြသည်။ ပုံ့ပုံ့သည် ကိုယ်ပေါ်မှ မိုးကာအင်္ကျီကို ချွတ်ပစ်လိုက်၏။ သူမ၏ ကိုယ်လုံးအလှက ပေါ်လွင်လာသည်။ အသားချင်း ထိခိုက်မိသော ခဏပေါင်းများစွာမှာ ကျွန်တော့်အသက်ရှူသံများက မြန်ဆန်၏။ အကြည့်နက်နက်တွေသည် ကျွန်တော်တို့၏ နှုတ်ခမ်းများကို ဆွံ့အနေစေသည်။

မျက်လုံးတွေနှင့်ပြောသော အချစ်၏ဘာသာစကားကို ကျွန်တော်က တစ်ကြိမ်တစ်ခါထဲသာ သူမထံမှ သင်ယူတတ်မြောက်ခဲ့ပါသည်။ ကျွန်တော့်ဆီမှ Pleasures ရေမွှေးရနံ့နှင့် သူမဆီမှ လိမ္မော်ရနံ့သင်းသင်းလေးတွေက အနီးတဝိုက်တွင် ဆွတ်ပျံ့ပေကျံနေကြလိမ့်မည်။ ရုတ်တရက် သူမက ကျွန်တော့်ပခုံးစွန်းကို မှီလိုက်သည်ဟု ထင်မိ၏။ သူမလက်တွေ၏ လှုပ်ရှားမှုကို မြင်ရတော့မှ ကျွန်တော် သဘောပေါက်သွားသည်။

ပုံ့ပုံ့က ကျွန်တော်တို့နှစ်ယောက် တွဲလျက်ပုံကို သူမဟန်းဖုန်း၏ ဒစ်ဂျစ်တယ်ကင်မရာဖြင့် ကိုယ်တိုင် ရိုက်ယူလိုက်ခြင်း ဖြစ်ပါသည်။ ဟန်းဖုန်း Display တွင် ကျွန်တော်တို့က ကိုယ့်ပုံကိုယ်ကြည့်ကာ သဘောကျနေ၏။ ကျွန်တော်က ချစ်စနိုးဖြင့် သူမကို မခံချင်အောင် စမိသည်။

www.burmeseclassic.com

www.burmeseclassic.com



"မော်ဒယ်တဲ့ကွာ. . . ကိုယ့်လောက်တောင် မမိုက်ဘူး"

"အဲဒီလိုမပြောပါနဲ့၊ ပုံပုံက အဲဒီဘဝ စွန့်လွှတ်လိုက်ပြီ။ အခု လုပ်နေတဲ့ဟာတွေက အရင်အရှိန်တွေကြောင့် ဆက်လုပ်နေရတာ. . . သိလား။ အလုပ်တွေကို အမေက လက်ခံထားတာဆိုတော့ အိမ်ကို သိပ်အတိုက်အခံ မလုပ်ချင်တာလည်း ပါတယ်"

"ဟုတ်တယ် ပုံပုံရဲ့. . . ကျွန်တော်လည်း အဲဒါပြောမလို့၊ တကယ်က ပုံပုံ့စိတ်နဲ့ အဲဒီအလုပ်နဲ့ လုံးဝ မကိုက်ညီဘူး။ တခြားစီပဲ"

သူမသည် ကျွန်တော့်စကားကို နားထောင်နေရင်းမှ ဟန်းဖုန်းဖြင့် ရှေ့တည့်တည့်ရှိမြင်ကွင်းကို ဓာတ်ပုံရိုက်ယူပြန်သည်။ သူမ အာရုံတွေသည် စောစောတုန်းက ပြောခဲ့သော စကားများဆီမှာ မရှိတော့ဘဲ ဓာတ်ပုံလျှောက်ရိုက်ဖို့ အိုင်ဒီယာများကို စဉ်းစားနေ၏။

ထို့နောက် သူမက ကျွန်တော့်ဘေးနားသို့ ထပ်တိုးကပ်လိုက်ကာ ပြော၏။

"သူ့ခြေထောက်တွေကို ပူးပြီး ရှေ့ကို ဒါမျိုးဆန့်လိုက်"

ကျွန်တော်က သူမလုပ်ပြသော ဥပမာအတိုင်း ခြေထောက်တွေကို လိုက်ဆန့်ရသည်။ ထိုအခါ ခြေထောက်လေးချောင်းသည် လေထဲမှာ ဆန့်တန်းလျက်သား ဖြစ်သွား၏။ သူမသည် ဖုန်းမှ ကင်မရာဖြင့် ခြေထောက်များအား ဓာတ်ပုံရိုက်ယူပြန်သည်။

"မိုက်တယ်၊ တွေ့လား. . ."



ကျွန်တော်က ဖုန်း Display ကို လှမ်းကြည့်လိုက်တော့ တကယ်ပင် ထိုခြေထောက်လေးချောင်းသည် အနုပညာအမြင်ရှိသူတွေအဖို့ တစ်မျိုးဆန်းသစ်နေမှာ သေချာသည်။ "တော်လိုက်တာ" ဟု ကျွန်တော်က သူမခေါင်းကို ဖွဖွပုတ်ကာ ချီးကျူးလျှင် ပုံပုံ့သည် ပီတိဖြစ်နေ၏။ (ကလေးတစ်ယောက်၏ လုပ်ရပ်အားလူကြီးတစ်ယောက်က အသိအမှတ်ပြုလိုက်သောအခါ ဖြစ်သွားသည့် ခံစားမှုမျိုး ဖြစ်ပါလိမ့်မည်။)

ဒီလို ဖြူစင်သော ပီတိဖြစ်သည့် ခံစားမှုသည် နိုးသားခြင်းထဲမှာ အခြေခံသည်။ ထိုကောင်မလေးသည် ဖြောင့်တန်းမှန်ကန်သူ၊ သို့သော် တစ်ချိန်တည်းမှာပဲ ပျော့ပြောင်းနက်ရှိုင်းသူလည်း ဖြစ်ပါသည်။

ကျွန်တော်တို့နှစ်ယောက်သည် သထုံဆောင်ရှေ့က ထိုင်ခုံဟောင်းလေးမှာ ညနေစောင်းချိန်အထိ ကြည်နူးပျော်ရွှင်နေမိကြသည်။ ဘဝ၏ တိတ်ဆိတ်သော အရသာမှာ ကျွန်တော်တို့က ဒီထက်ဘာတွေကိုများ တပ်မက်နေရဦးနည်း။

နောက်တော့ Main ထဲမှ သူမရောက်ဖူးချင်သော သထုံလမ်းဘက်ဆီသို့ ကျွန်တော်က လိုက်ပို့ရသည်။ သထုံလမ်း၏ ညနေစောင်းအလှသည် ကမ္ဘာကျော် အင်ပရက်ရှင်းနစ် ပန်းချီကားများကဲ့သို့ အရောင်အသွေးတွေ စူးရှဲကြွယ်ဝနေတာ တွေ့ရပါသည်။ သူမ[illegible] ရင်သပ်ရှုမောငေးကြည့်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



ပုံ့ပုံ့သည် သထုံလမ်းထိပ်က ကွမ်းယာဆိုင်တစ်ဆိုင်တွင် အချဉ်ထုပ်တွေကို အများကြီး ဝယ်ပါသည်။ ပျော်နေသော သူမကို ကျွန်တော် ငြိမ်သက်ကာ ကြည့်နေမိ၏။

"နောက်တစ်ခါလောက် သူနဲ့အတူတူ ဒီလိုနေ့မျိုး တစ်နေ့လောက် ရချင်သေးတယ်"

"အဲဒီနေ့ကျရင်တော့ မိုးရွာမှ မိုက်မှာကွ"

"ဒါပေမယ့် မိုးမရွာလည်း ပုံ့ပုံ့က ပျော်ပါတယ်။ သူ ရှိနေတာပဲ"

သူမသည် အိမ်ပြန်ချိန် ရောက်လာခြင်းကို လည်းကောင်း၊ ဘတ်စ်ကားမစီးလိုက်ရခြင်းကို လည်းကောင်း၊ လှည်းတန်းဈေးဘက်သို့ လျှောက်မသွားရခြင်းကို လည်းကောင်း မကျေနပ်နိုင်ဘဲ ရှိ၏။ ကျွန်တော်က သူမကို နှစ်သိမ့်ရပါသည်။

"ပုံ့ပုံ့ရယ်. . . နောက်တစ်ခါပေါ့၊ အဲဒီကျရင် တကယ် ကျွန်တော် ပို့ပေးမယ်၊ ကတိကွာ. . . နော်၊ လိမ္မာတယ်"

"လိမ္မာတယ်ဆိုတာ အလကားပါ၊ နာမည်ပဲ ကောင်းတာ၊ လိမ္မာတယ် အပြောခံရဖို့ ပြန်ပေးရတာ လွတ်လပ်မှုတွေ၊ ပျော်ရွှင်မှုတွေကွ၊ သိလား. . . မတန်ဘူး"

ကျွန်တော် သူမကို သနားသွားပါသည်။ အချိန်မီ အိမ်ပြန်မရောက်ရင် အခုထက် ပြဿနာတွေ ပိုတက်လာနိုင်တာကြောင့် သူမဆန္ဒကို လိုက်လျော၍ မဖြစ်ပါ။ နူတ်ဆက်သည့် သဘောဖြင့် သူမ ဆံပင်တွေကို ကျွန်တော် နမ်းရှိုက်လိုက်ပါ၏။



"မင်းက ကံမကောင်းဘူးနော်"

"ဒါပေမယ့် ပုံ့ပုံ့လေ. . . ငယ်ငယ်ကတည်းက တစ်ခါမှ ကံမကောင်းခဲ့တဲ့အတွက် သူနဲ့ ပတ်သက်ပြီးတော့ ကံကောင်းချင်တယ်"

အို. . . ကောင်မလေးရယ်။

လှိုက်ခနဲ ဝမ်းနည်းသွားကာ မျက်ရည်တွေ စို့လာ၏။ ရင်ထဲမှာ ရှိသော အစိုင်အခဲများသည် ထိန်းချုပ်မရတော့ဘဲ ပေါက်ကွဲမှု အသေးစားများက စပါကလင်လို စူးရှနေခဲ့သည်။

"စိတ်ချပါကွာ၊ ဒီတစ်ခါ ပုံ့ပုံ့ ကံကောင်းမှာပါ။ ကိုယ့်ကြောင့် မင်း ကံကောင်းစေရမယ်၊ သိလား"

ကျွန်တော်က သူမ မမြင်အောင် မျက်ရည်စများကို ခေါင်းမော့ရင်း သိမ်းဆည်းလိုက်ပါသည်။

"သူ တကယ်ပြောတာနော်"

ကျွန်တော် ခေါင်းညိတ်ပြတော့ သူမနှင့် မျက်လုံးချင်း ဆုံမိကြသည်။ တိုက်ဆိုင်သွားသည်မှာ သူမမျက်ဝန်းတွင်လည်း မျက်ရည်စများ တွဲခိုနေခြင်း ဖြစ်လေသည်။

အခုဆို ကျွန်တော်က သူမ၏ ကံကောင်းခြင်းအတွက် ကတိတစ်ခုကို ပေးမိခဲ့ပြီ။ ကံတရားဆိုတာ လူတစ်ယောက်က လူတစ်ယောက်အပေါ် ဒီလို ကတိပေး၍ ရနိုင်ပါသလား။

www.burmeseclassic.com

www.burmeseclassic.com



စဉ်းစားမိတော့ အနာဂတ်သည် ဒေါးစိမ့်လာသလို ခံစားရပါသည်။ ခွဲခွာချိန်ကို သူမက စတင် သတိရသွား၏။

"ပုံပုံ့သွားတော့မယ်၊ သူ လိုက်မပို့နဲ့။ တက္ကစီပဲ ငှားပေးလိုက်၊ ပုံပုံ့က သူငယ်ချင်းတစ်ယောက်ကို ဝင်ခေါ်ပြီးမှ ပြန်လို့ရမှာ. . . သိလား"

ကျွန်တော်က သူမအတွက် တက္ကစီတစ်စီး ငှားပေးရသည်။ ဇွန်လ မိုးတိမ်တွေက အနည်းငယ် ညိုမည်းလာ၏။ တက္ကစီကားနောက်ခန်းမှ သူမ၏ လက်တစ်ဖက် ထွက်လာပါသည်။ ဟိုတစ်ခါလိုပင် ကျောက်စိမ်းလက်စွပ်လေးကို မြင်ရ၏။

"တာ့တာ"

လက်ပြနှုတ်ဆက်နေသော သူမအား ကျွန်တော် ပြန်မနှုတ်ဆက်ဘဲ ဆွေးမြေ့စွာ ကြည့်နေမိပါသည်။ သူမကို သယ်ဆောင်လျက် တက္ကစီသည် ထွက်ခွာသွားခဲ့၏။ ပြန်မဆုံအောင် ဝေးကြမည့် ခရီးအတွက် အခုကတည်းက ကျွန်တော်သည် စိတ်ထဲမှ နှုတ်ဆက်တတ်အောင် လေ့ကျင့်နေမိခြင်းသာ ဖြစ်လေသည်။

※ ※ ※ ※ ※

## အခန်း (၁၂)

ရန်ကုန်သည် ဇွန်လတစ်လလုံး မိုးဖြင့် စွတ်စိုနေခဲ့သည်။ ကျွန်တော်က ဘာကိုမှ အားမရနိုင်ဘဲ ကိုယ့်ကိုယ်ကိုယ် မကျေမနပ် ဖြစ်နေချိန်လည်း ဖြစ်သည်။ သီချင်းရေးလို့လည်း မရ၊ ရုပ်ရှင်ကြည့်ခြင်း၊ စာအုပ်ဖတ်ခြင်းနှင့်ပန်းချီကားများ ခံစားခြင်း. . . အားလုံးသည် အရသာ မရှိဘဲ ဖြစ်နေ၏။ ငွေကြေး၊ ဇိမ်ခံပစ္စည်းတွေနှင့် ကောင်မလေးများသည်လည်း ကျွန်တော့်ကို မဖျားယောင်းနိုင်ကြတော့။ မိဘဆွေမျိုးများ၊ ချစ်သူ၊ သူငယ်ချင်းများအားလုံးနှင့် တာဝန်ကျေစွာ ဆက်ဆံရေးကိုလည်း ကျွန်တော် စိတ်ပျက်လာ၏။

အရာရာကို ငြီးငွေ့လျက်ရှိသော ကျွန်တော်သည် ဘေးခြင်းတရားကများ အရသာ ရှိမလားဟု စဉ်းစားလာမိသည်။

www.burmeseclassic.com

www.burmeseclassic.com



ကတ်ကိုပိန်း၊ မာရီလင်မွန်ရိုး၊ မြို့မငြိမ်း၊ ဂျင်မော်ရစ္စဆန်၊ ဆိလ်ဗီယာလာ့သ် သူတို့အားလုံးသည် ကျွန်တော့်လိုပင် စဉ်းစားခဲ့ကြပါလိမ့်မည်။

ထိုအခါ ကျွန်တော် သေရင် လိုက်သေပေးမယ်ဆိုသော ပုံ့ပုံ့ကို သတိရမိပါသည်။ ကျွန်တော် ဖြစ်ပျက်နေတာတွေကို ပြောပြတော့ သူမသည် အရင်တစ်ခါလို စိတ်လှုပ်ရှားပြီး မအော်ရှံ့သာမက ကျွန်တော့်ကို ဘာသာတရားအား သတိရဖို့ နားချပါသည်။

မေမေ့လိုပင် ကျွန်တော် ဂရုစိုက်ရသော အဒေါ်တစ်ယောက်ကလည်း ပုံ့ပုံ့နှင့် ကျွန်တော်၏ ကိစ္စကို ပြင်းပြင်းထန်ထန် ဖိအားပေးတာ ခံနေရသည်။ ဒါတွေကို ပုံ့ပုံ့အား ကျွန်တော် မပြောပြရက်ပါ။ ပရိုဂျူဆာများ၊ စာနယ်ဇင်းများနှင့်လည်း အခိုက်အတန့် အဆင်မပြေမှုတွေ ဖြစ်လျက် ရှိ၏။

ထိုအခါ ကျွန်တော့်စိတ်ခေတ်တွေ ပြိုဆင်းလာပြီး လူညံ့တစ်ယောက်လို ခံစားလာရသည်။ ဖြစ်ချင်ရာဖြစ်ဆိုပြီး ထင်ရာ လျှောက်လုပ်သူတွေ၊ မကောင်းမှုနည်းမျိုးစုံနှင့် ထွက်ပေါက်ရှာသူတွေကိုတော့ ကျွန်တော် အားမကျတာ သေချာပါသည်။ ပုံ့ပုံ့သည် ိ ချိန်တွေမှာ ကျွန်တော့်ကိုပြန်နားလည်ပေးနိုင်သော အဖော်ကောင်းတစ်ယောက်ဖြစ်လေသည်။

"သူကလည်းကွာ. . . အဲဒီလောက် မညံ့နဲ့လေ၊ ပုံ့ပုံ့တောင်မိန်းကလေးဖြစ်ပြီး စိတ်ခေတ် မကျဘူး"



"ကိုယ်က လူညံ့ပဲ"

သူမက ကျွန်တော့်ဝန်ခံမှုကို ခေါင်းရမ်းလိုက်ပါသည်။ နောက် တည်ငြိမ်ရင့်ကျက်စွာ ကြည့်လျက် ကျွန်တော့်အား ပြောပြသည်။

"သူက မညံ့သေးပါဘူး၊ ညံ့ဖို့ အခုမှ စနေရုံပဲ ရှိသေးတာ။ သူ့စိတ်ခေတ်တွေကို အမြန်ဆုံး ပြင်လိုက်ရင် ကောင်းမယ်။ ပုံ့ပုံ့က ညံ့တာကို မကြိုက်ဘူး"

ကျွန်တော့်ဇီဇကာ ထိုအခါ ဖျတ်ခနဲ ပေါ်လာ၏။ အရာအားလုံးကို မာကျောနက်ရှိုင်းစွာ တုံ့ပြန်ခြင်း ဖြစ်သည်။ ကျွန်တော် လျှို့ဝှက်စွာ ပြုံးဖြစ်လိုက်၏။

"ကောင်းပြီ ပုံ့ပုံ့၊ ကိုယ် အခုချိန်ကစပြီး မညံ့တော့ဘူး။ မင်းလည်း လုံးဝမညံ့စေနဲ့"

"နောက် တစ်ခု ကျန်သေးတယ်"

"ပြောပါဦး၊ ဘာများပါလိမ့်"

ကျွန်တော့်မေးခွန်းကို သူမက တစ်ခွန်းချင်း ဖြေပါသည်။

"ရောင့်ရဲတတ်ရမယ်"

ဒါကတော့ ဟိုးကတည်းက ကျွန်တော် စဉ်းစားထားပြီးသားကိစ္စတစ်ခု ဖြစ်ပါသည်။ သို့သော် သူမက အခုလို ပါးစပ်က ထုတ်ပြောခြင်းကတော့ အံ့ဩဖို့ ကောင်း၏။

သူမသည်လည်း ကျွန်တော့်ထက် မနည်းသော စဉ်းစားခြင်းမျိုးဖြင့် ဇာတ်လမ်း၏ အဆုံးသတ်ကို စဉ်းစားထားခဲ့ပြီး ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ် ရောင့်ရဲပါ့မယ်"

"သူ့ကို ပွဲပွဲက ငြိမ်းချမ်းစေချင်လို့ပါ။ လူမှာ လောဘတွေ ရှိနေသမျှ၊ လိုချင်တပ်မက်မှုတွေ ရှိနေသမျှ ဘယ်တော့မှ မငြိမ်းချမ်းဘူး။ သူ့ကို ရောင့်ရဲဖို့ ပြောရတာ အဲဒါကြောင့်ပဲ၊ အခုဆို ပွဲပွဲတောင် ငြိမ်းငြိမ်းချမ်းချမ်းလေး နေတတ်နေပြီ၊ သိလား"

ကျွန်တော်သည် သူမကို ငေးကြည့်ကာ ကြည်နူးနေမိ၏။ သူမ သင်ကြားပေးခဲ့သော ချစ်ခြင်းမေတ္တာတရားနှင့် ငြိမ်းချမ်းသည့် ရောင့်ရဲနိုင်စွမ်းသည် တစ်ဘဝစာ အမှတ်တရ ဖြစ်စေခဲ့ပါသည်။

✺ ✺ ✺ ✺ ✺

သူမ၏ TOEFL သင်တန်းပြီးဆုံးသွားသောအခါ ကျွန်တော်တို့မှာ တွေ့ဆုံစရာ အခွင့်အလမ်းက သိပ်မရှိတော့။ ဖုန်းဆက်သည့်အခါတွင်လည်း သူမနှင့် တိုက်ရိုက်မတွေ့ရ။ ရံဖန်ရံခါ သူမထံ စဆက်သွယ်မှ ခဏမျှ စကားပြောခွင့် ရသည်။ ပွဲပွဲသည် အဝေးကြီး ကျွန်တော့်ဆီမှ တစ်လှမ်းချင်း ထွက်ခွာသွားနေ၏။

ဖုန်းပြောရသည့် ခဏတွင် သူမသည် ကြော်ငြာရိုက်သည့် ထို TOEFL ဖြေဖို့ကိစ္စ၊ ဗီဇာနှင့် ပတ်စ်ပို့ကိစ္စ. . . စသဖြင့် အလုပ်ရှုပ်နေတာတွေကိုသာ ပြောပြတတ်သည်။



ကျွန်တော့်ကို ထားရစ်ခဲ့ရန် သူမဆီမှာ လုံလောက်သည့် အကြောင်းအရာတွေက ရှိနေခဲ့ပြီ။ ကျွန်တော့်မှာသာ နေ့ရစ်ခဲ့ရန် လိုအပ်သော သတ္တိမရှိသေးသူ ဖြစ်ပါသည်။ သူမ၏ ဖုန်းဆက်ရက်တွေက တစ်နေ့တခြား ပို၍ ဝေးကွာလာသည်။

ထိုအခြေအနေမျိုးတွင် အိမ်က တယ်လီဖုန်းမှာ မမျှော်လင့်ဘဲ ပျက်ပါသည်။ တယ်လီဖုန်းရုံးသို့ အကြောင်းကြားတော့ တစ်ပတ်လောက်ပဲ ကြာမှာဟု ပြောသော်လည်း တကယ်တမ်းတွင် တစ်လကျော်ကြာမှ ဖုန်းက ပြန်ကောင်းလာ၏။ ဒီကြားထဲ ကျွန်တော်က စဆက်ပေမယ့် သူမအိမ်မှ လူတွေသည် ကျွန်တော့်နာမည် ပြောလျှင် ဖုန်းမခေါ်ပေးကြချေ။ သူမသည် ဟန်းဖုန်းကိုလည်း မကိုင်တော့။ မမိုးကို ခေါ်ခိုင်းတော့လည်း ခရီးထွက်သွားသည်ဟု ပြောလိုက်ကြ၏။

အိမ်မှ တယ်လီဖုန်း ပြန်ကောင်းသွားသဖြင့် သူမ ဆက်သွယ်လာမယ့်အချိန်ကို စောင့်နေရုံသာ ကျွန်တော့်မှာ တတ်နိုင်တော့သည်။ ရွက်ဆုတ်ပြက္ခဒိန်တွေက နံရံပေါ်မှ တစ်ရွက်ချင်း လျော့ပါးသွားကြ၏။ သူမသည် ကျွန်တော့်ဆီ ဖုန်းမဆက်သွယ်တော့တာ သိပ်သေချာသွားခဲ့ပါသည်။

ကျွန်တော့်မှာ ကိုယ့်ပြဿနာနှင့် ကိုယ်မို့ သူမကို ခဏ မေ့ထားရသေး၏။ သန္တာအောင်၏ ဖော်ထုတ်မှုဖြင့် ကျွန်တော်နှင့် ပွဲပွဲ အကြောင်း မေမေထံ သတင်းပို့သူမှာ လုံးဝ မထင်မှတ်ထားသော ချိုသွယ် ဖြစ်နေသည်။ ကျွန်တော်တို့အကြောင်းများကို ဂျာနယ်လစ်

www.burmeseclassic.com

www.burmeseclassic.com



တချို့အား မတော်တဆ ပြောပြမိသူမှာ မင်းမင်းကိုယ်တိုင် ဖြစ်နေခဲ့၏။ မင်းမင်းက သူ အရက်မူးနေတုန်း အမှတ်တမဲ့ ပြောလိုက်မိခြင်း ဖြစ်ကြောင်း ကျွန်တော့်ကို တောင်းပန်သည်။

ချိုသွယ်ကတော့ ဝန်မခံပေ။ သန္တာအောင်နှင့် ထိပ်တိုက် စကားများပြီး ရက်ကာ ငိုသည်။ ကျွန်တော့်အခန်းကိုလည်း လုံးဝ မလာတော့. . .။ ဘာရည်ရွယ်ချက်ရှိမှန်း မသိရသော်လည်း ဆိုက်ခွကို သူမ ကျူးလွန်ခဲ့ကြောင်း သူမ၏ မျက်လုံးများက သက်သေခံနေပါသည်။ သန္တာ အောင်သည် မေမေ့ဆီကို ဖုန်းဆက်သတင်းပေးသူမှာ ကောင်မလေးတစ်ယောက်အသံဟု သဲလွန်စရခဲ့ခြင်း ဖြစ်၏။ ကျွန်တော်က အားလုံးကို ခွင့်လွှတ်နိုင်သော်လည်း ပွံ့ပွံ့သည် အခုတော့ ဝေးလွင့်ကွာခြားခဲ့ပါပြီ။

လွမ်းသည့်အခါ နံပါတ်စဉ် ထိုးထားသော သူမ၏ ပန်းရောင်စာရွက်ပေါ်မှ စကားလုံးများကို ကျွန်တော် ဖတ်ရှုနိုင်သည်။ My Video ဟု စာတန်းပါသော အခွေထဲမှ သူမ၏ လှုပ်ရှားမှုတွေကို ကြည့်နိုင်သည်။ ခန္ဓာကိုယ်ချင်း အထိအတွေ့များနှင့် သူမနှုတ်ခမ်းဆီမှ လိမ္မော်ရနံ့သင်းသင်း လေးကို လှပစွာ သတိရနိုင်သည်။ ပြီးရင် ချစ်စဖွယ်ကောင်းသော အံ့ဩတာပဲ ဆိုသည့် အသံလေးကို ပြန်လည် ကြားယောင်နိုင်သေးသည်။

တော်ပြီပေါ့။ ဒီလောက်ဆို ကျွန်တော့်အတွက် လုံလောက်ခဲ့ပါသည်။ အမှတ်တရ များစွာသည် ကျွန်တော်နှင့် သူမကြားမှာ အိပ်မက်ဆန်ဆန် အခိုးအငွေ့များအဖြစ် ရှိတည်နေဆဲ ဖြစ်၏။



ဘာအကြောင်းပြချက်မှ မရှိဘဲ ကျွန်တော်တို့နှစ်ယောက်သည် လှလှပပ ဝေးကွာခဲ့ကြပါသည်။

* * * * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

ကာကီရောင် မိုးဥတုသည် ကျွန်တော့်ရင်ထဲတွင် နက်ရှိုင်းစွာ စိုးမိုးထား၏။ ပုံပုံနှင့် မတွေ့ရတာလည်း ကြာခဲ့ပြီ။ လူချင်းသာ မတွေ့ရပေမယ့် သူမဓာတ်ပုံနှင့် ကြော်ငြာများ၊ အင်တာဗျူးများကိုတော့ ဂျာနယ်၊ မဂ္ဂဇင်းများတွင် ခဏခဏ မြင်တွေ့ရပါသည်။ သူမက ပိုလို့တောင် နာမည်ကြီးနေ၏။ ဒီအလုပ်ကို စွန့်လွှတ်လိုက်ပြီဟု သူမ ပြောဖူးသော်လည်း အခုတော့ သဘောထား ပြောင်းသွားခဲ့ဟန် တူသည်။

သူမ TOEFL ဖြေဘ အောင်သလား။ ဗီဇာနှင့်ပတ်စ်စပို့ ကိစ္စတွေရော အဆင်ပြေရဲ့လား။ ကျွန်တော် ဘာမှမသိရပေ။

ဒီကြားထဲ သူမသည် နာမည်ကြီးလုပ်ငန်းရှင် တစ်ယောက်၏ ရည်းစားဖြစ်နေသည်ဟု သတင်းသန့်သန့် ကြားရ၏။ မဖြစ်စေချင်

www.burmeseclassic.com

www.burmeseclassic.com



သော်လည်း ဖြစ်ချင်လည်း ဖြစ်နေနိုင်ပါသည်။ ဒါက ပုံပုံ၏ လွတ်လပ်သော အခွင့်အရေးမို့ ကျွန်တော်က ဝင်ရောက် စွက်ဖက်ရန် အကြောင်း မရှိပေ။ ကျွန်တော်နှင့် သူမ၏ သီးသန့် အခြေအနေများသည် တခြား တတိယလူတစ်ယောက်ကြောင့် ပျောက်ပျက်သွားလိမ့်မည် မဟုတ်ဟု ကျွန်တော် ယုံကြည်ပါသည်။

"တူ. . . တူ. . . တူ"

ရုတ်တရက် တယ်လီဖုန်း မြည်လာသဖြင့် ကျွန်တော်ထကိုင်လိုက်ရသည်။

"ဟဲလို. . ."

"ကိုထူး. . . ငါပါတဲ့"

"ဩော်. . သန္တာအောင်ပြော"

"နင် သိပြီးသွားပြီလား

"ငါက ဘာကို သိရမှာလဲ။ နင်ကလည်း အဆက်အစပ် မရှိ"

"အေး. . . ဟုတ်သားပဲ၊ ဆောရီးဟာ. . . ငါလောသွားတယ်။ အခု ငါက ကားမောင်းရင်း F.M နားထောင်နေတာ။ မနက်ဖြန် နှင်းဆီဖြူက Stars Online အစီအစဉ်မှာ ဖုန်းပြောမယ်တဲ့။ ငါက နင့်ကို သတိရလို့ အဲဒါလှမ်းပြောတာပါ။ ဒါပဲ. . . ဒါပဲ"

သန္တာအောင်က ပြောပြောဆိုဆို ဖုန်းပြန်ချသွားပါသည်။ ကျွန်တော်က သန္တာအောင် ပြောသွားသော စကားများကို စဉ်းစားရင်း ပုံပုံ့ကို သတိရလာမိသည်။ နှလုံးသားချင်း တည်ဆောက်ထားသော မေးခွန်းများ၌ ကျွန်တော်က သူမကို အနိုင်ရစေချင်ပါသည်။



သူမကို မေးချင်သော မေးခွန်းတချို့ကိုလည်း စိတ်ထဲမှ ကျွန်တော် ရေရွတ်လိုက်မိသည်။

အပြင်မှာ မိုးက တစ်နေကုန် ရွာနေ၏။ ကျွန်တော်တို့ နှစ်ယောက်၏ မိုးရွာထဲ လျှောက်သွားကြမယ်ဆိုသော တစ်ခါတုန်းက အိပ်မက်သည် အခုတော့ အိပ်မက်ထဲမှ အိပ်မက်သေးသေးလေး တစ်ခု ဖြစ်သွားခဲ့ပါပြီ။ ရင်ခွင်တစ်ခုလုံးမှာ အလွမ်းသည် ဆွတ်ပျံ့နေ၏။

သူမဆီမှ အနမ်းဖွဖွလေးများကို ကျွန်တော်က တပ်မက်စွာ သတိရနေမိသည့်အခါ မျက်လုံးတွေကို စုံမှိတ်ထားလိုက်ပါသည်။ အသည်းဟွဲစက်တင်ဘာသည် လုပစွာ အသက်ဝင်လာတော့သည်။

ကျွန်တော် ဂစ်တာကို လှမ်းယူလိုက်၏။ ဂစ်တာသံ တိုးတိုးလေးကို ကျွန်တော် ဖန်တီးလိုက်ပါသည်။

မရည်ရွယ်ဘဲနှင့် 'မျက်နှာချင်းဆိုင်အဖျား' သီချင်း၏ Intro ကို တီးခတ်မိလျက်သား ဖြစ်နေ၏။ ဒါသည် သူမအတွက် ဘယ်သူမှ မပေးနိုင်သော ကျွန်တော့်လက်ဆောင် ဖြစ်ပါသည်။ ကျွန်တော့်သစ္စာတရားဖြစ်ပါသည်။ ကျွန်တော်တစ်ယောက်တည်းသာ မက်နိုင်သော အပြာရောင် အိပ်မက်တစ်ခုလည်း ဖြစ်လေသည်။

❋ ❋ ❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com



မပြီးဆုံးသေးသည့် ခံစားချက်များအတွက် သူမ ဖတ်ရန် စာတစ်စောင်ကို လွှန်ခဲ့သော တစ်လခန့်က ကျွန်တော် ကြိုရေးခဲ့ပါသည်။ လွှတ်ကျသွားခဲ့သော တန်ဖိုးများကို သူမ ဝမ်းနည်းတတ်စေရန် ရည်ရွယ်လိုက်ပါသည်။

"ကြိုတင်ရေးသားထားသော ပေးစာတစ်စောင်" ဟု ကျွန်တော်က စာကို ခေါင်းစဉ် ပေးထား၏။ မမိုးကို နောက်ဆုံးအကြိမ် အကူအညီတောင်းပြီး သူမအိမ်သို့ ပို့ခိုင်းရမည်။ အကြောင်းမှာ သူမထံလာနေကျ တခြားသော မိတ်ဆက်စာများနှင့် ရောနှော ပျောက်ရှသွားမှာ စိုး၍ ဖြစ်သည်။

သူမအပေါ် ထားရှိသော မေတ္တာတရားအား နောက်ဆုံးအကြိမ် ကျွန်တော်က ပြောပြခြင်းလည်း ဖြစ်ပါသည်။

⁂ ⁂ ⁂ ⁂ ⁂

## အခန်း (၁၄)

ဆယ့်ငါးမိနစ်ခန့် တောက်လျှောက် ခေါ်နေသော City F.M တယ်လီဖုန်းက အခုမှ ဝင်သွား၍ ကျွန်တော်က တုန်လှုပ်ဖျော့ရှင်မိသွားသည်။

"တူ. . . တူ. . . တူ"

ကျွန်တော့်နားထဲတွင် 'ဟဲလို' ဆိုသည့် အသံလေးတစ်ခုက လှပစွာ စီးဝင်သွားခဲ့သည်။ တစ်ဖက်မှ ဖုန်းဖြေနေသော ကောင်မလေးသည် ပုံ့ပုံ့ဆိုတာ ဘယ်သူနဲ့ဖြစ်ဖြစ် ကျွန်တော် လောင်းရဲပါသည်။

"ပုံ့ပုံ့လားဟင်. . ."

www.burmeseclassic.com

www.burmeseclassic.com



ဟာ. . မေးလိုက်ပြီးမှ ကျွန်တော် အရမ်း စိုးရိမ်တကြီး ဖြစ်သွား၏။ တကယ်ဆို 'မနှင်းဆီဖြူပါလား' ဟုသာ ကျွန်တော်က မေးသင့်သည်။ ဒါ. . . ကျွန်တော်တို့ နှစ်ယောက်ထဲ ဖုန်းပြောနေတာ မဟုတ်။ လူတွေ အများကြီးက ဒီ Stars Online အစီအစဉ်ကို နားထောင်နေကြတာ။

သို့သော်လည်း သူမကို ရင်းနှီး ချစ်ခင်သော ပရိသတ်တွေက အိမ်နာမည် ပွံ့ပွံ့လို့ပဲ သုံးနှုန်းတတ်ကြ၏။ ကျွန်တော် စိတ်သက်သာရာ ရသွားပြီး သက်ပြင်းကို ဖွဖွလေး ချမိသည်။

"ဟုတ်ကဲ့. . . ပွံ့ပွံ့ စကားပြောနေပါတယ်"

သူမ၏ ချိုသာသော တုံ့ပြန်စကား၏ နောက်ကွယ်တွင် တစ်ခုခုကို သူမ စဉ်းစားနေခဲ့ဟန် တူပါသည်။ ဖုန်းမပြောဖြစ်တာ ကြာပြီဆိုပေမယ့် သူမဟာ ကျွန်တော့်အသံကို မှတ်မိနေပါလိမ့်မည်။

"ကျွန်တော်က ပွံ့ပွံ့ရဲ့ ပရိသတ် တစ်ယောက်ပါ"

"ဟုတ်ကဲ့ရှင့်. . . အစ်ကိုက ဘယ်ကနေ ဆက်နေတာလဲ"

"ရေကျော်ကပါ"

ကျွန်တော်က 'ဖဆပလ' အစား 'ရေကျော်' လို့ ခပ်တည်တည် ညာပြောလိုက်၏။

"ဟုတ်လား၊ ရေကျော်မှာ ပွံ့ပွံ့ အသိတွေ ရှိတယ်။ ပွံ့ပွံ့ကို အပြင်မှာ တွေ့ဖူးသလား"

သူမမေးခွန်းကို ကျွန်တော်က ပြည့်စုံအောင် ဖြေလိုက်ပါသည်။



"ကျွန်တော် ပွံ့ပွံ့ကို အပြင်မှာ တွေ့ဖူးပါတယ်"

"ရေကျော်မှာ တွေ့တာပဲလား"

"ဟင့်အင်း၊ Silver Oak ဆိုင်မှာပါ"

"ဪ"

သူမသည် ကျွန်တော် ဘယ်သူဆိုတာကို သေသေချာချာ မှတ်မိသွားခဲ့ပြီ။ သူမကပဲ ဆက်ပြောပါ၏။

"အစ်ကိုပြောတာ ဟုတ်လိမ့်မယ်။ ပွံ့ပွံ့က အဲဒီဆိုင်ကို အရင်တုန်းက ခဏခဏ ရောက်တာ"

"အရင်တုန်းကဆိုတာ လွန်ခဲ့တဲ့ နှစ်လလောက်တုန်းက မဟုတ်လား"

"အင်း. . . ဟုတ်တယ်၊ သူငယ်ချင်း တစ်ယောက်နဲ့ အဲဒီဆိုင်မှာ အမြဲထိုင်တယ်"

"ကျွန်တော် တွေ့ပါတယ်။ သခွားမွှေး ဖျော်ရည်ကို သောက်တယ်"

"ဟုတ်တယ်။ ပွံ့ပွံ့က သခွားမွှေး ဖျော်ရည်ကို ကြိုက်တယ်"

"တခြား ဘာတွေကို ကြိုက်သေးလဲ"

"လှည်းတန်းက ဒေါ်ဥထမင်းသုပ်ကို ကြိုက်တယ်။ စက္ကူငှက်ရုပ်လေးတွေကို ကြိုက်တယ်။ Pleasures ရေမွှေးနံ့ကို ကြိုက်တယ်"

သူမ၏ မမေ့သေးသော အမှတ်တရ စကားသံများတွင် ကျွန်တော် နူးညံ့စွာ ပြုံးလဲသွားပါသည်။ ကျွန်တော် ပြောလိုက်ချင်

www.burmeseclassic.com

www.burmeseclassic.com



သော စကားတွေကို ချက်ချင်း ထိန်းချုပ်လိုက်သည်။ ဒါ FM ရေဒီယို၏ Stars Online အစီအစဉ်ဆိုတာကိုလည်း သတိရမိသွား၏။

"ပုံ့ပုံ့က ဘာတွေကို မကြိုက်ဘူးလဲ"

"လိမ်တာကို မကြိုက်ဘူး"

"ဥပမာ တစ်ခုလောက်နဲ့ တွဲပြီး ပြောပါဦး"

"ဥပမာပြောရရင် ကောင်လေးတစ်ယောက်က သူမှာ ရည်းစား ရှိလျက်နဲ့ မရှိပါဘူးလို့ လိမ်ပြောတာမျိုးပေါ့"

ဘုရားရေ. . . သူမ၏စကားနှင့် လေသံသည် ကျွန်တော့်ကို ရည်ညွှန်းပြောနေသလို ထင်မိသည်။ အဲဒီအတိုင်းပဲ ကျွန်တော် ခံစားရ၏။ ကျွန်ဟော်က ပြောခဲ့ဖူးသော စကားတချို့ကိုသာ သူမအား ပုံစံတစ်မျိုးနဲ့ ပြန်ပြောပြလိုက်ပါသည်။

"လူတချို့မှာ ထူးဆန်းတဲ့ အကျင့်တွေ ရှိတတ်တယ် ပုံ့ပုံ့ရဲ့၊ အဲဒါက ဘာလဲဆိုတော့ သူတို့က သူများရဲ့ အထင်မှားခြင်းကို ရှင်းပြလေ့ မရှိကြဘူး။ 'အထင်' မှားတယ်ဆိုတာ တကယ်မှားတာ မဟုတ်လို့ပဲ။ သူများရဲ့ အထင်ဆိုတာက ဘယ်လိုဖြစ်ဖြစ် သိပ်အရေးမပါလှဘူးလေ။ ပုံ့ပုံ့နားလည်မှာပါ"

"အဲဒီစကားတွေကို ပုံ့ပုံ့သိပြီးသားပါ။ ဒီစကားတွေကို ပြောခဲ့တဲ့လူတစ်ယောက်ရဲ့ ပိပိရိရိလိမ်ခဲ့တာကို ပုံ့ပုံ့က ခံခဲ့ဖူးသူပါ။ အထင်မှားတာ လုံးဝ မဟုတ်ဘူးနော်။ သူ့ရည်းစား ကောင်မလေးကိုယ်တိုင်က ဖုန်းဆက်ပြီး ဝန်ခံပြောပြခဲ့တာ၊ ဒါပေမယ့် ပုံ့ပုံ့က သူ့ကို ခွင့်လွှတ်ပါတယ်"



ကျွန်တော့်အာရုံများသည် လေ့ကျင့်မှုတစ်ခုကဲ့သို့ 'ချိုသွယ်' ဟု ဖျတ်ခနဲ သတိရသွားပါသည်။ ဒါပေမယ့် ဒီနေရာမှာ ကျွန်တော်က သူမကို ဘယ်လိုစကားလုံးတွေ သုံးပြီး ရှင်းပြနိုင်မည်နည်း။ ပုံ့ပုံ့ သည် City FM ၏ အစီအစဉ်ဆိုတာကို မေ့ပြီး ပြောသင့်သည်ထက် ပို၍ ပြောပစ်လိုက်ခြင်းကို ကျွန်တော် သတိပေးရမည်။

"ပုံ့ပုံ့ကလည်း ဥပမာ ပြောတာဆိုပြီး ဘယ်လိုဖြစ်သွားရတာလဲ။ ခံစားချက်တွေကို လျှော့မှပေါ့"

ကျွန်တော်က နောက်ပြောင်ကာ သူမ ခံစားမှုတွေကို ပြန်ဖော့ပေးလိုက်ပါသည်။

"ဩော်. . . ဒါက ဒီလိုပါပဲ။ ပုံ့ပုံ့က စကားပြောတဲ့အခါ အိုက်တင်လုပ်သလိုပဲ Mood ပါသွားတတ်လို့ပါ ဟဲဟဲ. . . ဟဲဟဲ. . ."

သူမသည် ကျွန်တော်လမ်းကြောင်းပေးတဲ့အတိုင်း ပေါ့ပေါ့ပါးပါး လိုက်ပါလာ၏။ ပုံ့ပုံ့ကို ဘာထပ်ပြောရင် ကောင်းမလဲဟု စဉ်းစားနေဆဲ သူမထံမှ အသိအမှတ်ပြုသော စကားလုံးတွေကို ကျွန်တော် ရင်ဆိုင်ရပါသည်။

"အစ်ကိုက ပုံ့ပုံ့ကို ဖုန်းဆက်တဲ့လူတွေထဲမှာ တော်တော်ထူးခြားတယ် သိလား၊ နောက်. . . လမ်းမှာတွေ့တဲ့အခါ ပုံ့ပုံ့ကို ခေါ်ပေါ့"

"အဲဒီလို ခေါ်တော့ရော ပုံ့ပုံ့က မှတ်မိမှာ ကျနေတာပဲ"

"City FM မှာ ဖုန်းပြောခဲ့ကဲ့ ဘယ်သူပါလို့ မိတ်ဆက်ပြီး

www.burmeseclassic.com

www.burmeseclassic.com



ခေါ်ပေါ့။ အစ်ကို့နာမည်ကို ပုံ့ပုံ့ မှတ်ထားမယ်လေ. . . ပြော၊ အစ်ကို့နာမည် ဘယ်သူလဲ"

"ကျွန်တော်က အညတရ တစ်ယောက်ပါ။ ဒီတော့ အညတရလို့ပဲ ခေါ်ပေါ့"

"ဟင်. . . နာမည်ကို အညတရလို့ ခေါ်ရမယ် ဟုတ်လား၊ အံ့သြတာပဲ"

ဒါ ကျွန်တော်စွဲလမ်း မက်မောခဲ့ဖူးသော သာမန် ကောင်မလေး ပုံ့ပုံ့အစစ် ဖြစ်ပါသည်။ သူမ၏ "အံ့သြတာပဲ" ဆိုသည့် အသုံးအနှုန်းလေးမှာ ကျွန်တော်ကြိမ်ဖန်များစွာ ကျရှုံးခဲ့ဖူး၏။ သို့သော် ရိုးသားသူ ဆိုတာ ဘယ်တော့မှ မကျဆုံးဘူးဟုလည်း ကျွန်တော် ခံယူယုံကြည်ထားမိပါသည်။

"ဟုတ်ကဲ့. . . အညတရပါ"

တစ်ခါတုန်းက စိန်ပေါချာ့စ် ဝင်းကြီးထဲမှာ သူမအား ကိုယ့်ကိုယ်ကိုယ် အညတရဟု ပြောခဲ့ဖူးတာကို ကျွန်တော်က ပြန်လည်ကိုယ်စားပြုလိုက်ခြင်းလည်း ဖြစ်သည်။

"ဟုတ်ပြီလေ. . . အညတရဆိုတော့လည်း အညတရပေါ့။ ကိုအညတရ အခု ပုံ့ပုံ့တို့ ဖုန်းပြောနေတာ အချိန်စေ့လို့ ကျော်တောင်ကျော်နေပြီ။ နောက် ပရိသတ်တွေနဲ့ ဖုန်းပြောဖို့ ခွင့်ပြုပါဦးနော်"

"ဟုတ်ကဲ့. . . အခုလို ဖုန်းလက်ခံစကားပြောပေးတာကို ကျွန်တော်က ကျေးဇူးတင်ပါတယ်"



"ပုံ့ပုံ့ကလည်း အစ်ကို့လို ထူးခြားတဲ့ ပရိသတ်တစ်ယောက်ကို မှတ်တမ်းတင်ထားလိုက်ပါ့မယ်ရှင်။ တာ့တာနော်"

"ဟုတ်ကဲ့ပါ"

ဖုန်းချလိုက်ပြီးသွားသောအခါ ကျွန်တော့်စိတ်ထဲမှာ ပိန်းပိတ်အောင် မှောင်နေသည့် တံခါးတစ်ချပ် ပွင့်သွားသလို ခံစားရပါသည်။ ဘာမှန်းမသိရသော်လည်း ကျွန်တော် တစ်စုံတစ်ခုကို နားလည်မိသွား၏။ ဖုန်းပြောနေစဉ်အတွင်း သူမ၏လေသံများ၊ စကားလုံးများ၊ ခံစားချက်များ အားလုံးကို သုံးသပ်ကြည့်ရသလောက်တော့ သူမရင်ထဲမှာ ကျွန်တော် ရှိနေဆဲ ဖြစ်ပါသည်။

'ချို့သွယ်' ၏ ရည်ရွယ်ချက်က ဘာပဲဖြစ်ဖြစ် သူမက ကျွန်တော့်ကို ခွင့်လွှတ်ခဲ့သလိုပဲ ကျွန်တော်ကလည်း ချို့သွယ်ကို ခွင့်လွှတ်လိုက်ပါ၏။ ကျွန်တော်တို့နှစ်ယောက်ကြားတွင် မှားယွင်းမှု တချို့နှင့် အချက်အလက်လွဲချော်နေသော အမှန်တရား တစ်ခုတော့ ရှိခဲ့သည်။ ဒါတွေကို သူမထံ ဆက်သွယ်ကာ ရှင်းပြလျှင် ဖြစ်သော်လည်း ကျွန်တော်က ပျင်းရိသွားခဲ့ပါပြီ။

အရေးမကြီးသော အဖြစ်အပျက် တချို့မှာ တန်ဖိုးသတ်မှတ်ချက်တွေသည် ဘယ်လိုဖြစ်ဖြစ် အဆင်ပြေနေတတ်သည်။ အရေးမကြီးတာက တစ်ခု၊ အဖြစ်အပျက်က တစ်ခု၊ တချို့က တစ်ခု၊ တန်ဖိုးက တစ်ခု၊ သတ်မှတ်ချက်တွေက တစ်ခု၊ အဆင်ပြေခြင်းက တစ်ခု. . အဲသလို သပ်သပ်စီ စဉ်းစားနိုင်ရင်လည်း ကောင်းပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"တူ. . . တူ. . . . တူ"

တယ်လီဖုန်းမြည်လာ၍ ကျွန်တော် ကောက်ကိုင်လိုက်၏။

"ဟုတ်ကဲ့. . . အမိန့်ရှိပါခင်ဗျာ"

"ကိုထူးလား အစ်မပါ"

"ဪ. . . မမိုး"

"အေး. . မင်း ပုံပုံကို ပေးခိုင်းတဲ့စာကို အစ်မ အခုလေးတင် ပုံပုံတို့ အိမ်ကို သွားပေးလိုက်တယ်။ ဒါပေမယ့် ပုံပုံတော့ မရှိဘူး။ City FM မှာ ဖုန်းဖြေဖို့ သွားတယ်တဲ့။ အဲဒါနဲ့ ပုံပုံ့ရဲ့ လူယုံ ကောင်မလေး ဖြူသဲကို ဘယ်သူမှ မမြင်အောင် ပေးခဲ့တယ်။ ဖြူသဲ က စိတ်ချရပါတယ်။ ပုံပုံ့လက်ထဲ တန်းရောက်မှ. . . မပူနဲ့"

"ကျေးဇူးပါပဲ မမိုးရယ်. . . တကယ်ပါ"

"ရပါတယ်ကွာ. . . ကဲ ဒါပဲလေ ကိုထူး၊ အစ်မလည်း အပြင်က ပြန်ရောက်လာတာဆိုတော့ အဝတ်လဲပြီး ရေချိုးချင်သေးလို့"

"ဟုတ်ကဲ့. . . မမိုး ဒါပဲနော်"

ကျွန်တော် သဘောကျကာ ပြုံးမိ၏။ ပုံပုံ့တစ်ယောက် ကျွန်တော့်စာကို ဖတ်ပြီးတဲ့အခါ ဘယ်လို ခံစားရမလဲ။ ကျွန်တော် သိချင်သည်။ အရာအားလုံးက နေသားတကျ ရှိနေဆဲမှာ ကျွန်တော် နှင့် သူမကြားသို့ အလင်းကန့်လန့်ကာ တစ်ခုက ကျရောက်လာခဲ့ခြင်း ဖြစ်လေသည်။



အရင်က မျှော်လင့်ခဲ့ဖူးသော ကျွန်တော်တို့ နှစ်ယောက်၏ အဆုံးသတ်လို သူမက လေယာဉ်ပျံကြီး စီးပြီး ရေခြားမြေခြားကို ထွက်ခွာသွားခြင်းမှာ ဒဏ်ရာသစ်ပင်တွေကို စိုက်ပျိုးထားခဲ့တာ သက်သက် ဖြစ်နိုင်သည်။ ထိုသစ်ပင်တွေ ရင့်သန်ကြီးထွားလာကြလျှင် ကျွန်တော် တို့ပဲ ပိုခံစားကြရလိမ့်မည်။ (သို့မဟုတ်) ပျက်စီး သေဆုံးသွားခဲ့လျှင် လည်း ကျွန်တော်တို့ပဲ ဝမ်းနည်းကြေကွဲကြရလိမ့်မည်။ အခုဆို စိတ် ထဲကတောင် နှုတ်ဆက်စရာ မလိုဘဲ ဝေးကွာခြင်းမှာ လှပခဲ့ပါသည်။

သူမအတွက် ကြိုတင် ရေးထားသော စာတစ်စောင်ကို ဒီည တော့ သူမဖတ်ရတော့မည်။ ရယ်စရာ ကောင်းသော်လည်း 'ပြန်ဆုံ တွေ့ချိန်' ဆိုသည့် မျှော်လင့်ချက် ငွေ့ငွေ့ကလေးမှာ ကျွန်တော် အိပ် မက်နေချင်သည်။ ဉာဏ်ပညာဖြင့် ဖန်တီးထားသော စာမျက်နှာပေါ် တွင် 'အချစ်' ဆိုသည့် ခံစားမှုကို ပုံနှိပ်ရန် ကျွန်တော် သတ္တိရှိချင် သည်။

လိပ်ပြာတောင်ပံခတ်သံများကြားမှ ကျွန်တော့်အလွမ်းတွေကို သူမက မျဉ်းတား၍ ပိတ်ပစ်ခဲ့ပြီ။ ဒါကိုပဲ ကျွန်တော်တို့က သစ္စာတရား လို့ နာမည်ပေးလိုက်ကြပါစို့။

⁂

www.burmeseclassic.com

www.burmeseclassic.com

## ကြိုတင်ရေးသားထားသော ပေးစာတစ်စောင်

ကောင်းကင်ရဲ့ ပြာလွင်တဲ့ မိုးသားတွေထဲမှာ မင်းကိုများ တွေ့ရမလားလို့ ငေးရှာနေမိတယ်။ ရယ်စရာပည်း ကောင်းပါရဲ့။ မင်းက လေယာဉ်ပျံမှ မဟုတ်ဘဲနော်။ ကိုယ် ဘယ်တွေ့မလဲ။ ငှက်တစ်အုပ်က ကိုယ့်ကို လှောင်ပြောင်ပြီး ပျံသန်းသွားကြတယ်လို့ ထင်တယ်။

မင်းကို ဆုံးရှုံးရပြီလို့ အခုထိ ကိုယ် လက်ခံလို့ မရသေးဘူး။ တစ်ချိန်ချိန်မှာ ဒီလိုမျိုး အဆုံးသတ်ရလိမ့်မယ်ဆိုတာ ကိုယ် ကြိုသိပြီးသားပါ။ ကြိုသိနှင့်ပြီးသား ကိစ္စတစ်ခုကို တကယ်တမ်း လက်တွေ့ကြုံလာတဲ့အခါ မဖြစ်သင့်မှန်း သိပေမယ့် တုန်လှုပ်နေမိတယ်။ ကိုယ်က လူညံ့ပါ။ မင်းပြောသလို ညံ့ဖို့ အခုမှ စနေတာ မဟုတ်ဘူး။ မင်းနဲ့ စ,ပတ်သက်ခဲ့ကတည်းက ကိုယ်ဟာ ညံ့ခဲ့တာ။ မညံ့သေးရင်လည်း အညံ့ခံချင်ခဲ့တာပါ။

www.burmeseclassic.com

www.burmeseclassic.com



ပြီးခဲ့တဲ့ ဖေဖော်ဝါရီ (၁၄) က စလို့ ကိုယ်တို့နှစ်ယောက်ရဲ့ အရာရာဟာ တစ်ခုမှ မချောမွေ့ဘူးဆိုတာ မင်းအသိပဲ။ ဘာလို့များ ကိုယ်ဟာ မဖြစ်နိုင်တဲ့ အရာတစ်ခုကို စွဲလမ်းနေရတာပါလိမ့်။ ကိုယ် ရူးနေတာပဲ ဖြစ်မှာပါ။ ဒီစကားကို မင်း ကြားရင် 'သူ့လိုပဲ တို့လည်း ရူးနေတာ' လို့ လိုက်ပြောဦးမယ်။ ဟုတ်တယ်မှတ်လား၊ သိတာပေ့ါ။ ဒီလို သေးသေးမွှားမွှားလေးကအစ တစ်ယောက်ရဲ့ ဂုဏ်သိက္ခာကို တစ်ယောက်က ကာကွယ်ပေးကြတဲ့အထိ နှစ်ယောက် တိုင်ပင်စရာ မလို့ဘဲ အလိုလို သိခဲ့ကြတာလည်း အံ့ဩထူးဆန်းပါရဲ့။ ကိုယ်ဟာ တကယ်ပဲ မင်း ဘာဖြစ်နေသလဲ၊ မင်း ဘာလိုအပ်နေသလဲဆိုဘာ သိနေခဲ့တယ်။

မတွေ့ဖြစ်တဲ့ နေ့ရက်မှာတောင် ညဆို ဖုန်းတွေ ပြောပြီး တစ်နေ့တာ အတွေ့အကြုံတွေကို ပြောပြကြတာ ပြန်တွေးကြည့်ရင်သတိရ စရာတွေချည်းပဲ။

Silver Oak Cafe၊ ဧပရယ်ဖူးမနက်ခင်း၊ YES အင်္ဂလိပ်စာ သင်တန်းရှေ့၊ လှည်းတန်းက ဒေါ်ဥထမင်းသုပ်၊ သထုံဆောင်ရှေ့က ထိုင်ခုံ အဟောင်းလေး၊ စိန့်ပေါလ် Church၊ ပြီးတော့ ကိုယ်တို့ လျှောက်သွားခဲ့ကြတဲ့ ပလက်ဖောင်းတွေ. . . အားလုံးဟာ အိပ်မက် တွေလား။ မဟုတ်ပါဘူး. . . ဒါ တကယ်ပါ။ မင်း ကိုယ့်ကို ချစ်တယ် ဆိုတာ ကိုယ် သိပါတယ်။ ဒါပေမယ့် ကိုယ်က ဒါထက်ပိုပြီး မင်းဟာ ရူးရူးသွပ်သွပ် ကိုယ့်ကို ချစ်နေပါတယ်လို့ ကိုယ့်စိတ်ကိုယ် လှည့်စား



ထားမိတယ်။ ခဏတော့ သာယာတာပေါ့လေ။ တကယ်တမ်း ကြာ ရှည်ကျတော့ ကိုယ်ပဲ ပိုခံစားရတာပေါ့။

မင်းနဲ့ ပတ်သက်လို့ အပြင်မှာ ကြားနေရတဲ့ သတင်းတွေက တော်ရုံတန်ရုံ ခံနိုင်ရည်နဲ့ဆို ပြာကျသွားနိုင်တယ်။ ကိုယ်က ဒါတွေ အားလုံးကို မင်းရဲ့ သေသပ်တဲ့ အကြည့်လေး တစ်ချက်လောက်နဲ့ မေ့ပစ်ခဲ့ပါတယ်။ မင်းနဲ့ အတွင်းကျကျ ပတ်သက်လာလေ အဲဒီ သတင်းတွေဟာ ဘယ်လိုမှ မဟုတ်နိုင်ဘူးဆိုတာ ထင်ရှားလေပဲ။ ကိုယ့်မှာ မင်းအတွက် စိတ်မကောင်း ဖြစ်ရုံက လွဲပြီး ဘာတတ်နိုင် မှာလဲ။ တစ်လောကလုံးက လူတွေကို မင်းဟာ ဒီလို မိန်းကလေးမျိုး မဟုတ်ပါဘူးလို့ ကိုယ် ဘယ်လိုလိုက်ရှင်းပြနိုင်ပါ့မလဲကွာ။ အမှန် တရားဆိုတာ လူသိများစရာ မလိုဘူးဆိုပေမယ့် ကိုယ် ခံပြင်းတာပေ့ါ။ ကိုယ် အရမ်းချစ်နေမိတဲ့သူမှ ဒီလို သတင်းတွေနဲ့ နာမည်ဆိုး ရတယ်လို့။ တကယ်ဆို ကိုယ်လည်း အချစ်နဲ့ ပတ်သက်ရင် နာမည် ပျက်နဲ့ ကောင်ပါ။ ရှုပ်တယ်လို့ ကောင်မလေးတွေ ကြားထဲမှာ ပြောစမှတ် ပြုကြပါတယ်။ ဒါကလည်း အမှန်တစ်ဝက်၊ ကောလဟာလ တစ်ဝက် စကားတွေမို့ နည်းနည်းတော့ စိတ်ပျက် စရာပဲ။

ဒီလို ကိုယ်မကောင်းဘူးဆိုတာ သိရက်နဲ့တောင် သူငယ်ချင်း တွေက မင်းနဲ့ ဆက်မပတ်သက်ဖို့ ဝိုင်းပြောကြတယ်။ သူတို့ကတော့ သူငယ်ချင်းသံယောဇဉ်ပေ့ါလေ။ ကိုယ်ကတော့ သူတို့ကိုမင်းက သူတို့

www.burmeseclassic.com

www.burmeseclassic.com



ထင်သလို မဟုတ်ကြောင်း ဖြေရှင်းနေမိတယ်။ ဒီလို အခြေအနေတွေ ကြားထဲမှာပဲ လူတွေက ကိုယ်တို့နှစ်ယောက်အကြောင်းကို ပြောကုန် ကြပြီ။ ကိုယ့်မိဘ အသိုင်းအဝိုင်းကလည်း ဒီကိစ္စကို သဘောမကျ ကြောင်း ကိုယ့်ကို သွယ်ဝိုက်ပြီး ပြောကြတယ်။ ခါတိုင်းဆို သူငယ်ချင်း တွေရော၊ မိဘဆွေမျိုးတွေကပါ ကိုယ့်ဘက်မှာ မရှိဘူး။ သူတို့ မသိတဲ့ ကိုယ်နဲ့ပတ်သက်မှ သိခွင့်ရတဲ့ ကောင်မလေးဘက်ကနေပြီး "ဒီကောင့် အကြောင်း မသိသေးလို့၊ ကောင်မလေးသနားပါတယ်" အစ ရှိသဖြင့် ဝါကျမျိုးတွေသာ ပြောတတ်တာပါ။ အခု မင်းနဲ့ကျမှ သူတို့ရဲ့ ဆိုးမိုက် ပေတေနေတဲ့ သူငယ်ချင်းကို၊ သားကို၊ တူကို နှမြောကြပါသတဲ့။ မင်း ရဲ့ ကုသိုလ်ကံကိုက ဒီအတိုင်းပဲ ဖြစ်လာခဲ့ပါရဲ့။ သူတို့ရဲ့ ကန့်ကွက် စကားတွေကို ကြားရင် ကိုယ်ကတော့ ကြည်အေးရဲ့ 'တမ်းတတတ် သည်' ဝတ္ထုထဲက အတွေးကို ပြေးသတိရတော့တာပဲ။

ဟုတ်တယ်။ လူတွေရဲ့ အသိတရားကို ဖြောင့်တန်းပွင့်လင်း သာအောင် လုပ်ဖို့ ကိုယ် မတတ်နိုင်တာ အမှန်ပါ။ သူတို့တွေရဲ့ အစွဲ အလမ်းကြီးမှုနဲ့ အရာရာကို ယုံကြည်လွယ်တာကိုလည်း အံ့သြမိတယ်။ ကာမှမဟုတ်တဲ့ အခြေအနေတချို့မှာ လူတွေအကြောင်း တွေးကြည့် ရင် စိတ်ညစ်စရာလည်း ကောင်းတယ်။ ရယ်စရာလည်း ကောင်း တယ်။ ပျင်းစရာလည်း ကောင်းတယ်။

ဘဝဆိုတာကြီးကို ကိုယ်တို့က ဘယ်လောက်အထိ ဟာသလုပ် နိုင်မှာလဲ။ လူတွေမျိုးစုံ၊ အကြောင်းအရာတွေမျိုးစုံ၊ အခြေအနေတွေ



မျိုးစုံ . . . တို့တွေ ဘယ်လိုဖြစ်ဖြစ် တစ်ယောက်ရဲ့ အနီးဆုံးမှာ တစ် ယောက် ရှိနေနိုင်ခဲ့ပြီ။ ဒါပေမယ့် တစ်ချိန်တည်းမှာပဲ တစ်ယောက်ကို တစ်ယောက် မကူနိုင်အောင် အဝေးကြီးကို လွင့်စင်ခဲ့ကြတယ်။ ရက် စက်ခြင်းရဲ့ နေ့ညတွေကြောင့် ကိုယ့်ရင်တစ်ခုလုံး ပြန်ဆက်လို့ မရ တော့လောက်အောင် ကျိုးကြေပျက်စီးနေရဲ့။ ကိုယ်တို့ကြားမှာ ဘယ်သူတွေကများ ကျိန်စာတိုက်ထားကြပါလိမ့်။

တစ်ယောက်ယောက်ဟာ ကိုယ်တို့ကို နှောင့်ယှက်နေပြီလို့ သိ လိုက်ရတဲ့အချိန်မှာ မင်းကပဲ စိတ်အေးအေးထားဖို့ နားချတယ်။ ထား လိုက်ပါတယ်။ ကိုယ် ခွင့်လွှတ်ခဲ့ပါတယ်။ ကိုယ်သိတဲ့ ရန်သူကိုရော၊ ကိုယ်မသိတဲ့ ရန်သူကိုပါ မင်းကြောင့် ကိုယ် သဘောထားကြီးပေးခဲ့ တယ်။ အရင်ကဆို ကိုယ် အဲဒီလို မဟုတ်ဘူး။ ကိုယ် ဘာကြောင့် ပြောင်းလဲသွားတယ်ဆိုတာကို မင်း သိစေချင်လိုက်တာ။ အခု မင်း စကားတွေက ကိုယ့်နားထဲမှာ ပဲ့တင်နေရဲ့။ ဘာတဲ့ . . . သူသေရင် တို့ပါ လိုက်သေပေးမယ်လေတဲ့၊ တစ်ခုခုကို လုပ်တော့မယ်ဆိုရင် တို့ မျက်နှာလေးကို မြင်ယောင်ပေးပါတဲ့။ ငယ်ငယ်ကတည်းက တစ်ခါမှ ကံမကောင်းခဲ့တဲ့အတွက် သူနဲ့ပတ်သက်ပြီး တို့ကံကောင်းချင်တယ်တဲ့၊ . . . တဲ့၊ . . . . တဲ့။

ပြန်ကြားမိတိုင်း ကိုယ် မျက်ရည်ဝဲရတယ်။ စိတ်ချပါကွာ၊ ဘယ် လိုဘဝရောက်ရောက်၊ ဘယ်လို အနေအထားဖြစ်ဖြစ် ကိုယ် မင်း ကို ကာကွယ်ပေးထားမှာပါ။ ဒါ မင်းပြောစရာတောင် မလိုဘူး။ ကိုယ် က သိတတ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ချိန်ချိန် ဘဝကြေး လောင်းကစားရတဲ့အခါ မင်းမှာ ခံနိုင်ရည် ရှိပါစေ။ မင်းအတွက် လိုအပ်လို့သာ ဒီဆုကို ကိုယ်တောင်းပေးရတာ။ မင်းဆီမှာ အဲဒီလို ခံနိုင်ရည်တွေ ရှိပြီးသားဆိုတာ ကိုယ် သိပါတယ်။ ပြီးတော့ ကိုယ် မင်းကို ယုံတယ်။ မင်းဟာ တစ်ချိန်မှာ ဖြစ်ချင်တာတွေ၊ မျှော်မှန်းထားတာတွေကို သေချာပေါက် ဖြစ်မယ့် မိန်းမတစ်ယောက်ပါ။

ဝေးသွားတဲ့အခါ ဒီယုံကြည်မှုနဲ့ပဲ ကိုယ်က မနက်ဖြန်တွေကို ခရီးဆက်ရမှာလေ။ မင်းရဲ့ ထားရစ်ခဲ့ခြင်းမှာ ပြန်ဆုံမယ့်ရက်တွေကို စောင့်နေရသူတစ်ယောက်၊ ဒါမှမဟုတ် ဘာကိုမှ မမြင်နိုင်တော့လောက်အောင် မိုက်ကန်းရူးသွပ်နေသူ တစ်ယောက်ပေါ့။ ရတယ်. . ကိုယ်ကျေနပ်တယ်။ ဒါပေမယ့် စကားလုံးတွေနဲ့တော့ ကိုယ့်ကို မနှစ်သိမ့်ပါနဲ့။ ချိုသာမှုတွေ မလိုအပ်ဘူး။ ပြတ်သားတတ်အောင် ရိုင်းရိုင်းပြောပါကွာ။

ကြွယ်ဝသော ချစ်ခြင်းနဲ့ ငလျင်တစ်ခုအကြောင်းကို ကိုယ်ဟာ အကြာကြီး မှတ်မိနေပါလိမ့်မယ်။ ဖြစ်နိုင်ရင် နောင်လူသား သမိုင်းအထိ ဒဏ္ဍာရီပုံပြင်တစ်ခုလို ကိုယ်က ထားရစ်ခဲ့ချင်တာ။ ဒီပုံပြင်လေးကို ကိုယ်တို့က နောက်ထပ်ဘဝတွေမှာ ကလေးပေါက်စလေးတွေ ပြန်ဖြစ်ပြီး နားထောင်ခွင့် ရချင်တယ်။ အဲဒီကျရင် မင်းက ကောင်လေးတစ်လှည့်ဖြစ်၊ ကိုယ်က ကောင်မလေးပေါ့။ ရယ်စရာကြီး ဖြစ်မှာပဲနော်။ ပုံပြင်ထဲက လူတွေကို အဲဒီကောင်လေးနဲ့ ကောင်မလေးက ဟားကြမှာပဲ။



တကယ်တော့ လူတွေဟာ ပုံပြင်တွေ၊ စိတ်ကူးတွေ၊ စွဲလမ်းစရာ အဖြစ်အပျက်တွေမှာ မတော်တဆ ငြိတွယ်နေမိတတ်ကြတယ်။ အဲဒီထဲမှာမှ မင်းဟာ ကိုယ့်အတွက် လှပတဲ့ မတော်တဆမှု တစ်ခု ဖြစ်ခဲ့ပါတယ်။

ကိုယ်တို့နှစ်ယောက်ရဲ့ အမှတ်တရတွေဟာ ကမ္ဘာကြီး ရှိနေသမျှ ဘယ်တော့မှ မပြီးဆုံးဘူး။ မင်းပေးထားတဲ့ ပန်းရောင်စာအိတ်လေးတွေမှာ မမြင်ရတဲ့ မင်းရဲ့ မှော်တွေကို ကိုယ် ခံစားရတယ်။ မင်းကို ရည်ရွယ်ပြီး ကိုယ်ရေးထားတဲ့ ‘အချစ်အကြောင်း’ ကဗျာတွေမှာလည်း ကိုယ့်ရင်ထဲက တွင်းထွက်တွေကို မင်း မြင်ရမှာပါ။ တစ်ယောက်ရင်ထဲမှာ တစ်ယောက် ရှိတယ်ဆိုတာ သေချာမှ ကျန်တဲ့ အရာတွေကို ရင်ဆိုင်သင့်တယ် ထင်တာပဲ။ ကြွေလွင့်လွယ်တဲ့ စိတ်ကူး၊ စိတ်သန်းတွေနဲ့ ခံစားချက်ဟာ ထပ်တူကျဖို့လည်း ကိုယ် မမျှော်လင့်ချင်တော့ပါဘူး။

ဟိုးအရင်ကတည်းက ကိုယ်ဟာ သူများတွေရဲ့ အထင်အမြင်ဆိုတာကို ဂရုစိုက်လေ့ မရှိတာ ရင်းနှီးသူတွေ သိကြပါတယ်။ လူပြိန်းတွေ ကိုယ့်ကို လက်ခံယုံကြည်လာအောင်လည်း ရှင်းပြလေ့ မရှိဘူး။ သူများ သဘောကျအောင် မနေတတ်ဘဲ ယုံကြည်သလိုသာ နေခဲ့တယ်။ မင်းနဲ့တွေ့တော့ မင်းဟာ အဲဒီလိုစိတ်ရှိတဲ့ ကောင်မလေးမှန်း ကိုယ်တခဏအတွင်း သိခဲ့ရတယ်။ ကိုယ်နဲ့ တူလိုက်တာဆိုပြီး ပျော်သွားတာပေါ့။ အဲဒီအချိန်က စလို့ နောင်ပတ်သက်မှုများစွာအထိ

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တို့နှစ်ယောက်ဟာ တစ်သားတည်း ဖြစ်နေခဲ့တယ်။ ထားပါတော့လေ၊ အခု ကိုယ်ပြောချင်တာက မြတ်နိုးမိတဲ့ နှလုံးသားတစ်ခုအကြောင်းမျှသာ ဖြစ်ပါတယ်။

ကိုယ် မရှာဖွေတဲ့ ဘဝအဓိပ္ပာယ်နဲ့ ကိုယ်ရှာဖွေနေတဲ့ သစ္စာတရားဟာ အခုတော့ ရယ်စရာကောင်းသွားခဲ့ပါပြီ။ ကြိုးပြတ်သွားတဲ့ စွန်ခလေးလိုမျိုးကိုယ်ဟာ လွင့်ချင်ရာလွင့်၊ မျောချင်ရာမျော၊ ငြိချင်တဲ့ သစ်ပင်မှာ ငြိပြီး ကျချင်တဲ့ မြေပြင်ပေါ် ကျသွားရတာ အရသာ ရှိလှပါတယ်။ ဒါဟာ ကိုယ့်အတွက် ဘာမျှော်လင့်ချက်မှ မထားတဲ့ မင်းနဲ့ ကိုယ်ရဲ့ ဆက်ဆံရေးပဲ ဖြစ်ပါတယ်။

ငြိမ်းချမ်းလိုက်တာ။ ဒီလိုစိတ်မျိုးနဲ့ ရှင်သန်နိုင်အောင် လေ့ကျင့်ပေးခဲ့တဲ့ မင်းကို ကိုယ် အရမ်းကျေးဇူးတင်ပါတယ်။ ဒါပေမယ့် ဝမ်းနည်းနေတဲ့ ရင်ခွင်ကို ကိုယ် ဘယ်လို နှစ်သိမ့်ရမလဲဟင်။

ကိုယ်တို့ ချစ်တယ်ဆိုတာ ရောင့်ရဲနိုင်ခြင်း တစ်မျိုးပဲ ဖြစ်ရမှာပေါ့။ အလွမ်းတွေက ဆူးတစ်ချောင်းလို ချွန်မြနေပေမယ့် မင်း ရင်ထဲမှာ ကိုယ် ရှိနေတယ်ဆိုတဲ့ အသိနဲ့ ကြည်နူးလိုက်ရတာကွာ။ ရက်စက်တဲ့ ဝေးကွာခြင်းကို ကိုယ်ဟာ ဒီစိတ်နဲ့ပဲ ကြိုတင် ပြင်ဆင်ခဲ့ပါရဲ့။

မင်းကတော့ 'အံ့ဩတာပဲ' လို့ ပြုံးပြီး ပြောဦးမလားပဲ။

ထူးလွင်ကို

## အခန်း (၁၅)

စက်တင်ဘာမိုးစက်များက ဖွဲဖွဲလေး ရွာကျနေ၏။ ဘာသာပြန်မရသည့် အေးစက်မှု တစ်ခုက ထူးဆန်းစွာ ကျွန်တော့်ကို လွှမ်းမိုးထားပါသည်။ မိုးစိုနေသော ပုံပြင်တစ်ပုဒ်က အခုတော့ စုတ်ပြဲပြီးဆုံးသွားခဲ့ပြီ။ ပုံပြင်တွေကို စွဲလမ်းတတ်သူတစ်ယောက်အဖို့ ဝမ်းနည်းစရာ သတင်းပါ။

ဘဝ၏ ကြေးစားဆန်သော နေ့ရက်တွေမှာ စကားလုံးများရဲ့ တန်ဖိုးကို သတ္တိရှိရှိ စဉ်းစားတွေးခေါ်ရန် အားလုံးတာဝန်ရှိကြပါသည်။ ကျွန်တော်နှင့် သူမသည် သတ္တိရှိသော စဉ်းစားတွေးခေါ်မှုများ အချိန်တွေ အကြာကြီး မျက်နှာချင်းဆိုင်ခဲ့ဖူး၏။ အနီရောင်ကတ္တီပါလို သံယောဇဉ်တွေကလည်း ကျွန်တော်တို့ကြားမှာ စည်းကမ်းရှိသော စိန်ခေါ်ခြင်း တစ်မျိုး ဖြစ်ခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



မိုးထဲ၌ လှုပသော တစ်စုံတစ်ရာသည် စီးမျောကွယ်လွင့်သွား၏။ မိုးစက်မှုန်များကို ကျွန်တော်က အဓိပ္ပာယ်မရှိ ငေးနေမိသည်။

ခရီးတချို့သည် ပကတိ ရိုးသားမှုဖြင့် သွားမှ ရောက်ပါသည်။ ကျွန်တော်တို့နှစ်ယောက်မှာ ထိုကိစ္စကို စောပြီး သိခဲ့သူနှင့်နောက်ကျမှ သိခဲ့သူ ဟူ၍ ကွာခြားခဲ့ကြ၏။

မိုးသည် ပိုမို သည်းထန်လာသည်။ တဝေါဝေါ မြည်နေသော မိုးသံများကြားမှာ 'ဝေးကြပြီ' ဆိုသော အသိက ကျွန်တော့်မှတ်ဉာဏ်ကို နာကျင်စေသည်။ ခဏကြာတော့ မိုးက ပြန်တိတ်သွား၏။ မာယာများသော မိုးသားတွေသည် ဒီလိုတော့လည်း ကြည့်၍ ကောင်းလှသည်။

ကျွန်တော်က ဒီနေ့ကမ္ဘာကြီး၌ ကျော်ကြားနေသော အနက်ရောင် စက်တင်ဘာ၏ ရက်စွဲများမှာ ခပ်တည်တည် အသည်းကွဲလျက် ရှိပါသည်။ ကျေးဇူးပြု၍ ဒါကို ဘယ်သူမှ မသိပါစေနှင့်။ အထူးသဖြင့် နှုတ်ခမ်းမှာ လိမ္မော်ရနံ့ သင်းနေသော ကောင်မလေးအား မသိပါစေနှင့်။ ။

လေးစားစွာဖြင့် -

ဝေမှုံးသွင်

BURMESE CLASSIC .com

www.burmeseclassic.com